# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# နဝမနေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | စေတုတ္တရာမြို့နယ်မြောက်ပိုင်း မုန်းချောင်း အနောက်ဘက်ကမ်းရှိ သွားလာရေးခက်ခဲသော ကျေးရွာ ၁၉ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် မုန်းချောင်းအားဖြတ်၍ ကြိုးတံတား သို့မဟုတ် ဘေလီတံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း | ၄ |
| ၆ | ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)ကို ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတား(တာဆန်း) သည် မူလကြိုးတံတားဖြစ်ခြင်း၊ ခံနိုင်ဝန် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန်(၇၀) ခံခိုင်ဝန်ရှိသည့် အဆင့် မြင့်သံကူကွန်ကရစ်တံတားတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | လေရှီးမြို့နယ်၏ အဓိကပင်မလမ်းကြောင်းဖြစ်သော ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်လမ်းကြောင်းပေါ်ရှိ ထမံသီ ချင်းတွင်းမြစ်ကူးတံတားအား မည်သည့်ခုနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၉ |
| ၈ | အိမ်မဲမြို့နယ်ရှိ ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းကို ရာသီ မရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း | ၁၁ |
| ၉ | ရခိုင်ပြည်နယ်(မင်းပြား-မြေပုံ)မြို့ရွာချင်းဆက်လမ်းအား ကြပ်စင်တံတား ဖွင့်လှစ်ပွဲအမီ ကတ္တရာလမ်း အပြီး ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၁၀ | ရမ်းဗြဲမြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက် လျက်ရှိသောလမ်းများမှာ နိုင်ငံတော်မှ ဘဏ္ဍာငွေ များစွာ ချပေးထားပါလျက် မော်တော်ကားများ ရာသီမရွေး သွားလာ၍ | ၁၅ |

မရအောင် ပျက်စီးနေမှုများအား မည်သို့ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စုမှ ကုလားရောင်ကျေးရွာအုပ်စုအထိ ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ခြင်းနှင့် မြေနီကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၉

၁၂ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှု လက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း ၂၁

၁၃ တိုင်ကြားစာနှင့် အကူအညီတောင်းခံသည့် ကိစ္စရပ်များအား ဆောင်ရွက်ထားရှိမှု အခြေအနေ ၂၇

၁၄ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ၃၂

၁၅ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များက လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၂

၁၆ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၆

၁၇ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာများ အားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ် သာယာလှပစေရန် စနစ်တကျ အမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မျှတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာသတ်မှတ် ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်း လမ်းညွှန်ချက်တစ်ရပ်အဖြစ်သတ်မှတ် ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၇

၁၈ ဦးစိုင်းပေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၆၁
၁၉ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၆

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## နဝမနေ့ အစီအစဉ်

## [ ၄–၁၂–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ် မြောက်ပိုင်း မုန်းချောင်းအနောက်ဘက်ကမ်းရှိ သွားလာရေးခက်ခဲသော ကျေးရွာ(၁၉)ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် မုန်းချောင်းအားဖြတ်၍ ကြိုးတံတား သို့မဟုတ် ဘေလီတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတား (တာဆန်း) သည် မူလကြိုးတံတားဖြစ်ခြင်း၊ ခံနိုင်ဝန် ကန့်သတ်ချက်ရှိခြင်း တို့ကြောင့် တန်(၇၀)ခံနိုင်ဝန်ရှိသည့် အဆင့်မြင့် သံကူကွန်ကရစ် တံတားတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်ငွေး၊ လေရှီး မဲဆန္ဒနယ်၏ **လေရှီးမြို့နယ်၏ အဓိက ပင်မလမ်းကြောင်းဖြစ်သော ထမံသီ–လေရှီး–အိန္ဒိယ နယ်စပ်လမ်းကြောင်းပေါ်ရှိ ထမံသီ ချင်းတွင်း မြစ်ကူးတံတားအား မည်သည့်ခုနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **အိမ်မဲမြို့နယ်ရှိ ညောင်ကုန်းချောင်းဖျား–သရက်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်(မင်းပြား–မြေပုံ) မြို့ရွာချင်းဆက်လမ်းအား ကြပ်စင်တံတား ဖွင့်လှစ်ပွဲအမီ ကတ္တရာလမ်းအပြီး ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများမှာ နိုင်ငံတော်မှ ဘဏ္ဍာငွေများစွာ ချပေးထားပါလျက် မော်တော်ကားများ ရာသီမရွေး သွားလာ၍ မရအောင် ပျက်စီးနေမှုများအား မည်သို့ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စုမှ ကုလားရောင်ကျေးရွာအုပ်စုအထိ ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ခြင်းနှင့် မြေနီကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာ သတ္တုတွင်း နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာ သတ္တုတွင်း နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က တင်သွင်းသည့် **"အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီ သန့်ရှင်း သပ်ရပ်သာယာလှပစေရန် စနစ်တကျအမှိုက် သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက် မျှတစေမည့် အမှိုက် စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာသတ်မှတ်ဖော်ဆောင်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်း လမ်းညွှန်ချက်**

**တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ခ) ဦးတင်လှ၊ ခနုဖြူ မဲဆန္ဒနယ်၊

(ဂ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၊

(င) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(စ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ည) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၊

(ဋ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဌ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(ဍ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(ဎ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## နဝမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
## (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၂ ရက်၊

(၂) ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်(ခ)ဆလိုင်းရန်းဗယ် ခွင့် ၂ ရက်၊

(၃) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၂ ရက်၊

(၄) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၂ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နေဝင်း ခွင့် ၂ ရက်၊

(၆) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၂ ရက်၊

(၇) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊

(၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၂ ရက်၊

(၉) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၁ ရက်၊

(၁၀) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၁၁) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့်၄ ရက်၊

(၁၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၃) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၁၄) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၁၁ ရက်၊

(၁၅) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် ခွင့် ၄ ရက်၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၄ ရက်၊

(၁၇) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊

(၁၈) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၂၈ ရက်၊

(၁၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရွှားမီး ခွင့် ၄ ရက်၊

(၂၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၄ ရက်၊
(၂၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၂၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊
(၂၄) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၉ ရက်၊
(၂၅) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၄ ရက်၊
(၂၆) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၇ ရက်၊
(၂၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၄ ရက်၊
(၂၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၁ ရက်၊
(၂၉) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၂ ရက်၊
(၃၀) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၄ ရက်၊
(၃၁) ဖာပွန်မဲဆန္ဒနယ်မှ ဦးထွန်းမြအောင်(ခ)ဦးစောထွန်းမြအောင် ခွင့် ၄ ရက်၊
(၃၂) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊
(၃၃) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၁ ရက်၊
(၃၄) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊
(၃၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၃၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၃၇) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊
(၃၈) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၄ ရက်၊
(၃၉) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၂ ရက်၊
(၄၀) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊
(၄၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၄၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊
(၄၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်နှင့်
(၄၄) ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ

မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စေတုတ္တရာမြို့နယ်မြောက်ပိုင်း မုန်းချောင်း အနောက်ဘက်ကမ်းရှိ သွားလာရေးခက်ခဲသော ကျေးရွာ ၁၉ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် မုန်းချောင်းအားဖြတ်၍ ကြိုးတံတား သို့မဟုတ် ဘေလီတံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ တပွင်ကျေးရွာနှင့် ဒွေးကုန်းကျေးရွာအကြား မုန်းချောင်းကို တံတားထိုးပေးဖို့နဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ စေတုတ္တရာမြို့နယ် ဟာ မကွေးတိုင်းဒေသကြီးရဲ့အနောက်ဘက်အစွန်မှာတည်ရှိပြီးတော့ အနောက်ဘက်မှာ ရခိုင်ရိုးမ တောင်တန်း၊ အရှေ့ဘက်မှာ နွားမတောင်တန်း၊ အနောက်မြောက်ဘက်မှာ ချင်းပြည်နယ်တို့နှင့်ထိစပ် နေတဲ့ တောင်ကုန်းတောင်တန်းထူထပ်လာတဲ့ဒေသပါ။ ၁၉၆ မိုင်ရှည်လျားတဲ့ မုန်းချောင်း(ခေါ်)မုန်းမြစ် ဟာ ဝိတိုရိယ(ခေါ်)ခေါနုသုံ(ခေါ်)နတ်မတောင်ရဲ့အနောက်ဘက်နဲ့ မြောက်ဘက်မှာ မြစ်ဖျားခံပြီးတော့ စေတုတ္တရာမြို့နယ်ကို မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းပါတယ်။ စေတုတ္တရာမြို့နယ်ရဲ့ မြောက်ပိုင်း မုန်းချောင်းရဲ့အနောက်ဘက်နှင့် မြောက်ဘက်မှာရှိတဲ့ ချင်းတိုင်းရင်းသားကျေးရွာများဟာ တံတားမရှိ၊ လမ်းမရှိ၊ လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲလာပြီးတော့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အဖက်ဖက်က နိမ့်ကျဆင်းရဲကျပါတယ်။ ကားလမ်းမရှိ၊ လျှပ်စစ်မီးမရှိ၊ ဖုန်းလိုင်းမမိ၊ ကျန်းမာရေးစောင့်ရှောက်မှုမရှိ၊ ဆေးဝယ်ချင်လို့ ဆေးဆိုင်မရှိ၊ ဈေးမရှိတဲ့နေရာတွေပါ။ မိုးတွင်းကာလ တွေမှာ ဆက်သွယ်ရေးအလွန်ခက်ခဲလာပြီးတော့ တောင်ဇောင်း၊ ချောက်ကမ်းပါး၊ ချောင်းများ၊ မြောင်းများ၊ ရွှံ့တော၊ ဗွက်တောမှာ ခြေလျင်သွားကြရတာပါ။ ဖျင်ကြီး၊ အပေါ်၊ မင်းဒင်ကျင်း၊ စင်းချောင်း စတဲ့ ရွာများမှ အရေးပေါ်လူနာ၊ မွေးလူနာများကို စောင်ထမ်းနဲ့ ဝိုင်းထမ်းပြီးတော့ ချောင်းရေထဲ

တောင်ဖောင်းချောက်ကမ်းပါးကနေပြီးတော့ ၁၄၊ ၁၅ မိုင်ထိကို ခြေလျင်သွားရင်းနဲ့ လမ်းမှာတင် မွေးဖွားတာ၊ သေဆုံးတာတွေ မကြာခဏ ကြုံတွေ့ကြရပါတယ်။ နတ်ကြီး၊ အာယော၊ အကြည်၊ တန့်လည်ကျင်း၊ လက်ပံကျင်း၊ လုံးကြီး စတဲ့ကျေးရွာတွေဟာ မိုးတွင်းကာလ မုန်းရေကြီးတဲ့အခါ အရှေ့ဘက်ကမ်းတိုက်နယ်ဆေးရုံရှိတဲ့ တပွင်ရွာကို မကူးဖြတ်နိုင်ကြတော့ဘဲနဲ့ အရေးပေါ်လူနာတွေ၊ ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေပါ အတိဒုက္ခရောက်ကြရပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ စေတုတ္တရာမြို့နယ်မြေပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မုန်းချောင်းပါ။ ဒါကတော့ ရွာပေါင်း ၁၀ ရွာအားထားရတဲ့ အဓိကလမ်းမဖြစ်ပါတယ်။ အဲဒီလိုခြောက်သွေ့ရာသီမှာ တောင်မှ အလွန်ခက်ခဲတဲ့အနေအထားပါ။ ဒါကတော့ မိုးတွင်းကာလမှာ ချောင်းရေတွေ ပြည့်လျှံနေပြီးတော့ အခုလိုပွင့်လင်းရာသီ ရေကျသွားတဲ့အချိန်မှာ ချောင်းရေကျောက်ခဲတောမှာ လမ်းလုပ်ပြီးတော့ သွားလာနေရတဲ့အနေအထားပါ။ အခုလို ပြည်သူတွေဟာ ခက်ခဲစွာ၊ ဆင်းရဲပင်ပန်းစွာနဲ့ သွားလာနေရတဲ့အနေအထားဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မြောက်ပိုင်းအတွက် တစ်ခုတည်းသောကားလမ်း၊ ဘူးကျေးရွာထိပေါက်တဲ့ကားလမ်းပါ။ မိုးတွင်းအခါမှာ အဲဒီလိုခဲယဉ်းပင်ပန်းစွာနဲ့ ဆိုးရွားစွာသွားလာနေရတဲ့အနေအထားပါခင်ဗျား။ ဒါကတော့ တပွင်ကျေးရွာနဲ့ ဒွေးကုန်းကျေးရွာကို ဖြတ်သန်းပြီးတော့ တံတားထိုးမယ့်နေရာကို ပြထားခြင်းဖြစ်ပါတယ်။ တံတားထိုးရင် ခက်ခဲပင်ပန်းလှတဲ့ကျေးရွာတွေ အကျိုးပြုမယ့်အနေအထားကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီခင်ဗျား။

ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၂(ဂ)မှာ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးမည်လို့ ပါရှိပါတယ်။ ဒါကြောင့် တပွင်ကျေးရွာနဲ့ ဒွေးကုန်းကျေးရွာကြား မုန်းချောင်းကိုဖြတ်၍ ပေ ၁၄၀၀ ခန့်ရှည်လျားတဲ့ ဘေလီတံတား သို့မဟုတ် ကြိုးတံတားတည်ဆောက်ပေးပါက မုန်းချောင်းအနောက်ဘက်နှင့် မြောက်ဘက်မှာရှိတဲ့ ချင်းတိုင်းရင်းသားကျေးရွာ ၂၂ ရွာမှ ပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်သွားလာရေးအဖက်ဖက်မှ ဖွံ့ဖြိုးကာ လူနေမှုဘဝတွင် မြင့်မားတိုးတက်ပြီးတော့ ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာစေမှာဖြစ်လို့ မုန်းချောင်းကိုဖြတ်ပြီးတော့ ဘေလီတံတား သို့မဟုတ် ကြိုးတံတားတစ်စင်းတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်မှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ် မြောက်ပိုင်း၊ မုန်းချောင်းအနောက်ဘက်ကမ်းရှိ နွေ၊ မိုး၊ ဆောင်းသွားလာရေး ခက်ခဲလှသောကျေးရွာ ၁၉ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် မုန်းချောင်းအားဖြတ်၍ ကြိုးတံတား သို့မဟုတ် ဘေလီတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ မုန်းချောင်းအနောက်ဘက်ကမ်းရှိ ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည့် အလယ်ဟန်ဒေါက်-ဘူး-တပွင်လမ်းပေါ်ရှိ မုန်းချောင်းကူးတံတားအရှည် ၄၀၀ ပေ တည်ဆောက်ရမည့်လမ်းပိုင်းများ၏ အခြေအနေများကတော့ အလယ်ဟန်ဒေါက်-ဘူးလမ်းမှာ ကျောက်ချောလမ်း ၁၀ မိုင် ၁ ဖာလုံမှာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၁)နှင့် မြေသားလမ်း ခြောက်မိုင်မှာ လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့်(၂) ဖြစ်ပါတယ်။ ဘူး-တပွင်လမ်းကတော့ ဂဝံ/မြေနီလေးမိုင်ဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက် Class(B) ဦးစားပေးအဆင့်(၂)ဖြစ်ပါတယ်။ အဆိုပါမုန်းချောင်းတံတားအား တည်ဆောက်ပြီးစီးပါက ကျေးရွာ ၁၉ ရွာတွင်နေထိုင်ကြတဲ့ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အလယ်ဟန်ဒေါက်-ဘူး-တပွင်လမ်းပေါ်ရှိ မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)ကို ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတား(တာဆန်း)သည် မူလကြိုးတံတားဖြစ်ခြင်း၊ ခံနိုင်ဝန်ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန်(၇၀) ခံနိုင်ဝန်ရှိသည့် အဆင့်မြင့်သံကူကွန်ကရစ်တံတားတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)ကို ဆက်သွယ်ထားတဲ့ သံလွင်မြစ်ကူးတံတား(တာဆန်း)ဟာ မူလကြိုးတံတားဖြစ်ခြင်း၊ ဖြတ်သန်းနိုင်တဲ့ ဝန်တန်ချိန် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန် ၇၀ ခံနိုင်ဝန်ရှိတဲ့ သံကူကွန်ကရစ်တံတားကြီးတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ တင်ပြပါ မြေပုံပေါ်မှာ ပါတဲ့အတိုင်းပဲ ကျွန်တော်တို့ရှမ်းပြည်နယ်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းဟာ ပြည်ထောင်စု

လမ်းမကြီးအဖြစ် ဖောက်လုပ်ထားပြီးတော့ First Corridor အဖြစ် သံလွင်မြစ်ကူးတံတား တာကော်တံတားအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်ပေးထားကာ အကာ အဝေးအားဖြင့် လမ်းအရှည်မိုင် ၃၇၅ မိုင်တည်ရှိပါတယ်။ Second Corridor အဖြစ် တောင်ကြီး-လင်းခေး-မိုင်းပန်-မိုင်းတုံ-တာချီလိတ်ကားလမ်းအား ဖောက်လုပ်ထားရှိပြီးတော့ သံလွင်မြစ်ကူးတံတား(တာဆန်း) ကြိုးတံတားအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ဆက်သွယ်ထားပြီးတော့ အကွာအဝေးလမ်းအရှည် ၃၂၃ မိုင်အဖြစ်တည်ရှိပါတယ်။ ယခု Second Corridor အဖြစ် တောင်ကြီး-လင်းခေး-မိုင်းပန်-မိုင်းတုံ-တာချီလိတ်ကားလမ်းဟာ ကျိုးတုံ-တာချီလိတ်ကားလမ်းထက် ၅၂ မိုင် လမ်းအကွာအဝေး လျော့နည်းတဲ့အပြင် ခရီးသွားလာချိန်လျှော့ချနိုင်ပြီးတော့ တောင်ကြီးမြို့မှတာချီလိတ်ကို နေ့ချင်းရောက်ရှိနိုင်မှာဖြစ်ပါတယ်။ တင်ပြပါ သံလွင်မြစ်ကူးတံတား(တာဆန်း)ဟာ မိုင်းပန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့အကြား ဆက်သွယ်တည်ဆောက်ထားတဲ့ ပေ ၉၀၀ အရှည် တစ်လမ်းသွားဘေလီကြိုးဆိုင်းတံတားတစ်စင်းဖြစ်ပြီးတော့ တောင်ကြီးမြို့မှ ၁၈၉ မိုင် အကွာမှာတည်ရှိပါတယ်။ ၁၉၉၉ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီးတော့ ယခင်နှစ် ၁၁-၁၀-၂၀၁၇ ခုနှစ်မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက်ကြောင့် တာဆန်းတံတားမိုင်းတုန်ဘက်ကမ်း ကြိုးထိန်းခုံအောက်မြေထိန်းနံရံပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီးတော့ ပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြရပါတယ်။ ထိုင်းနိုင်ငံမယ်ဆိုင်သို့ တာချီလိတ်မှတစ်ဆင့် တရားဝင်နယ်စပ်ထွက်ပေါက်ဖြစ်ပြီးတော့ ကုန်သွယ်မှု၊ ခရီးသွားလာမှုများများစွာအသုံးပြုလျက်ရှိရာ အထက်တင်ပြပါ Second Corridor ကို အသုံးပြု၍ ကျွန်တော်တို့မိုင်းပန်မှ သံလွင်မြစ်ကူးတံတား(တာဆန်း)ကို ဖြတ်ကာသွားရောက်ရမယ်ဆိုလို့ရှိရင် ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်မှာဖြစ်ပြီးတော့ ကုန်ပစ္စည်းများတင်ပို့ရာမှာလည်း အဆင်ပြေလွယ်ကူစွာ ကုန်စည်စီးဆင်းမှုမြန်ဆန်လာမှာဖြစ်ပါတယ်။

ယခင်ကလည်းပဲ ကျွန်တော်တို့တောင်ကြီး-မိုင်းပန်-မိုင်းတုန်-ပုံပါကျင် BB1နယ်စပ်ထွက်ပေါက်မြေပုံမှာတင်ပြတဲ့အတိုင်းပဲ ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားမှုများကို လူများဆက်သွယ်သွားလာမှုများရှိခဲ့တာဖြစ်ပါတယ်။ အဲဒီလမ်းဟာ ယခင်လမ်းကောင်းမွန်ပြီးတော့ တရားဝင်နယ်စပ်လမ်းအဖြစ် ဆက်သွယ်သွားလာနိုင်မယ်ဆိုလို့ရှိရင် တောင်ကြီးကနေပြီးတော့ ထိုင်းနိုင်ငံနယ်စပ်ထွက်ပေါက် အဖြစ် အတိုဆုံးလမ်းခရီးတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ အခုအချိန်မှာ နယ်စပ်ပုံပါကျင်ဒေသမှာလည်းပဲ ကုန်လှောင်ရုံများ ဆောက်လုပ်ထားရှိပြီးတော့ တစ်ဖက်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရောင်းဝယ်မှုများရှိဆဲပဲဖြစ်ပါတယ်။ တင်ပြပါပုံကတော့ ကားကြီးကနေပြီးတော့ ကားငယ်ကိုပြန်ပြီးတော့ ကုန်တွေကဲ့ပြီးတော့ တံတားပေါ်ဖြတ်သန်းသွားတဲ့အနေအထားကို တင်ပြထားတာဖြစ်ပါတယ်။ အဓိကအားဖြင့် မိမိတို့မြို့နယ်မှ ဒေသထွက်ကြက်သွန်ဖြူသီးနှံနှင့် အခြားကုန်ပစ္စည်းများ နယ်စပ်ကိုနေ့စဉ်ကုန်သွယ်မှုများပြုလုပ်လျက်ရှိပြီးတော့ ကုန်စည်ပို့ဆောင်ရာတွင်လည်း ယခုလက်ရှိသံမဏိကြိုးတံတားကြီးဟာ ခံနိုင်ဝန် ၁၇ တန်သာ ကန့်သတ်ထားရှိပြီးတော့ ကုန်ပစ္စည်းများကို ယာဉ်ငယ်နှင့်အတင်အချလုပ်ဆောင်ကာ နှစ်ဆင့်သယ်ယူရတဲ့အတွက်ကြောင့် များစွာအချိန်နှောင့်နှေးကြန့်ကြာလျက်ရှိပါတယ်။ အခုတင်ပြပါလမ်းနှင့် တာဆန်းတံတားဟာ မဟာဗျူဟာအရ အရေးပါတဲ့တံတားတစ်စင်းဖြစ်ပြီးတော့ မိမိနိုင်ငံထွက်ပေါက် နယ်စပ်ဒေသအခြေအနေအရအဆင့်မြှင့်တင်၍ တန် ၇၀ ခံနိုင်ဝန်ရှိတဲ့ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ထားပါက ဘက်စုံအသုံးပြုနိုင်မည့် အဓိကကျတဲ့လမ်းတစ်ခု

ဖြစ်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)ကိုဆက်သွယ်ထားတဲ့ သံလွင်မြစ်ကူးတံတား(တာဆန်း)ဟာ မူလကြိုးတံတားဖြစ်ခြင်း၊ ဖြတ်သန်းနိုင်တဲ့ ခံနိုင်ဝန်ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန်(၇၀) ခံခိုင်ဝန်ရှိတဲ့ အဆင့်မြင့်သံကူကွန်ကရစ်တံတားကြီးတစ်စင်းအဖြစ် ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(အရှေ့ပိုင်း)ကိုဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတား(တာဆန်း)သည် မူလကြိုးတံတားဖြစ်ခြင်း၊ ဖြတ်သန်းနိုင်သည့် ခံနိုင်ဝန်ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန်(၇၀)ခံခိုင်ဝန်ရှိသည့် အဆင့်မြင့်သံကူကွန်ကရစ်တံတားကြီးတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်တို့ကို ပိုင်းခြားထားသော သံလွင်မြစ်အား ဆက်သွယ်တည်ဆောက်ထားတဲ့ တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း)သည် အရှည် ၉၀၀ ပေ၊ နှစ်လွှာတစ်ထပ် ဘေလီကြိုးဆိုင်းတံတား(Suspension Bridge) ဖြစ်ပါတယ်။ ယာဉ်သွားလမ်းအကျယ် ၁၈ ပေတစ်လမ်းသွားဖြစ်ပြီး အဆိုပါတံတားကို ၁၉၉၉ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။

မြောင်းမြကြိုးတံတား ပြိုကျမှုဖြစ်ပွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ ၎င်းတံတားနှင့်အတူ အခြားတည်ဆောက်ပြီးစီးခဲ့တဲ့ ကြိုးတံတားများရဲ့ လက်ရှိကြံ့ခိုင်မှုအခြေအနေများနှင့် ခံနိုင်ဝန်အဆင့်အတန်းများသတ်မှတ်ဖို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Highway Construction Association(CHCA)နှင့်ပူးပေါင်း၍ ခေတ်မီနည်းစနစ်ကိရိယာတို့ဖြင့် တိုင်းတာစစ်ဆေးခဲ့ရာမှာ သံလွင်မြစ်ကူးတံတား (တာဆန်း)ရဲ့ ကြံ့ခိုင်မှုခံနိုင်ဝန်သည် အဆင့်(၄)ပဲရှိတဲ့အတွက် ခံနိုင်ဝန်ကို ၁၆ တန်အထိ လျှော့ချခဲ့ရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများလမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်နှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း)ကို ၇၅ တန်ခံနိုင်ဝန်ရှိသော Steel Truss သံဘောင်တံတားအမျိုးအစားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒီဘဏ္ဍာနှစ်မှစတင်ပြီးတော့ ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျာ။ နောက် ၂၀၁၉-၂၀၂၀ မှာတော့ ရန်ပုံငွေတင်ပြတောင်းခံပါမယ်။ ရန်ပုံငွေအပြည့်

အဝရမယ်ဆိုရင်တော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**လေရှီးမြို့နယ်၏ အဓိကပင်မလမ်းကြောင်းဖြစ်သော ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်လမ်းကြောင်းပေါ်ရှိ ထမံသီ ချင်းတွင်းမြစ်ကူးတံတားအား မည်သည့်ခုနှစ်တွင် စတင်ဆောက်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေးဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်လမ်းကြောင်းပေါ်မှာရှိတဲ့ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)အား မည်သည့်ခုနှစ်မှာ စတင်ဆောင်ရွက်မည်ကို သိရှိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်ရဲ့ အဓိကဆက်သွယ်ရေးလမ်းကြောင်းဟာ ထမံသီ-လေရှီးကားလမ်းပဲဖြစ်ပါတယ်။ ထမံသီရောက်တာနဲ့ ရေကြောင်းကို တစ်ဆင့်ပြောင်းစီးရပါတယ်။ ချင်းတွင်းမြစ်ကူးတံတားမရှိတဲ့အတွက်ကြောင့် ပွင့်လင်းရာသီမှာတောင်မှ စက်လှေကိုပဲ အားကိုးအားထားပြုရပါတယ်။ တစ်ခါတလေဆိုရင် ခန္တီးလိုင်းစက်လှေမမီတဲ့အခါမှာ ထမံသီမှာပဲ တန်ဖိုးရှိတဲ့အချိန်ကို တစ်နေကုန်ခံပြီးတော့မှ ညအိပ်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေရှီးမြို့နယ်ရဲ့အဓိကလမ်းကြောင်းဖြစ်တဲ့ ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်သို့ဆက်သွယ်တဲ့လမ်းကြောင်းမှာ လေရှီးမြို့နယ်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းခန့် နေထိုင်ကြပါတယ်။ ဟုမ္မလင်းမြို့နယ်မှ ခန္တီးမြို့နယ်သို့ ဆက်သွယ်ထားတဲ့ မဟာဗျူဟာလမ်းမကြီးသည်လည်းပဲ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကြောင်မို့လို့ အဆိုပါလမ်းနှင့် ဆက်စပ်နေတဲ့ ထမံသီမြစ်ကူးတံတား ဆောက်လုပ်ပေးမယ်ဆိုလို့ရှိရင် လေရှီးမြို့နယ်မှ ပြည်မကို နာရီပိုင်းအတွင်းမှာ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် နောက်ပိုင်း အိန္ဒိယ-မြန်မာကုန်သွယ်ရေးလမ်းကြောင်းအတွက် လေရှီးမြို့နယ်မှာ လမ်းကြောင်းတစ်ခုလျာထားချက်ရှိတယ်ဆိုတာလည်း သိရှိထားပါတယ်။ ဒါကြောင့်မို့လို့ ယခင် သမ္မတဦးထင်ကျော် ၂၀၁၇ ခုနှစ် နာဂနှစ်သစ်ကူးပွဲခရီးစဉ်မှာ ဒီတံတားကို ထိုးပေးဖို့ ပြောတဲ့အခါမှာ ယခင် ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်ကလည်း ထမံသီမြစ်ကူးတံတားကို ဆောက်လုပ်ပေးမယ်ဆိုပြီးတော့ ပြောခဲ့ပါတယ်။ အလားတူပဲ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၁၇ ခုနှစ် ထမံသီခရီးစဉ်မှာလည်းပဲ ဒီတံတားကို ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက်မယ်ဆိုပြီးတော့ တွေ့ဆုံပွဲမှာ ပြောခဲ့ပါတယ်။ ဒါပေမဲ့လို့ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဘတ်ဂျက်လျာထားချက်မှာ သန်း ၂၀၀ အဆိုပြုထားပေမဲ့လို့ ဝန်ကြီးဌာနအနေနဲ့ ထောက်ခံခြင်းမရှိတာကို တွေ့ရှိရပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်းပဲ လျာထားခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီတံတားကို ဘယ်အချိန်မှာ စတင်ဆောက်လုပ်မည်ကို

သိရှိလိုတဲ့အတွက် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဌေး မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လေရှီးမြို့နယ်၏ အဓိကပင်မလမ်းကြောင်းဖြစ်သော ထမံသီ-လေရှီး-အိန္ဒိယနယ်စပ် လမ်းကြောင်းပေါ်ရှိ ထမံသီချင်းတွင်းမြစ်ကူးတံတားအား မည်သည့်ခုနှစ်တွင် စတင်ဆောက်ရွက်မည် ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်၊ ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်လမ်းနှင့် ပင်းမရွာသို့ ဆက်သွယ်ထားသော သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်တွင် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)တည်ရှိပါတယ်။ အဆိုပါတံတားနှင့် အဓိကအသုံးပြုရမည့် ဆက်စပ်လမ်းကတော့ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းဖြစ်တဲ့ အတွက် တံတားတည်ဆောက်ရန် ရေရှည်စီမံချက် Master Plan တွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။

ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)တည်ဆောက်ပေးမည်ဆိုပါက လေရှီးမြို့အတွက် အလွန် အရေးပါသောတံတားတစ်စင်း ဖြစ်လာမှာဖြစ်ပါတယ်။ ၎င်းတံတားတည်ဆောက်ပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းထားခြင်းများရှိပါ တယ်။ ချင်းတွင်းတံတား(ထမံသီ)ရဲ့ အဓိကတည်ဆောက်ဖို့အတွက် ခန့်မှန်းအရှည်က ချင်းတွင်းမြစ်ရဲ့ အကျယ်မှာတင်ကို မိုင်ဝက်ခန့်ရှိပြီးတော့ မိုးရာသီမှာ ချင်းတွင်းမြစ်ရေသည် ရေစီးအလွန်သန်တဲ့ အတွက်ကြောင့် တံတားတည်ဆောက်ချိန်မှာ အင်အားကောင်းတဲ့ စက်ယန္တရားများနှင့် တည်ဆောက်ရေးပစ္စည်းများကို အသုံးပြုတည်ဆောက်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေကန့်သတ်ချက်များရှိပါ၍ စစ်ကိုင်းတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေများ ခွဲဝေရရှိပါက ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့် အင်အားအကောင်းဆုံး စက်ယန္တရားတွေ ပေးပို့ပြီးတော့ တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**အိမ်မဲမြို့နယ်ရှိ ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ ဖြစ်ပါတယ်။ ကျွန်မ မေးမယ့်မေးခွန်းကတော့ ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်မတို့အိမ်မဲမြို့နယ်ဟာ ကုန်းလမ်း၊ ရေလမ်းမျှပြီးသွားရပြီးတော့ မိုးရာသီမှာတော့ လုံးဝသွားလို့လာလို့မလွယ်ဘဲနဲ့ ရေလမ်းကိုသာအားပြုရပါတယ်။ အခုမေးမယ့် ကုန်းလမ်းဟာလည်း တကယ်ဆိုနွေရာသီမှာဆို ဖုန်တလောင်းလောင်းထနေပြီး ကျန်းမာရေးနဲ့ မညီညွတ်တဲ့လမ်းတစ်လမ်းအနေနဲ့သာ ရှိနေပါတယ်။ မိုးရာသီမှာဆို ရွှံ့ဗွက်ပေါက်နေတာ၊ ကျောက်လမ်းတွေပျက်စီးတာ၊ ရေကျော်တာတွေကြောင့် သွားရေးလာရေးအလွန်ခက်ခဲပါတယ်။

စိုက်ပျိုးရေးကိုအခြေခံတဲ့မြို့ဖြစ်တဲ့အလျောက် မျိုးစပါးသယ်ယူခြင်း၊ သွင်းအားစုသယ်ဆောင်ခြင်းတို့အတွက် လမ်းခရီးတွေနှောင့်နှေးနေရပါတယ်။ မိုးရာသီကာလမှာ အဖြစ်များတဲ့ သွေးလွန်တုတ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဆေးရုံဆေးခန်းသွားရောက်ဖို့ ခရီးကြန့်ကြာမှုတွေကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုတွေလည်း ရှိနေပါတယ်။ စိုက်ပျိုးချိန်မှာ ပိုးထိခြင်းကလည်း ဆေးရုံကို အချိန်မီသွားရောက်နိုင်ရန် အလွန်လိုအပ်လှပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မီးဖွားစဉ်ကိုယ်ဝန်ဆောင်သေဆုံးမှုဟာ ဧရာဝတီတိုင်းဒေသကြီးက မြင့်တက်နေတာဖြစ်တဲ့အတွက်ကြောင့် ရာသီမရွေးသွားလာနိုင်သော လမ်းများလိုအပ်နေပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါဟာ အခု ကျွန်မမေးမယ့် ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းရဲ့ နွေရာသီ အခု လွန်ခဲ့တဲ့နှစ်ရက်လောက်က ရိုက်ထားတဲ့ဓာတ်ပုံဖြစ်ပါတယ်။ ဒါတွေဟာ အောက်ကကျောက်သားမရှိတော့ဘဲနဲ့ မြေသားအောက်က မြေဖော်ထားတဲ့အတွက်ကြောင့် အခုချိန်မှာ ဖုန်တထောင်းထောင်းနဲ့ မြေသားလမ်းအသွင်ပဲရှိနေပါတော့တယ်။ ဒါကတော့ မိုးရာသီလမ်းဖြစ်ပါတယ်။ အခုတင်ပြတဲ့ ညောင်ကုန်းချောင်းဖျားလမ်းဟာ အိမ်မဲတက္က-ပုသိမ်ကားလမ်းက တစ်ဆင့် လမ်းခွဲဖြစ်ပြီး (A)အဆင့်သတ်မှတ်ထားတဲ့လမ်းဖြစ်ပါတယ်။ အရှည် ၁၂ မိုင် ၅ ဖာလုံ အကျယ် ၁၀ ပေရှိပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၃ မိုင်နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၉ မိုင်ကျောက်ချောလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်းခဲ့ပြီး လမ်းတစ်လျှောက်မှာ Box Culvert သုံးခု၊ ရေပြွန် ကိုးခုရှိပါတယ်။ အခုချိန်ထိ အင်းမကျေးရွာအထိ လမ်းအခြေအနေမကောင်းပေမဲ့ လမ်းသင့်ပြီး အင်းမကျေးရွာအကျော် သရက်ကုန်းကျေးရွာအထိ လမ်းတွေကတော့ တော်တော်များများ ပျက်စီးနေပါတယ်။ ဒါ အင်းမအကျော် သရက်ကုန်းလမ်းပိုင်းတွေဖြစ်ပါတယ်။ ဒါဟာ ရွှံ့ဗွက်ထဲမှာ ရုန်းသွားနေရတာဟာမော်တော်ဆိုင်ကယ်တစ်စီးတောင် သွားဖို့လာဖို့အင်မတန်ခဲယဉ်းပါတယ်။ လမ်းတွေဟာ ပျက်စီးတယ်၊ နွံပေါက်တယ်၊ ရေကျော်ခြင်းတွေ မိုးရာသီမှာ သွားရေးလာရေးအလွန်ခက်ခဲနေ

ပါတယ်။ အကျိုးပြုကျေးရွာ ၃၀ အိမ်ခြေပေါင်း ၂၇၀၀ နဲ့ အကျိုးပြုလူဦးရေ ၁၅၀၀၀ ခန့်ရှိတဲ့ အိမ်မဲမြို့နယ်အတွက် ဒုတိယပြည်သူအများဆုံးသုံးတဲ့လမ်း ဖြစ်ပါတယ်။ လမ်းအဆုံးဖြစ်တဲ့ သရက်ကုန်းကျေးရွာက တိုက်နယ်ကျေးရွာဖြစ်ပြီး တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ အ.ထ.က (ခွဲ)ကျောင်းတွေ ရှိပါတယ်။ လမ်းတစ်လျှောက်မှာရှိတဲ့ တခူးဆိပ်ကျေးရွာ အ.ထ.က ရှိတယ်။ ရုံးတော အ.ထ.က ၊ ချောင်းဖျားအ.ထ.က(ခွဲ)ကျောင်း၊ ပနာသိမ်ကျောင်းစု အ.ထ.က(ခွဲ)ကျောင်းတွေက အိမ်မဲမြို့နယ်မှာ အောင်ချက်အများဆုံးကောင်းတဲ့ကျောင်းတွေဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားဆရာဆရာမတွေ အများဆုံးသွားတဲ့လမ်းလည်းဖြစ်ပါတယ်။ သရက်ကုန်းကျေးရွာကတစ်ဆင့် ချောင်းကူးပြီးရင်လည်းပဲ သီးကွင်းကျေးရွာ၊ ကုလားကုန်းကျေးရွာစတဲ့ကျေးရွာတွေ သွားလာနိုင်ပြီး မြို့ပတ်လမ်းသဖွယ်ဖြစ်နေတဲ့ ရာသီမရွေးသွားလာနိုင်သော လမ်းတစ်စင်းအမြန်လိုအပ်နေတဲ့အတွက် ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမှမေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်ရှိ ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားသွား ပါမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းအရှည် ၁၂ မိုင် ၅ ဖာလုံ၏ လက်ရှိအခြေအနေမှာ ညောင်ကုန်းချောင်းဖျားမှ သုံးမိုင်အထိ လမ်းပိုင်းမှာ အကျယ် ၁၂ ပေ ကျောက်လမ်းဖြစ်ပြီး ကျန်လမ်းပိုင်း ၉ မိုင် ၅ ဖာလုံမှာ အကျယ် ၁၀ ပေ ကျောက်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းမှာ ကျေးရွာ ၂၈ ရွာ၊ အိမ်ခြေ ၂၆၉၆ အိမ်နှင့် လူဦးရေ ၁၃၄၀၀ ခန့်အား တိုက်ရိုက်အကျိုးပြုလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၃ မိုင်အား ကျောက်လမ်းခင်းခြင်းနှင့် ကွန်ကရစ်ရေပြွန်နှစ်စင်း တည်ဆောက်ခြင်းတို့ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၉ မိုင် ၅ ဖာလုံအား ကျောက်လမ်းခင်းခြင်း၊ Box Culvert တစ်စင်းတည်ဆောက်ခြင်းနှင့် ရေပြွန်လေးစင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ညောင်ကုန်းချောင်းဖျား-သရက်ကုန်းလမ်းအား ဒီကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ Power Point မှာ ပျက်စီးနေတဲ့ဒီလမ်းပိုင်းတွေကိုတော့ ၂၀၁၈-၂၀၁၉ ယခုနှစ် ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရဲ့ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် အဆိုပါလမ်းပေါ်မှာပျက်စီးနေတဲ့ တံတား၊ ရေပြွန်တွေနှင့် အဆိုပါလမ်းများကို ချက်ချင်းပြင်ဆင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်တိုးမြှင့်ဖို့အတွက်ကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ ရန်ပုံငွေများထည့်သွင်းလျာထားပြီး ပေးသွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်

မူတည်၍ အဆင့်မြင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ရခိုင်ပြည်နယ်(မင်းပြား-မြေပုံ)မြို့ရွာချင်းဆက်လမ်းအား ကြပ်စင်တံတား ဖွင့်လှစ်ပွဲအမီ ကတ္တရာလမ်း အပြီး ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်(မင်းပြား-မြေပုံ) မြို့ချင်းဆက်လမ်းပေါ်မှာရှိတဲ့ ကြပ်စင်တံတားဖွင့်ပွဲအမီ မင်းပြား-မြေပုံလမ်းကိုပါ ကတ္တရာအပြီး ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း အဖြစ်တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။ ရခိုင်ပြည်နယ် မြေပုံနှင့် မင်းပြားမှာ မင်းပြားမြို့နယ်ကိုဆက်တဲ့ မြို့ချင်းဆက်လမ်းဟာဆိုရင် ကျွန်တော်တို့ ၂၄ မိုင်နှင့် ၇ ဖာလုံ ရှိပါတယ်။ လမ်းပေါ်မှာ ကျေးရွာပေါင်း ၂၀ ကျော်ရှိပါတယ်။ ကျွန်တော်တို့ မြေပုံကတော့ ဒါတစ်ခြား မြို့နယ်ကို သွားမယ့်တစ်ခုတည်းသော ထွက်ပေါက်လည်းဖြစ်ပါတယ်။ အဲဒီလမ်းကို ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကတည်းက ပြည်နယ်အစိုးရရန်ပုံငွေနှင့် တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့အချိန်မှာတော့ ၉ မိုင်နှင့် ၅ ဖာလုံဟာ ကတ္တရာလမ်းခင်းပြီး ဖြစ်ပါတယ်။ ကျန်တာကတော့ ကျောက်ချောလမ်းအဖြစ် တည်ရှိနေပါတယ်။ အဲဒီတံတားက ကျွန်တော်တို့ ဒီလမ်းပေါ်မှာတည်ဆောက် နေတဲ့ တံတားဖြစ်ပါတယ်။ ကြပ်စင်မြစ်ကူးတံတားဖြစ်ပါတယ်။ ဒီတံတားပြီးရင်တော့ ကျွန်တော်တို့ မြေပုံမြို့က လူတွေဟာ တစ်ခြားဒေသတွေကို အလွယ်တကူစိတ်ချမ်းချမ်းသာသာနဲ့ သွားလာနိုင်တော့ မှာဖြစ်ပါတယ်။ ဒီတံတားကို ကျွန်တော်တို့ ပေအားဖြင့် အရှည်အားဖြင့် ၁၉၂၀ ပေရှိပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်နှင့် တည်ဆောက်ခဲ့တာဖြစ်လို့ အချိန်အများကြီးယူခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ပြည်ထောင်စု ဘတ်ဂျက်က ဝင်ပြီးတော့ကူတဲ့အတွက် ဒီတံတားဟာ အခု ဒီလွှတ်တော်မှာ ဝန်ကြီးကတိပေးထားတဲ့ အတိုင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အပြီးဆောက်မယ်ဆိုတဲ့အတိုင်း လာမယ့်နှစ်ဦးပိုင်းမှာ တံတားကိုဖွင့်လှစ်နိုင်မှာသိတဲ့အတွက်နဲ့ ကျွန်တော်တို့ ဒေသခံတွေက ဆောက်လုပ်ရေးဝန်ကြီးဌာနကို အများကြီးကျေးဇူးတင်ပါတယ်။ ခုနကပုံကတော့ ကျွန်တော်မေးခွန်းတင်တဲ့အချိန်ပုံက ဖြစ်ပါတယ်။ အခုကတော့ ဒီလွန်ခဲ့တဲ့လ ၃၀ ရက်နေ့က ဒေသခံတွေက ပို့ပေးလိုက်တဲ့ပုံဖြစ်ပါတယ်။ ဒီတံတားဟာ ကျွန်တော်တို့အတွက် တကယ့်မျှော်လင့်ချက်တံတားတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးကို ဒုတိယအကြိမ် ထပ်မံပြီး ကျေးဇူးတင်ပါတယ်။ ဒီလမ်းကတော့ ကျွန်တော်တို့ မင်းပြား-မြေပုံလမ်းမှာ ကတ္တရာခင်း ပေးပြီးတဲ့အပိုင်းဖြစ်ပါတယ်။ သွားရ၊ လာရအလွန်ကောင်းမွန်ပါတယ်။ ဒီလိုပဲ တစ်ခြားလမ်းပိုင်းတွေကို လည်း ဖြစ်နိုင်အောင်ရေမျှော်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အမီ ကျွန်တော့်အနေနဲ့ လွှတ်တော် မှာ တင်ပြခဲ့တာဖြစ်ပါတယ်။

**မူကြမ်း**

ဒီလမ်းလည်း ကတ္တရာခင်းပြီးထားတဲ့ မြေပုံမြို့နယ်ထဲက လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ ဒီလမ်းက တော့ ကျွန်တော်တို့ အဲဒီတံတားရဲ့တောင်ဘက် မြေပုံမြို့အထွက်ဘက်ကိုကြည့်လိုက်မယ်ဆိုရင် အဲဒီ လိုမြင်ကွင်းဖြစ်ပါတယ်။ ဒါ တံတားနဲ့နီးတဲ့အပိုင်းမို့လို့ တော်တော့်ကိုပြင်ဆင်ထိန်းသိမ်းထားတာ ကောင်းပါတယ်။ ရှေ့ကိုသွားမယ်ဆိုရင် ဒီထက်ဆိုးရွားတဲ့လမ်းပိုင်းတွေအများကြီး ကျန်ပါသေးတယ်။ ဒီတံတားကိုဖွင့်တဲ့အခါမှာ ဒီလမ်းပိုင်းလေးကို တံတားပေါ်ကလူကြီးတွေက ကြည့်တဲ့အခါမှာ ဒီလမ်းပိုင်းရဲ့ ပျက်စီးနေမှုတွေကို မြင်ရင်စိတ်ဆင်းရဲမှာဆိုးလို့ ကျွန်တော့်အနေနဲ့ ဒီလမ်းပိုင်းကို ဖြစ်အောင်၊ ကောင်းအောင်ဆိုပြီးတော့ မျှော်ပြီးတော့ တင်ပြခဲ့တာဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ကို ကျွန်တော့်အနေနဲ့ ရည်မျှော် ပြီးတော့ တင်ခဲ့ပါသော်လည်း ပါလာတာကို မတွေ့ရပါဘူး။ ဒီလမ်းပိုင်းလုပ်ဖို့အတွက်။ ဒါကြောင့် နောင်လာမည့်နှစ်များမှာ ပိုပြီးတော့ မေးခွန်းတစ်ခုအနေနဲ့လည်း ဆက်ပြီးတော့မတင်ရအောင် အဲဒီ လမ်းပိုင်းလေး ကျန်တဲ့ ၁၅ မိုင် ၂ ဖာလုံလေးကို အကောင်းဆုံးဖြစ်နိုင်အောင် တစ်ဆက်တစ်စပ်တည်း အားဖြင့် ကျွန်တော် ဒီမေးခွန်းနှင့်အတူ တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်(မင်းပြား-မြေပုံ)မြို့ရွာချင်းဆက် လမ်းအား ကြပ်စင်တံတား ဖွင့်လှစ်ပွဲအမီ ကတ္တရာလမ်းအပြီး ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းရှိ မြေပုံ-မင်းပြားလမ်းပိုင်းသည် ၂၄ မိုင် ၇ ဖာလုံရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း၏အခြေအနေမှာ ၃၀-၉-၂၀၁၈ ရက်နေ့အထိ ၉ မိုင် ၅ ဖာလုံမှာ အကျယ် ၁၂ ပေ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး ၁၅ မိုင် ၂ ဖာလုံမှာ ကျောက်လမ်းဖြစ်ပါ၍ ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ် ၁၄၃၆ သန်းဖြင့် ၄ ဖာလုံအား အကျယ် ၂၀ ပေ ကျောက်ချောလမ်းခင်းခြင်း၊ ၂ မိုင် ၄ ဖာလုံအား ပြုန်းခင်းခြင်းနှင့် ကြပ်စင်တံတားချဉ်းကပ်လမ်း မြေကြီးတာပေါင်ဖို့ခြင်း၊ RCC Box Culvert ၃ စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းလမ်းပေါ်မှာ ငတန်ပျင်းတံတား ၁၅၀ ပေနဲ့ စအင်းချောင်းတံတား ၉၀ ပေတို့ကို အသစ်တည်ဆောက်လျက်ရှိပြီး တည်ဆောက်ဆဲတံတားများဖြစ်တဲ့ တက်ခုတ်ချောင်းတံတား ၇၀ ပေနှင့် ကြပ်စင်မြစ်ကူးတံတား ၁၉၂၀ ပေတို့ကို ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရေကျော်လမ်းပိုင်း ၄ ဖာလုံအား အကျယ် ၁၈ ပေ ကွန်ကရစ်လမ်း ခင်းခြင်း၊ တံတားနှစ်စင်း၏ ချဉ်းကပ်လမ်းအား မြေကြားတာပေါင်ဖို့၍ အမာခံလမ်းခင်းခြင်း၊ ၅၀ ပေ

အောက် သံကူကွန်ကရစ်တံတားနှစ်စင်း၊ တည်ဆောက်ဆဲ ၅၀ ပေအထက်တံတားနှစ်စင်းနှင့် ကြပ်စင်မြစ်ကူးတံတား ချဉ်းကပ်လမ်းတို့အား အပြီးတည်ဆောက်ခြင်းလုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးအရအဖွဲ့ ရန်ပုံငွေကျပ် ၃၃၉၄ သန်းဖြင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အဆိုပြုလျာထားရန်ပုံငွေမှာ နည်းပါးသောကြောင့် မြေပုံ-မင်းပြားလမ်းပေါ်ရှိ ကြံ့ခိုင်မှုအားနည်းသော သစ်သားတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီးတော့ ကျန်ရှိသည့်လမ်းပိုင်း ၁၅ မိုင် ၂ ဖာလုံအား ကြပ်စင်တံတားဖွင့်ပွဲအမီ ကတ္တရာလမ်းအဖြစ် အပြီးသတ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျွန်တော်တို့ကြပ်စင်တံတားဟာ ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့အကြိုဖွင့်လှစ်မယ့် ရခိုင်ပြည်နယ်မှာ တံတားကြီးလေးစင်းရှိပါတယ်ခင်ဗျာ။ အဲဒီတံတားလေးစင်းလုံးကို ပြည်ထောင်စုနေ့ အကြိုဖွင့်လှစ်မယ့် စာရင်းထဲမှာပါနေတဲ့အတွက် ဒီဖေဖော်ဝါရီလဖွင့်လှစ်မယ့်အမီကိုတော့ ကျွန်တော်တို့ ဒီကတ္တရာလမ်းအဖြစ် အပြီးဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပေမဲ့ နောင်လာမည့်ဘဏ္ဍာရေးနှစ်များမှာတော့ ရန်ပုံငွေများတင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရမ်းဗြဲမြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောလမ်းများမှာ နိုင်ငံတော်မှ ဘဏ္ဍာငွေများစွာ ချပေးထားပါလျက် မော်တော်ကားများ ရာသီမရွေးသွားလာ၍မရအောင် ပျက်စီးနေမှုများအား မည်သို့ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမယ့်မေးခွန်းကတော့ ရမ်းဗြဲမြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူလုပ်ဆောင်လျက်ရှိသောလမ်းများမှာ မော်တော်ကားများ ရာသီမရွေးသွားလာ၍မရအောင် ပျက်စီးနေမှုအား မည်ကဲ့သို့ကြီးကြပ်တာဝန်ယူ ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရမ်းဗြဲမြို့နယ်ဟာ ရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရန်ကုန်-ကျောက်ဖြူ အဝေးပြေးလမ်းမကြီးဖြင့် သွားရောက်နိုင်ပြီး နောင်ဖြစ်ပေါ်လာမယ့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ဆက်စပ်နေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ရမ်းဗြဲမြို့နယ်၏ အဓိကကျသော လမ်းပိုင်းများမှာ ကျောက်ဖြူ-ရန်ကုန်လမ်းပေါ်ရှိ စနဲခိုမင်းလမ်းဆုံမှ ရမ်းဗြဲမြို့သို့ ဆက်သွယ်ထားသော ၁၃ မိုင် ၆ ဖာလုံရှည်လျားသောလမ်းပိုင်း၊ ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ပိန္နဲတောင်လမ်းဆုံမှ ရမ်းဗြဲမြို့သို့ ဆက်သွယ်ထားသော ၉ မိုင် ၃ ဖာလုံ

ရှည်လျားသောလမ်းအပိုင်း၊ ရမ်းဗြဲမြို့မှ လေးတောင်တိုက်နယ်သို့ ဆက်သွယ်ထားသည့် ၁၆ မိုင် ၆ ဖာလုံ ရှည်လျားသောလမ်းပိုင်း၊ ရမ်းဗြဲမြို့မှ ကျောက်ချောင်းတိုက်နယ်-အောင်လှပြင်အထိ ၁၄ မိုင်ခန့် ရှည်လျားသောလမ်းအပိုင်း၊ ရမ်းဗြဲမြို့မှ ကျောက်နီမော်သို့ ဆက်သွယ်ထားသော ၂၅ မိုင် ရှည်လျားသောလမ်းပိုင်းများသည် ရမ်းဗြဲမြို့နယ်နှင့် အခြားမြို့နယ်များသို့ ဆက်သွယ်သွားလာရာတွင်လည်းကောင်း၊ မြို့နယ်အတွင်း ဒေသအသီးသီးနှင့်ဆက်သွယ်သွားလာရာတွင်လည်းကောင်း အဓိကကျသော လမ်းပိုင်းများဖြစ်ကြပါတယ်။ ၎င်းလမ်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ထားတဲ့ လမ်းများဖြစ်ပါတယ်။ ရမ်းဗြဲမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လမ်းအပိုင်းတွေဖြစ်ကြပါတယ်။ ရမ်းဗြဲမြို့နယ်ရှိလမ်းများကို လမ်းဦးစီးဌာနမှ တာဝန်ယူလုပ်ဆောင်နေကြောင်း သိရှိမြင်တွေ့နေရသော်လည်း လမ်းများအခြေအနေမှာ သစ်သားတံတားငယ်များနေရာတွင် ကွန်ကရစ်တံတားများ အစားထိုးတည်ဆောက်ပေးသဖြင့် အနည်းငယ်ဖွံ့ဖြိုးတိုးတက်မှုရှိလာသော်လည်း လမ်း၏အခြေအနေမှာ ထူးခြားစွာတိုးတက်မှုရှိမလာသည်ကို ယနေ့ထက်တိုင် မြင်တွေ့နေရပါတယ်။ ရမ်းဗြဲမြို့နယ်၏လမ်းများမှာ နိုင်ငံအဆင့်တွင် အဆင့် ၁၀ အဖြစ် လုပ်ငန်းတာဝန်များပြားသည့်မြို့နယ်အဖြစ် သတ်မှတ်ခံထားရကြောင်း သိရှိရပါတယ်။ ရမ်းဗြဲမြို့နယ်ရှိ လမ်းများမှာ ပြည်နယ်အစိုးရက စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး ဘတ်ဂျက်ခွဲဝေချထားမှုနည်းပါးခဲ့သဖြင့် လမ်းများအခြေအနေ တိုးတက်ကောင်းမွန်အောင် မလုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ယခုအခါ နိုင်ငံအနှံ့အပြားတွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေချောမွေ့နိုင်စေရေးအတွက် ရန်ပုံငွေများချထားပေးလျက်ရှိရာ ရမ်းဗြဲမြို့နယ်ရှိလမ်းများအတွက်ပါ ပါဝင်လာသည်ကို သိရှိလာရပါတယ်။ သို့ပါသော်လည်းပဲ ရမ်းဗြဲမြို့နယ်ရှိလမ်းများမှာ မိုးရာသီတွင် ကားများသွားလာ၍မရအောင် ပျက်စီးနေသဖြင့် ဆက်သွယ်သွားလာရေးပြတ်တောက်မှုကို ယနေ့ထက်တိုင် ခံစားနေကြရပါတယ်။ ဒေသနေပြည်သူများက မကျေနပ်သဖြင့် ပြောဆိုဝေဖန် သရော်စာရေးသားမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလာသည်ကို မြင်တွေ့လာရပါတယ်။ ရမ်းဗြဲမြို့နယ်ရှိလမ်းများ ကောင်းမွန်မှုမရှိခြင်းမှာ လမ်းခင်းသည့်ကျောက်များ အရည်အသွေးမပြည့်မီခြင်း၊ လမ်းများကို နွေရာသီတွင် မြေသားများခင်းပြီး လမ်းကြိတ်စက်ဖြင့် ကြိတ်ထားကာ အမာခံကျောက်များ ထည့်ထားမှုမရှိသဖြင့် လမ်းများမှာ နွေရာသီတွင် ချောမောကောင်းမွန်ပြီး၊ မိုးရာသီတွင် ဗွက်ထကာ သွားလာ၍မရအောင် ပျက်စီးနေခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ရမ်းဗြဲမြို့နယ်ရှိ လမ်းများအခြေအနေ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့် ထိရောက်သောကြီးကြပ်စစ်ဆေးမှု၊ ထိန်းကျောင်းပေးမှုပြုလုပ်ရန် လိုအပ်နေပြီဖြစ်ပါ သဖြင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) ရမ်းဗြဲမြို့နယ်ရှိလမ်းများအတွက် အသုံးပြုထားသော လမ်းခင်းကျောက်များ အရည်အသွေးပြည့်မီရေးကို မည်သူက မည်သို့တာဝန်ယူ ဆောင်ရွက်ပေးပါသနည်း၊ (၂) ရမ်းဗြဲမြို့နယ်ရှိလမ်းများအတွက် ချထားပေးသော ရန်ပုံငွေနှင့်လုပ်ငန်း လုပ်ဆောင်မှုကိုက်ညီမှုရှိသည်၊ မရှိသည်ကို မည်သူက တာဝန်ယူစစ်ဆေးလက်ခံပေးပါသနည်း၊ (၃) ရမ်းဗြဲမြို့နယ်ရှိလမ်းများ အရည်အသွေးတိုးတက်ကောင်းမွန်ရေးအတွက် မည်သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ရမ်းဗြဲမြို့နယ်ဒေသနေပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ရွှေမှ မေးမြန်းထားတဲ့ ရမ်းဗြဲမြို့နယ်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလုပ်ဆောင်လျက်ရှိသော လမ်းများမှာ မော်တော်ကားများ ရာသီမရွေးသွားလာ၍မရအောင် ပျက်စီးနေမှုများအား မည်သို့ကြိုးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွင်းမှာ စနဲခိုမင်း(လမ်းဆုံ)-ရမ်းဗြဲလမ်း(ရမ်းဗြဲမြို့နယ် အပိုင်း) ၁၁ မိုင်၊ ပိန္နဲတောင်-ရမ်းဗြဲလမ်း ၉ မိုင် ၃ ဖာလုံ၊ ရမ်းဗြဲ-ကန်တော့ပြင်-ကျောက်ချောင်း-အောင်လှပြင်လမ်း ၁၃ မိုင် ၄ ဖာလုံ၊ ရမ်းဗြဲ-ဒေါရထလမ်း ၃ မိုင်၊ ရမ်းဗြဲ-လေးတောင်-သပြေဆိပ်လမ်း ၁၆ မိုင် ၆ ဖာလုံ၊ ကျောက်ချောင်း-လေးတောင်လမ်း ၆ မိုင်နဲ့ ရမ်းဗြဲ-ကျောက်နီမော်လမ်း ၂၅ မိုင် ၅ ဖာလုံ စုစုပေါင်း လမ်းအရှည် ၈၅ မိုင် ၂ ဖာလုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါလမ်းပိုင်းများအနက် ပိန္နဲတောင်-ရမ်းဗြဲလမ်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် လမ်းဦးစီးဌာနမှ လမ်းအသစ်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ရမ်းဗြဲ-လေးတောင်-သပြေဆိပ်လမ်း၊ ကျောက်ချောင်း-လေးတောင်လမ်းနဲ့ ရမ်းဗြဲ-ကျောက်နီမော်လမ်းတို့မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးအဖွဲ့ထံမှ လွှဲပြောင်းလက်ခံရယူခဲ့တဲ့ လမ်းများဖြစ်ပါတယ်။ ရမ်းဗြဲ-လေးတောင်-သပြေဆိပ်လမ်းတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က လမ်းချဲ့ခြင်း၊ Grade နှိပ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်နေရာများ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့၍ လမ်းပေါ်တွင် ဗွက်တန်းများ ဖြစ်ပေါ်ခဲ့ရပါတယ်။ အဆိုပါ ဗွက်တန်းများဖြစ်ပေါ်ခဲ့မှုအတွက် လမ်းဦးစီးဌာနအနေဖြင့် ၆ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြားတွင် ဗွက်များအားဖယ်ရှား၍ အကျယ် ၃၄ ပေ လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ၉ မိုင် ၁.၅ ဖာလုံနှင့် ၂.၅ ဖာလုံကြားတွင် အကျယ် ၂၆ ပေ လမ်းချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာပေပေါခွဲပြားများ ကာရံခြင်းတို့ကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိဘဲနဲ့ သွားလာနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရမ်းဗြဲမြို့နယ်အတွင်းရှိ လမ်း ၇ လမ်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလမှ စတင်ဘာလ ၆ လအထိ ဘဏ္ဍာရေးနှစ်နဲ့ နှစ်နှစ်နဲ့ ခြောက်လအတွင်းမှာ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၀၃၃ သန်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ ၁၈၈၇ သန်းရရှိခဲ့ပါတယ်။ အဆိုပါ လမ်းတစ်လမ်းချင်းကို ကတ္တရာ(သို့မဟုတ်)ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက လမ်းတစ်လမ်းအတွက်ကုန်ကျငွေမှာ ရန်ပုံငွေအားဖြင့် ကျပ်ဘီလီယံနဲ့ချီပြီး လိုအပ်သော်လည်းပဲ တစ်နှစ်ကို လမ်းတစ်လမ်းကို ပျမ်းမျှရန်ပုံငွေ ၂၈၇ သန်းသာလျှင် သုံးစွဲနိုင်တဲ့

အတွက် မြေကြီးလမ်းတွေများစွာ ကျန်ရှိနေသေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက အားမလိုအားမရဖြစ်ပြီးတော့ အဆိုပါလမ်းတွေကို ကတ္တရာလမ်း (သို့မဟုတ်)ကွန်ကရစ်လမ်းဖြစ်ဖို့ တောင်းဆိုခြင်းဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နားလည်သဘောပေါက်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအနေဖြင့် လမ်းအခြေအနေလျော့ကျမသွားဖို့အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အကုန်မှာတော့ ရမ်းပြဲမြို့နယ်အတွင်းမှာရှိတဲ့ (Paved Ratio)ကွန်ကရစ်(သို့မဟုတ်) ရင် ကတ္တရာလမ်းအဖြစ်ထားတဲ့ Ratio သည် ၂၀၁၅-၂၀၁၆ ခုနှစ်တုန်းက ၁၃.၅ ရာခိုင်နှုန်းပဲရှိတာကနေ အခု ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်မှာ ၂၄ ရာခိုင်နှုန်းအထိ (Paved Ratio) တိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဆိုလိုတာက (Paved Ratio) ၂၄ ရာခိုင်နှုန်းရှိတယ်ဆိုတာက ကတ္တရာလမ်းဖြစ်ပြီးတဲ့လမ်းသည် မိုင် ၁၀၀ မှာ ၂၄ မိုင်ဖြစ်ပြီးတော့ ကျန်တဲ့ ၇၆ မိုင်သည် မြေကြီးလမ်းပဲရှိနေသေးတယ်ဆိုတဲ့ အချိုးဖြစ်တဲ့အတွက် ကျန်တဲ့လမ်းတွေကိုလည်း တိုးတက်အောင် ဆောင်ရွက်ဖို့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ် ငွေလုံးငွေရင်း ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေတို့ဖြင့် ရမ်းပြဲမြို့နယ်အတွင်းရှိ လမ်းခုနစ်လမ်းတွင် ၃ မိုင် တစ်ဖာလုံအား အကျယ် ၁၈ ပေ ကွန်ကရစ်လမ်းခင်းခြင်း၊ ၅ မိုင် ၆.၅ ဖာလုံအား ကျောက်ချောလမ်းခင်းခြင်း၊ ၃ မိုင် တစ်ဖာလုံအား အမာခံလမ်းခင်းခြင်း၊ ၃ မိုင် တစ်ဖာလုံအား မြေသားတာပေါင်ချဲ့ခြင်း၊ ၅၀ ပေနှင့်အထက် တည်ဆောက်ဆဲ တံတားနှစ်စင်း၊ တံတားအသစ်တည်ဆောက်ခြင်းတစ်စင်းနှင့် ၅၀ ပေအောက်တံတားနှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းခွင်သုံးပစ္စည်းများအား အရည်အသွေးပြည့်မီမှုရှိဖို့အတွက် လမ်းဦးစီးဌာန သုတေသနဓာတ်ခွဲခန်းရုံးသို့ ပေးပို့စမ်းသပ်စစ်ဆေးပြီး အတည်ပြုခွင့်ပြုချက်ရရှိမှသာလျှင် အဆိုပါပစ္စည်းများကို အသုံးပြုဆောင်ရွက်စေလျက်ရှိပါတယ်။ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေနှင့် ကိုက်ညီမှန်ကန်မှုရှိ/မရှိ၊ ခွင့်ပြုလုပ်ငန်းအမျိုးအစားအရ ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏ ပြည့်မီမှန်ကန်မှုရှိ/မရှိတို့ကို ခန့်မှန်းခြေစာရင်းစစ်ဆေးခြင်း၊ လမ်းဦးစီးဌာန တာဝန်ရှိသူအဆင့်ဆင့်မှစစ်ဆေးခြင်း၊ ဌာနတွင်းစာရင်းစစ်(Internal Audits)နှင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး(External Audits)များမှ စာရင်းစစ်ဆေးခြင်းများအပြင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းတို့ကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။

တည်ဆောက်ရေးလုပ်ငန်းများအား အရည်အသွေးပြည့်မီစေရေးအတွက် သတ်မှတ်ထားတဲ့ (Geometric Design/ Pavement Design)အရ ဆောင်ရွက်စေခြင်း၊ တည်ဆောက်ချိန်ကာလတွင် သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်မှုရှိ/မရှိတို့ကို အရည်အသွေးထိန်းသိမ်းကွပ်ကဲရေးအဖွဲ့(Quality Control)တို့မှ လုပ်ငန်းအလိုက် အနီးကပ်စစ်ဆေးခြင်း၊ သက်ဆိုင်ရာခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်လမ်းဦးစီးဌာန တာဝန်ရှိသူအဆင့်ဆင့်မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်း၊ နေပြည်တော်ရုံးချုပ်မှ တာဝန်ရှိသူများမှ အခါအားလျော်စွာ ကြီးကြပ်

ဆောင်ရွက်ခြင်းအပြင် နောက်ဆုံးအဆင့်အနေဖြင့် နေပြည်တော်ရုံးချုပ်ရှိ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ အရည်အသွေးထိန်းသိမ်းရေး(QC)အဖွဲ့များက ထပ်မံစစ်ဆေးစေခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီးတော့ ရခိုင်ပြည်နယ်အတွင်း၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်ဖြင့်(Third Party Inspection)အဖွဲ့တို့ထားရှိပြီးတော့ တည်ဆောက်ရေးလုပ်ငန်းများ၏ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိ/မရှိတို့ကို ရခိုင်ပြည်နယ်အစိုးရအနေနဲ့လည်းပဲ ထပ်မံစစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ လမ်းကွန်ရက်များ ပိုမိုချိတ်ဆက်လွယ်ကူစွာ သွားလာနိုင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ၏ သတ်မှတ်(Design)အရ သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစေရေးတို့ကို လမ်းဦးစီးဌာနအနေဖြင့် အထူးအလေးထား တာဝန်ယူအကောင်အထည်ဖော် လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ပေါင်းစပ်၍ တိုးတက်မှု ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စုမှ ကုလားရောင်ကျေးရွာအုပ်စုအထိ ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ခြင်းနှင့် မြေနီကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီကနေ့မေးမြန်းလိုတဲ့မေးခွန်း ကတော့ တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စုမှ ကုလားရောင်ကျေးရွာအုပ်စုအထိ ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဖြစ် ဆက်လက်ဖောက်လုပ်ခြင်းနှင့် မြေနီကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စုမှ ကုလားရောင်ကျေးရွာအုပ်စုအထိ ကျေးရွာ ချင်းဆက်လမ်းမှာ ၁၁ မိုင်ရှိပါတယ်။ ထိုလမ်းပေါ်မှာပဲ ကျေးရွာအုပ်စု လေးခု၊ ကျေးရွာပေါင်း ၆၀ ရှိပြီး လူဦးရေ ၆၆၀၀ ကျော် အသုံးပြုလျက်ရှိပါတယ်။ ဟိုအရင်တုန်းကတော့ ဒီလမ်းကြီးဟာ လမ်းကြမ်းအဖြစ်သာရှိခဲ့ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာစပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သန်း ၂၀၀ ခန့်ဖြင့် မြေသားလမ်း ၇ မိုင်ကို ဖောက်လုပ်ခဲ့ပါတယ်။ ယခုလက်ရှိ ဖောက်လုပ်ရန် ၄ မိုင် လိုအပ်လျက်ရှိသည့်အပြင် ဖောက်လုပ်ပြီးမြေသားလမ်းနှင့် လမ်းကြမ်းကြားတွင် ပေ ၃၀၀ ကျော်ခန့်ရှိသော ချောင်းကူးတံတားတစ်စင်းပါ လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်ရှင်။ ကျွန်မတို့ ဒါ အခုလက်ရှိ ၂၀၁၇-၂၀၁၈ ခုနှစ်ကနေပြီးဖောက်လုပ်ထားတဲ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ ရခိုင် ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ဖောက်လုပ်ထားတဲ့ သလိမ်ပြင်နဲ့ နတ်မော်လမ်းပိုင်းဖြစ်ပါတယ်။ ဒါကတော့

ဖောက်လုပ်ပြီးမြေသားလမ်းပိုင်းဆုံးတဲ့ နေရာဖြစ်ပါတယ်။ ဒါကတော့ တံတားထိုးမယ့်နေရာ ချောင်းကို မရောက်ခင်မှာ ခေါ်းမကျဘက်ကနေပြီးတော့ ဆက်လက်ဖောက်လုပ်ရန်ကျန်ရှိနေတဲ့လမ်းပိုင်း ဖြစ်ပါတယ်။ ဒါကတော့ အခုလက်ရှိ တံတားဆောက်လုပ်ရန်နေရာသတ်မှတ်ထားတဲ့ မင်းလမ်းချောင်း တံတားထိုးမယ့်နေရာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒါ ဒီဘက်က ခေါင်းလောင်းတူ ဘက်ကနေပြီးတော့ တံတားထိုးမယ့်နေရာဖြစ်ပါတယ်။ ဒါကကျတော့ ကျွန်မတို့ ခေါင်းလောင်းတူနဲ့ ကုလားရောင်လမ်းပိုင်း တံတားထိုးပြီးလို့ရှိရင် နောက် တစ်ဖက်ကမ်း ကုလားရောင်ဘက်ကိုသွားမယ့် ကုလားရောင်ဘက် ခေါင်းလောင်းတူလမ်းပိုင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခု ဒီလမ်းမကြီးကို ဖောက်လုပ်လိုက်မယ်ဆိုရင် ခုနဖော်ပြခဲ့တဲ့ ကျေးရွာအုပ်စု လေးအုပ်စုအပြင် ကုလားရောင်ကျေးရွာအုပ်စုနဲ့ မြစ်တစ်ဖက်ကမ်းက ဘရင်းကျွန်းမှာရှိတဲ့ အရှေ့ဘက်ကျေးရွာအုပ်စုနဲ့ ငမောက်ချောင်းကျေးရွာအုပ်စုနှစ်စု ကျေးရွာပေါင်း ၁၈ ရွာ၊ လူဦးရေ တစ်သောင်းကျော်ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီလမ်းတစ်လျှောက်မှာရှိတဲ့ ရွာတိုင်း ရွာတိုင်းဟာ တောင်ကုတ်မြို့ရဲ့ ရေထွက်ပစ္စည်း အများဆုံးထွက်တဲ့ရွာတွေ ဖြစ်ကြပါတယ်။ ထို့အပြင် ကုန်သွယ်စီးဆင်းမှုမှာလည်း နာရီဝက်ခန့်ဖြင့် တောင်ကုတ်မြို့ကို မြန်မြန်ဆန်ဆန်ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ယခုလက်ရှိအချိန်တွင် အဲဒီကျေးရွာတွေဟာ တောင်ကုတ်မြို့ကိုလာတဲ့အခါမှာ ရေလမ်း တစ်ခုတည်းကိုသာ အသုံးပြုကြရပြီး သုံးနာရီခန့် ကြာမြင့်ပါတယ်။ အကယ်၍ ထိုကျေးရွာများတွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်၍ အရေးပေါ်ကိစ္စပေါ်ပေါက်လျှင် အခက်အခဲများစွာရင်ဆိုင်ကြရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီရေကျတဲ့အချိန်နဲ့ ကြုံတွေ့တဲ့အခါ တွေမှာဆိုရင် သောင်တွေထွန်းပြီးတော့ ဒီရေတက်တဲ့အချိန်ကို စောင့်ဆိုင်းကြရသဖြင့် အချိန်ပို၍ ကြာမြင့်တတ်ပါတယ်။ ကိုယ်သွားချင်တိုင်းသွား၊ လာချင်တိုင်းလာလို့ရတဲ့နေရာတွေမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီလမ်းပေါ်မှာရှိတဲ့ တံတားဟာလည်း မဖြစ်မနေထိုးရမယ့်တံတားဖြစ်ပါ တယ်။ သို့ဖြစ်ပါ၍ နတ်မော်-ကုလားရောင်ကျေးရွာ ချင်းဆက်လမ်းအား ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်လုပ်ဆောင်မည်ကို သိရှိလိုတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်မှ မေးမြန်းထားတဲ့ တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စု မှ ကုလားရောင်ကျေးရွာအုပ်စုအထိ ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းအဖြစ် ဆက်လက် ဖောက်လုပ်ခြင်းနှင့် မြေနီကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိသိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်ကျေးရွာအုပ်စုမှ ကုလားရောင်ကျေးရွာ

အုပ်စုအထိ ကျေးရွာချင်းဆက်လမ်းအရှည် ၁၁ မိုင် ၄.၇၇ ဖာလုံ၏ လက်ရှိအခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း ၅ မိုင် ၂.၄၁ ဖာလုံကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့ပြီး ၎င်းလမ်းပိုင်းတွင် မင်းလမ်းချောင်းတံတားအရှည် ပေ ၄၀၀ ခန့်နှင့် Box Culvert (၂၃)စင်းတို့ကို တည်ဆောက်ပေးရန်နှင့် မြေသားလမ်းပိုင်း ၆ မိုင် ၂.၃၆ ဖာလုံ ဆက်လက်ဖောက်လုပ်ရန် ကျန်ရှိပါတယ်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဆက်လက်ဖောက်လုပ်ရန် လိုအပ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြန်လည်ထွက်နိုင်ပါတယ်။

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း(အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မဲဆန္ဒနယ်မှ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင် ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့အထိ ကော်မတီ၏တစ်နှစ်စာလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ကော်မတီ၏တာဝန်ပေးချက်အရ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၄-၂-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၆-၂-၂၀၁၇ ရက်နေ့တွင် ကော်မတီအဖွဲ့ဝင်နှစ်ဦးအား ထပ်မံဖြည့်သွင်းဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကိုလည်း လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မတီဝင်စုစုပေါင်း ၁၇ ဦးနှင့် လေ့လာသူနှစ်ဦးတို့ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီက စိစစ်ရသည့် ဥပဒေများအနက် ပြဋ္ဌာန်းပြီးဥပဒေများမှာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ ကာကွယ်တားဆီးရေးဥပဒေ၊ ဘွိုင်လာဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ(အသစ်)တွင်လည်း ကော်မတီအနေဖြင့် ပါဝင်ရေးဆွဲခဲ့ပါတယ်။ ကော်မတီမှ ဆောင်ရွက်ဆဲဥပဒေကြမ်းများမှာ စက်မှုဇုန်ဥပဒေ ၎င်းဥပဒေကိုလည်း မကြာမီ

လွှတ်တော်သို့ တင်ပြနိုင်တော့မည်ဖြစ်ပါတယ်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအား စက်မှုလုပ်ငန်းဥပဒေအဖြစ် ပြောင်းလဲရေးဆွဲဆွေးနွေးနေဆဲ ဖြစ်ပါတယ်။

## ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ

ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ ပြည်တွင်းပြည်ပအဖွဲ့အစည်း ၁၁ ခုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဆိုပါဆွေးနွေးပွဲများတွင် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလာရောက်ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာ)ဓာတ်အားပေးစက်ရုံ တည်ဆောက်မယ့်စီမံကိန်းအစီအစဉ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များ၊ အပြုသဘောဆောင်သည့် လေ့လာတွေ့ရှိချက်များနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတွင် ထည့်သွင်းသင့်သည့်အချက်အလက်များကို ဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးခဲ့သည့် အဖွဲ့အစည်းများရဲ့အခြေအနေကို နောက်ဆက်တွဲ(ခ)တွင် တင်ပြထားပြီးဖြစ်ပါတယ်။

## ပြည်ပခရီးစဉ်သွားရောက်မှုအခြေအနေ

ကော်မတီဝင်များအနေဖြင့် စင်ကာပူနိုင်ငံတွင် ကျင်းပသည့်ဆွေးနွေးပွဲများ၊ တရုတ်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် ညီလာခံများ၊ ချစ်ကြည်ရေးခရီးစဉ်များ၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံပါလီမန်အထွေထွေညီလာခံနှင့် အီတလီနိုင်ငံတွင် ကျင်းပခဲ့သည့် အစည်းအဝေးများကို တက်ရောက်ရန်အတွက် သွားရောက်ခဲ့ကြပါတယ်။ ခရီးစဉ်နှင့် အကြောင်းအရာများကို နောက်ဆက်တွဲ(ဂ)တွင် ဖော်ပြထားပါတယ်။ ကော်မတီဝင်များရဲ့ ကော်မတီအစည်းအဝေးကျင်းပခြင်းများကို နောက်ဆက်တွဲ(က)တွင်လည်းကောင်း၊ Work shop နှင့် Seminar တက်ရောက်မှုများကို နောက်ဆက်တွဲ(ဃ)တွင်လည်းကောင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုတင်သွင်းမှုအခြေအနေများကို နောက်ဆက်တွဲ(င)တွင်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များထံ သို့ ဖြန့်ဝေထားသည့်စာမှာ ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်။

## ကော်မတီ၏သုံးသပ်အကြံပြုချက်

ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၇ ခုနှစ်တွင် လက်ခံတွေ့ဆုံခဲ့သော နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများအနက် လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ အများဆုံးဖြစ်ပါတယ်။ နိုင်ငံတော်၏ စက်မှုထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အဓိကအခြေခံအားဖြင့် အရေးကြီးဆုံးလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိရေးပင်ဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံရဲ့လိုအပ်ချက်အရ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် နိုင်ငံတကာမှ စိတ်ဝင်စားကြပါတယ်။ ရေအားလျှပ်စစ်ဓာတ်အား၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား၊ LNG ဓာတ်ငွေ့ရည်သုံးလျှပ်စစ်ဓာတ်အားနှင့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်မည့်နိုင်ငံတကာမှကုမ္ပဏီတို့သည် လွှတ်တော်အသီးသီးရှိသက်ဆိုင်ရာကော်မတီများသို့ လာရောက်တွေ့ဆုံကာ ယင်းတို့၏လုပ်ငန်းစဉ်များကို ရှင်းလင်း

တင်ပြကြပါတယ်။ Clean Coal Technology ဖြင့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် နိုင်ငံတော်၏ဘဏ္ဍာငွေများစွာကို ခြိုးခြံချွေတာနိုင်သည့်အပြင် နိုင်ငံတော်အတွက် အဓိကကဏ္ဍကြီးဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို Base Load အဖြစ် ရရှိစေမည် ဖြစ်ပါတယ်။ National Energy Plan အရ Generation Mixed ကို အခြေခံပြီး ခေတ်မီနိုင်ငံကြီးများ ဖြစ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လွန်စွာအလေးအနက်ထားသည့် ဂျာမနီ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အမေရိကန်၊ ရုရှား အစရှိသည့်နိုင်ငံကြီးများတွင် ကျောက်မီးသွေး Coal Fired Power Plant များမှ လျှပ်စစ်ဓာတ်အား ထုယ်ယူသုံးစွဲလျက်ရှိပါတယ်။ ပြင်သစ်နိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့များတွင် ကျင်းပခဲ့သော World Environmental Forum 2015 ၏ မူဝါဒနှင့်အညီ Coal Fired Power Plant များမှ ၂၀၅၀ ခုနှစ်အထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်သွားရန်နှင့် ၂၀၅၀ ခုနှစ် နောက်ပိုင်းမှ တဖြည်းဖြည်းလျှော့ချသုံးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် Clean Coal Technology နည်းပညာအရ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အန္တရာယ်ဖြစ်မှုအလွန်နည်းပါးစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ သုံးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုကို အသိပညာပေးစည်းရုံးဆောင်ရွက်သင့်ပါတယ်။ ကော်မတီနှင့်သက်ဆိုင်သည့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြင်ဆင်သည့်ဥပဒေ၊ နည်းဥပဒေများ ဆောင်ရွက်ရန်ရှိပါက ကော်မတီက ကြိုတင်ပြင်ဆင်လေ့လာနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းမှုများ ပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ဆောင်ရွက်ချက်များကို Website နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အများပြည်သူတို့ သိရှိရန်တင်ပြသည်ကို ကြိုဆိုပါကြောင်း၊ ကော်မတီသို့ သီးခြားပေးပို့လာပါက လွှတ်တော်ကော်မတီနှင့် ကော်မရှင်တို့ အမြဲထိတွေ့ဆက်ဆံမှုရှိပြီး လွှတ်တော်ကော်မတီတို့၏ အရေးပါမှုကိုလည်း သိသာထင်ရှားပေါ်လွင်စေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုမိန့်ရရှိပြီးသော်လည်း ရပ်တန့်နေသည့်လုပ်ငန်းများ၊ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများရှိနေပါတယ်။ လုပ်ငန်းရှင်များက အရင်းအနှီးအခက်အခဲရှိ၍ လုပ်ငန်းမဆောင်ရွက် နိုင်ခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လိုအပ်သလိုဆောင်ရွက်ရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ခွင့်ပြုမိန့်ကို စောင့်ဆိုင်းရသည့်အတွက် မစတင်နိုင်သေးသောလုပ်ငန်းများလည်း ရှိပါတယ်။ အချို့လုပ်ငန်းများမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး MoU၊ MoA လက်မှတ်ရေးထိုးပြီး ငါးနှစ်ကျော်ကာလရှိသည့်တိုင် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ခွင့်ပြုမိန့်ကို စောင့်ဆိုင်းနေရဆဲဖြစ်သည်ကို တွေ့ရှိရပါတယ်။ ယင်းအခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ဆုံးစိစစ်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံခြားချေးငွေများ ရရှိပြီးသော်လည်း သတ်မှတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါက ချေးငွေများကို ပြန်လည်အပ်နှံရမည့် အခက်အခဲများကို ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများ ရင်ဆိုင်ရဖွယ်ရှိပါတယ်။

တစ်ဖန် နိုင်ငံတော်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအပေါ် ရရှိထားသည့် နိုင်ငံခြားချေးငွေကို အခြားနိုင်ငံများသို့ လွှဲပြောင်းရောက်ရှိသွားသော သာဓကများလည်း ရှိပါတယ်။ ၎င်းအခြေအနေများကို စဉ်းစားသုံးသပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက စောနိုင်သမျှဆောလျင်စွာ အမြန်ဆုံးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ငါးနှစ်ဆက်တိုက်အရှုံးပေါ်နေသော နိုင်ငံပိုင်စက်ရုံ၊

အလုပ်ရုံ ၂၄ ခုကို ပြန်လည်လေ့လာသုံးသပ်နိုင်ရန်အတွက် ယာယီရပ်ဆိုင်းရန် ပြည်ထောင်စုလွှတ်တော်မှ ဆုံးဖြတ်ထားပါတယ်။ ၎င်းကိစ္စကို ပြည်ထောင်စုအစိုးရမှ ကျယ်ကျယ်ပြန့်ပြန့်လေ့လာသုံးသပ်ပြီး မည်သို့မည်ပုံစီမံဆောင်ရွက်မည်ကို လွှတ်တော်သို့ အမြန်ဆုံးပြန်လည်တင်ပြရန် တိုက်တွန်းအပ်ပါတယ်။ မည်သည့်စက်ရုံကို ပုဂ္ဂလိကပိုင်ပြုလုပ်မည်။ မည်သည့်စက်ရုံကို PPP၊ JV၊ Profit Share ပြုလုပ်မည်။ မည်သည့်စက်ရုံများကို နိုင်ငံပိုင် စက်ရုံများအဖြစ် ဆက်လက်လည်ပတ်မည်စသည့် Action Plan များ ရေးဆွဲ၍ ပြည်ထောင်စုအစိုးရမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆွေးနွေးဆုံးဖြတ်ချက်ရယူပြီး ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါတယ်။ စက်မှုဝန်ကြီးဌာန၏ သင်တန်းကျောင်း(၆)ကျောင်းတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကျွမ်းကျင်လူသားအရင်းအမြစ်များ မွေးထုတ်ရာ၌ အရေအတွက်နှင့် အရည်အချင်းကို ပိုမိုတိုးတက်မြင့်မားစေရန် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။ နိုင်ငံစီးပွားရေးတိုးတက်ရန် ပြည်ပမှသွင်းကုန်များ လျှော့ချနိုင်ရန်၊ ပြည်တွင်းရှိ SME အုပ်စုဝင်လုပ်ငန်းများ အားကောင်းလာစေရန် လိုအပ်ပါတယ်။ SME လုပ်ငန်းများအားကောင်းလာစေရန် အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီးဖြစ်ပါတယ်။ ဘဏ်များအနေဖြင့် အတိုးနှုန်းနည်းပြီး ချေးငွေသက်တမ်း နှစ်ရှည်ချေးယူနိုင်ရန်အစီအစဉ်များ ဆောင်ရွက်ပေးရန် တိုက်တွန်းအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့နှင့် ဆက်စပ်သည့်ဥပဒေများအား ရေးဆွဲပြဋ္ဌာန်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်း၊ ထိန်းညှိခြင်းတို့အပြင် နိုင်ငံတော်၏ဘတ်ဂျက်များအား စိစစ်ခြင်းဖြင့် ကော်မတီ၏တာဝန်များကို ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တာဝန်ပေးအပ်လာသည့်ကိစ္စရပ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းများ အတည်ပြုနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

## ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်
## ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
## ၂၀၁၇ ခုနှစ်၊ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

### နိဒါန်း

၁။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီသည် ၂၄-၂-၂၀၁၈ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သည့်အတွက် တစ်နှစ်တာကာလအတွင်း ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ပါရန် အစီရင်ခံစာ ရေးသားပြုစုတင်ပြအပ်ပါသည်။

## ရည်ရွယ်ချက်

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုသိရှိပြီး လိုအပ်ချက်များကို လမ်းညွှန်မှုပြုနိုင် ပါရန်။

## ဖွဲ့စည်းခြင်း

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်း အဝေး၏ (၁၁)ရက်မြောက်နေ့ဖြစ်သည့် ၂၄.၂.၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆)ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၆.၂.၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇) ဖြင့်ကော်မတီဝင်(၂)ဦးအား ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပြီး ၁၆.၂.၂၀၁၇ ရက်နေ့တွင် အမိန့်အမှတ်(၁/၂၀၁၇)ဖြင့် တပ်မတော်သား ကိုယ်စားလှယ်(၂)ဦးအား လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပြီး ကော်မတီဝင်စုစုပေါင်း (၁၇)ဦးနှင့် လေ့လာသူ(၂)ဦးတို့ဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| ဦးဝင်းသိန်းဇော် | ဆားလင်းကြီးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | ပေါင်းတည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးသန်းညွန့် | ဖြူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးနေလင်းထွန်း | ဘုတ်ပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးကျော်စိုး | ဇန်းမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးသန့်ဇင်ထွန်း | ဒက္ခိဏသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဒေါက်တာအောင်နိုင် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအုန်းလွင် | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးဝင်းထွဋ် | ဖျာပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအောင်ကျော်ကျော်ဦး | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးအောင်ခင်ဝင်း | မြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးနိုယာအုပ် | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| ဗိုလ်မှူးကြီးကြည်ရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ဦးစိုးမြင့်(ခ) ဦးစိုးလွင် | ငဖဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးစိုးစံသက်ထွန်း | မြင်းမူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ဦးသက်လွင်(ခ) ဦးပေါခင် | မြင်းခြံမဲဆန္ဒနယ် | အတွင်းရေးမှူး |

**လေ့လာသူများ**

| | | |
|---|---|---|
| ဒုတိယဗိုလ်မှူးကြီးခင်မောင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြည် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

**ကော်မတီ၏သက်တမ်း**

၅။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။ ၂၄.၂.၂၀၁၇ ရက်နေ့တွင် ကော်မတီသက်တမ်းသည် တစ်နှစ်ပြည့်မြောက်ပြီးဖြစ်၍ သက်တမ်း တစ်ကြိမ်တိုးပြီးဖြစ်ပါသည်။

၆။ ကော်မတီ၏ အင်္ဂလိပ်အမည်မှာ Investment and Industrial Development Committee ဖြစ်ပါသည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများ**

၇။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို လုပ်ငန်းတာဝန်(၇)ရပ်ဖြင့်လည်းကောင်း၊ လုပ်ပိုင်ခွင့်(၅)ရပ်ဖြင့်လည်းကောင်း၊ ရပိုင်ခွင့်နှင့် အခွင့်အရေး(၃)ရပ်တို့ဖြင့် သတ်မှတ်တာဝန်ပေးအပ်ထားပါသည်။

**ဥပဒေပြုခြင်း**

၈။ ကော်မတီသည် ဥပဒေပြုရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ခွဲဝေသတ်မှတ်ပေးချက်အရ စက်မှုဝန်ကြီးဌာန၏ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ(ဥပဒေအမှတ်-၂၂/၁၉၉၀)၊ ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၂၈/၂၀၁၃)နှင့် ဘွိုင်လာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉/၂၀၁၅)များအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၏(The Myanmar Patents and Designs (Emergency Provision) Act,1946 (India Act, 1946,Vol.) ဥပဒေကို လည်းကောင်း၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လေ့လာသုံးသပ် ပယ်ဖျက်၊ ပြင်ဆင်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရပါသည်။

(က) **ကော်မတီက စိစစ်ရသည့်ဥပဒေများအနက် ပြဋ္ဌာန်းပြီးဥပဒေများ**

(၁) ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈ / ၂၀၁၃)

(၂) ဘွိုင်လာဥပဒေ( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ / ၂၀၁၅)

**မူကြမ်း**

(ခ) **ကော်မတီမှ ဆောင်ရွက်ဆဲဥပဒေကြမ်းများ**

(၁) စက်မှုဇုန်ဥပဒေ(မူကြမ်း)၊

(၂) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၂၂/၁၉၉၀)အား စက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အဖြစ် ပြောင်းလဲဆွေးနွေးဆဲဖြစ်ကြောင်း။

## တိုင်ကြားစာနှင့် အကူအညီတောင်းခံသည့်ကိစ္စရပ်များအား ဆောင်ရွက်ထားရှိမှု အခြေအနေ

၉။ ၂၃.၂.၂၀၁၇ ရက်နေ့တွင် Liveaboard အဆင့်မြင့်ဟိုတယ်တည်ဆောက်နိုင်ရေးအတွက် ကူညီမှုများပြုပေးပါရန်ကိစ္စအား ဒုတိယအကြိမ် ထပ်မံပေးပို့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့်ညှိနှိုင်း၍ ပေးပို့သူထံအကြောင်းပြန်ကြားပြီးဖြစ်သည်။ ၁၈.၁.၂၀၁၈ ရက်နေ့တွင် ရွှေကမ္ဘောဇ ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်းရှိ ကျူးကျော်များရှင်းလင်းရေးအတွက် တင်ပြလာခြင်းနှင့်ပတ်သက်၍ ကော်မတီမှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် လွှဲပြောင်းပေးပို့ခဲ့ပါသည်။

## ကော်မတီအစည်းအဝေးကျင်းပခြင်း

၁၀။ ကော်မတီသည် စတုတ္ထပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအတွင်း လွှတ်တော်အစည်းအဝေးကျင်းပမှုအပေါ် မူတည်၍ ကော်မတီအစည်းအဝေးများကို တစ်ပတ်လျှင် (၂) ကြိမ်မှ (၃)ကြိမ်အထိ ပြုလုပ်ပါသည်။ ခွင့်တိုင်ကြားပျက်ကွက်သူများမှအပ ကျန်ကော်မတီဝင်များသည် ကျင်းပသည့် ကော်မတီအစည်းအဝေးများသို့ စုံစုံညီညီတက်ရောက်ကြပါသည်။ ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃၆)ကြိမ်၊ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့(၁၂)ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် (၁၁)ကြိမ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ၎င်းဆွေးနွေးမှုများအား နောက်ဆက်တွဲ(က)ဖြင့် တင်ပြအပ်ပါသည်။

## ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု

၁၁။ ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း(၁၁)ခုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများတွင် စီးပွားရေးအကျိုးတူပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကိစ္စရပ်များ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းစဉ်များ၊ နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာ)ဓါတ်အားပေးစက်ရုံတည်ဆောက်မည့် စီမံကိန်းအစီအစဉ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များ၊ ရည်ရွယ်ချက်များ၊ အပြုသဘောဆောင်သည့် လေ့လာတွေ့ရှိချက်များနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေတွင် ထည့်သွင်းသင့်သည့်အချက်အလက်များစသည်တို့ကို ဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးခဲ့သည့်အဖွဲ့အစည်းများ၏ အခြေအနေကို နောက်ဆက်တွဲ(ခ) ဖြင့် တင်ပြအပ်ပါသည်။

**ကော်မတီဝင် (၇) ဦး၏ ပြည်ပခရီးစဉ်သွားရောက်မှု**

၁၂။ ကော်မတီဝင်များအနေဖြင့် စင်္ကာပူနိုင်ငံတွင်ကျင်းပသည့် ဆွေးနွေးပွဲများ၊ တရုတ်နိုင်ငံတွင် ပြုလုပ်သည့် ညီလာခံများ၊ ချစ်ကြည်ရေးခရီးစဉ်များ၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသည့် အာဆီယံ ပါလီမန်အထွေထွေညီလာခံနှင့် အီတလီနိုင်ငံတွင် ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက် နိုင်ရန်အတွက် သွားရောက်ခဲ့ကြပါသည်။ ခရီးစဉ်အစည်းအဝေးနှင့် အကြောင်းအရာများကို နောက်ဆက်တွဲ(ဂ)ဖြင့် တင်ပြအပ်ပါသည်။

**ကော်မတီဝင်များ Workshop နှင့် Seminar တက်ရောက်မှု**

၁၃။ ကော်မတီဝင်များ၏ Workshop နှင့် Seminar တက်ရောက်မှုတွင် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်(၁၇)ဦးမှ Workshop (၆၈)ကြိမ်၊ Seminar (၈)ကြိမ် တက်ရောက်ခဲ့ပါသည်။ တက်ရောက်မှုအခြေပြဇယားကို နောက်ဆက်တွဲ(ဃ)ဖြင့် တင်ပြအပ်ပါ သည်။

**ကော်မတီဝင်များ၏ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုတင်သွင်းမှုအခြေအနေများ**

၁၄။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ၂၅.၂.၂၀၁၇ ရက်နေ့မှ ၂၄.၂.၂၀၁၈ ရက်နေ့ အထိ တစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများအား မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းများကို ကော်မတီဝင်(၁၀)ဦးမှ မေးခွန်း (၁၅)ခု မေးမြန်းခြင်းနှင့် အဆို(၁)ခု တင်သွင်းနိုင်ခဲ့ပါသည်။ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုတင်သွင်းမှုအခြေအနေများအား နောက်ဆက်တွဲ(င)ဖြင့် တင်ပြအပ်ပါသည်။

**သုံးသပ်အကြံပြုချက်**

၁၅။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်းအကြံပြုတင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ၂၀၁၇ ခုနှစ်တွင် လက်ခံတွေ့ဆုံခဲ့သော နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများအနက် လျှပ်စစ် စွမ်းအင်ကဏ္ဍမှာ အများဆုံးဖြစ်သည်။ နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကအခြေခံအားဖြင့် အရေးကြီးဆုံးလိုအပ်ချက်မှာ လျှပ်စစ် ဓာတ်အား ဖူလုံစွာရရှိရေးပင်ဖြစ်သည် ။

(ခ) ယနေ့မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် နိုင်ငံတကာမှ စိတ်ဝင်စားကြသည်။ ရေအားသုံးလျှပ်စစ်ဓါတ်အား၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓါတ်အား၊ LNG ဓါတ်ငွေ့ရည်သုံး လျှပ်စစ်ဓါတ်အား နှင့်ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်မည့် နိုင်ငံတကာမှ ကုမ္ပဏီတို့ သည် လွှတ်တော်အသီးသီးရှိ သက်ဆိုင်ရာကော်မတီများသို့ လာရောက်တွေ့ဆုံကာ ယင်းတို့၏လုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြကြပါသည်။

(ဂ) အခြားစွမ်းအင်များမှ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်း၌ နေရာဒေသအလိုက် ရွေးချယ်ဆောင်ရွက်ရန် အဆင်ပြေနိုင်သော်လည်း Clean Coal Technology ဖြင့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓါတ်အားထုတ်လုပ်မှုတွင် ပြည်သူလူထု၏ လက်ခံနားလည်မှုရရှိရန် အခက်အခဲများနှင့် အငြင်းပွားမှုများ ရှိနိုင်ပါသည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာကို ခြိုးခြံချွေတာနိုင်သည့်အပြင် နိုင်ငံတော်အတွက် အဓိကအားနိုင်သည့် တည်ငြိမ်သော လျှပ်စစ်ဓါတ်အားထုတ်လုပ်မှုကို Base Load အဖြစ် ရရှိစေမည်ဖြစ်ပါသည်။

(ဃ) National Energy Plan အရ Generation Mixed ကို အခြေခံပြီး ခေတ်မီနိုင်ငံကြီးများဖြစ်သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လွန်စွာအလေးအနက်ထားသည့် ဂျာမဏီ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အမေရိကန်၊ ရုရှား အစရှိသည့် နိုင်ငံကြီးများတွင် Coal Fired Power Plant များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲကြပါသည်။

(င) ပြင်သစ်နိုင်ငံတွင် ၂၀၁၅ ခု၊ မတ်လ ၁၀ ရက်နှင့် ၁၁ ရက်များအတွင်း ကျင်းပခဲ့သော (World Environmental Forum 2015) ၏ မူဝါဒနှင့်အညီ Coal Fired Power Plant များမှ ၂၀၅၀ ခုနှစ်အထိ လျှပ်စစ်ဓါတ်အား ထုတ်လုပ်သွားရန်နှင့် ၂၀၅၀ ခုနှစ်နောက်ပိုင်းမှ တဖြည်းဖြည်းလျှော့ချသွား ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် Clean Coal Technology နည်းပညာအရ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အန္တရာယ်ဖြစ်မှု အလွန်နည်းပါးစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြည်သူလူထုကို အသိပညာပေး စည်းရုံးဆောင်ရွက်သင့်ပါသည်။

(စ) ကော်မတီနှင့် သက်ဆိုင်သည့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြဋ္ဌာန်းပြင်ဆင်မည့်ဥပဒေ၊ နည်းဥပဒေများ ဆောင်ရွက်ရန်ရှိပါက ကော်မတီက ကြိုတင်ပြင်ဆင်လေ့လာနိုင်ရန် အချိန်နှင့်တပြေးညီ ညှိနှိုင်းမှုများ ပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆောင်ရွက်ချက်များကို Website နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အများပြည်သူတို့ သိရှိရန် တင်ပြသည်ကို ကြိုဆိုပါကြောင်း၊ ကော်မတီသို့ သီးခြားပို့ပေးပါက လွှတ်တော်ကော်မတီနှင့် ကော်မရှင်တို့ အမြဲထိတွေ့ဆက်ဆံမှုရှိပြီး လွှတ်တော် ကော်မတီတို့၏ အရေးပါမှုကိုလည်း သိသာထင်ရှားပေါ်လွင်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ ခွင့်ပြုမိန့်ရရှိပြီးသော်လည်း ရပ်တန့်နေသောလုပ်ငန်းများ၊ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးသောလုပ်ငန်းများလည်း ရှိနေပါသည်။ လုပ်ငန်းရှင်က အရင်းအနှီးအခက်အခဲရှိ၍ လုပ်ငန်းမဆောင်ရွက်နိုင်ခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လိုအပ်သလို ဆောင်ရွက်ရန်ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုမိန့်ကို စောင့်ဆိုင်းရသည့်အတွက် မစတင်နိုင်သေးသော လုပ်ငန်းများလည်းရှိပါသည်။ အချို့လုပ်ငန်းများမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး MOU, MOA လက်မှတ်ရေးထိုးပြီး (၅)နှစ်ကျော်ကာလရှိသည့်တိုင် သက်ဆိုင်ရာဝန်ကြီးဌာန များ၏ခွင့်ပြုမိန့်ကို စောင့်ဆိုင်းနေရဆဲ

ဖြစ်သည်ကို တွေ့ရှိရပါသည်။ ယင်းအခက်အခဲကိုမူ သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ဆုံး စိစစ်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံခြားဈေးငွေများ ရရှိပြီးဖြစ်သော်လည်း သတ်မှတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိပါက ဈေးငွေများကို ပြန်လည် အပ်နှံရမည့် အခက်အခဲများကို ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ ရင်ဆိုင်ရဖွယ်ရှိပါသည်။ တစ်ဖန်နိုင်ငံတော်အတွင်းမှာ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းအပေါ် ရရှိထားသည့် နိုင်ငံခြား ဈေးငွေကို အခြားနိုင်ငံများသို့ လွှဲပြောင်းရောက်ရှိသွားသော သာဓကများရှိခဲ့သည်ကို လည်း စဉ်းစားသုံးသပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက စောနိုင်သမျှစောလျင်စွာ အမြန်ဆုံးစိစစ် ဆောင်ရွက်သင့်ပါသည်။

(ဆ) စက်မှုဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ဘတ်ဂျက်ကို စိစစ်ရာ၌ ဘတ်ဂျက်နှစ်အတွင်း ပြီးစီးနိုင်မည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အနီးစပ်ဆုံးခန့်မှန်းတွက်ချက် တောင်းဆိုသင့်ပါကြောင်း အကြံပြု တိုက်တွန်းအပ်ပါသည်။

(ဇ) ၅ နှစ်ဆက်တိုက် အရှုံးပေါ်နေသော နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ (၂၄)ခုကို ပြန်လည် လေ့လာသုံးသပ်ရန်အတွက် ယာယီရပ်ဆိုင်းထားရန် ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံးပြန်လည်တင်ပြရန် တိုက်တွန်းပါသည်။ မည်သည့်စက်ရုံကို ပုဂ္ဂလိကပိုင် ပြုလုပ်မည်၊ မည်သည့်စက်ရုံများကို PPP, JV, Profit Share ပြုလုပ်မည်၊ မည်သည့် စက်ရုံများကို နိုင်ငံပိုင် စက်ရုံများအဖြစ် ဆက်လက်လည်ပတ်မည်စသည့် Action Plan များရေးဆွဲ၍ ပြည်ထောင်စုအစိုးရမှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆွေးနွေး ဆုံးဖြတ်ချက်ရယူပြီး ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

(ဈ) စက်မှုဝန်ကြီးဌာန၏သင်တန်းကျောင်း (၆)ကျောင်းတွင် စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက် ရေးအတွက် လုပ်ငန်းခွင်ကျွမ်းကျင်လုပ်သားအရင်းအမြစ်များ မွေးထုတ်ရာ၌ အရေအတွက်နှင့် အရည်အသွေးကို ပိုမိုတိုးတက်မြင့်မားစေရေးဆောင်ရွက်ရန် အကြံပြုတိုက်တွန်းအပ်ပါသည်။

(ည) နိုင်ငံစီးပွားရေးတိုးတက်ရန် ပြည်ပမှသွင်းကုန်များ လျှော့ချနိုင်ရန် ပြည်တွင်းရှိ SMEs အုပ်စုဝင်လုပ်ငန်းများ အားကောင်းလာစေဖို့ လိုအပ်ပါသည်။ SMEs လုပ်ငန်းများ အားကောင်းလာစေရန် အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီးဖြစ်ပါသည်။ ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းနည်းပြီး ဈေးငွေသက်တမ်း နှစ်ရှည်ချေးယူနိုင်ရန် အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းပါသည်။

(ဋ) ကော်မတီနှင့် သက်ဆိုင်သည့်ကဏ္ဍများတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး အတွက် အခါအားလျော်စွာ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်သွားရန် လိုအပ် ပါသည်။

**နိဂုံး**

၁၆။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တို့နှင့်ဆက်စပ်သည့်ဥပဒေများအား ရေးဆွဲပြဋ္ဌာန်းရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်း ခြင်း၊ ထိန်းညှိခြင်းတို့အပြင် နိုင်ငံတော်၏ဘတ်ဂျက်များအား စိစစ်ခြင်းဖြင့် ကော်မတီ၏ တာဝန်များကို ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်လာသည့်ကိစ္စရပ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပြီး ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ စတုတ္ထပုံမှန်အစည်းအဝေး (၂၄.၂.၂၀၁၇) မှ သတ္တမပုံမှန်အစည်းအဝေး (၂၄.၂.၂၀၁၈) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာ တင်ပြချက်အား သဘောတူညီကြောင်း လက်မှတ်ရေးထိုးအပ်ပါသည်-**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးဝင်းသိန်းဇော် | ဆားလင်းကြီးမဲဆန္ဒနယ် | ဥက္ကဋ္ဌ | ------------- |
| ၂။ | ဦးအေးမင်းအောင်(ခ) ဦးမင်းမင်း | ပေါင်းတည်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၃။ | ဦးသန်းညွန့် | ဖြူးမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၄။ | ဦးနေလင်းထွန်း | ဘုတ်ပြင်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၅။ | ဦးကျော်စိုး | ဗန်းမောက်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၆။ | ဦးသန့်ဇင်ထွန်း | ဒက္ခိဏသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၇။ | ဒေါက်တာဦးအောင်နိုင် | သပိတ်ကျင်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၈။ | ဦးအုန်းလွင် | ညောင်တုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၉။ | ဦးဝင်းထွဋ် | ဖျာပုံမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၁၀။ | ဦးအောင်ကျော်ကျော်ဦး | လှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၁၁။ | ဦးအောင်ခင်ဝင်း | မြိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၁၂။ | ဦးဖိုးမောင် | ဖယ်ခုံမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၁၃။ | ဦးနှိုယာအုပ် | ဟားခါးမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |
| ၁၄။ | ဗိုလ်မှူးကြီးကြည်ရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် | ------------- |
| ၁၅။ | ဦးစိုးမြင့် (ခ) ဦးစိုးလွင် | ငဖဲမဲဆန္ဒနယ် | အဖွဲ့ဝင် | ------------- |

**မူကြမ်း**

| | | | | |
|---|---|---|---|---|
| ၁၆။ | ဦးစိုးစံသက်ထွန်း | မြင်းမူမဲဆန္ဒနယ် | အဖွဲ့ဝင် | -------------- |
| ၁၇။ | ဦးသက်လွင် (ခ) ဦးပေါခင် | မြင်းခြံမဲဆန္ဒနယ် | အတွင်းရေးမှူး | -------------- |
| ၁၈။ | ဒု-ဗိုလ်မှူးကြီးခင်မောင်ဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | -------------- |
| ၁၉။ | ဒု-ဗိုလ်မှူးကြီးခင်မောင်ကြည် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ | -------------- |

## ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၅-၁၂-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို အမျိုးသားလွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်

အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ (၁၂-၁၁-၂၀၁၈ ရက်နေ့)တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနည်းဥပဒေနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိ ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၄-၁၁-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ယင်းနည်းဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၃)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၂)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့(၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏တာဝန်ပေးချက်အရ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏စိစစ်ချက်ကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ဖြစ်သည့် ၁၇-၈-၂၀၁၈ ရက်(သောကြာနေ့)တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းနည်းဥပဒေများကို အမျိုးသားလွှတ်တော်မှ ၁၇-၉-၂၀၁၈ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

၂။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သည့် ၁၂-၁၁-၂၀၁၈ ရက်နေ့(တနင်္လာနေ့)တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၄-၁၁-၂၀၁၈ ရက်နေ့(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းသူ တစ်ဦးတစ်ယောက်မျှမရှိပါ။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့်အတူ ၂၀-၁၁-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ (၃)ချက်ဖြစ်သည့် နည်းဥပဒေ ၁၁၉ နည်းဥပဒေခွဲ(ဣ)၊ နည်းဥပဒေ ၁၈၁ နည်းဥပဒေခွဲ(န)၊ နည်းဥပဒေ ၁၈၄ နည်းဥပဒေခွဲ(ဂ)တို့ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

**[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၃)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]**

| စဉ် | စာမျက်နှာ | အမှတ်စဉ် | နည်းဥပဒေနှင့်နည်းဥပဒေခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | နည်းဥပဒေ ၁၁၉ နည်းဥပဒေခွဲ(ဣ) |
| (ခ) | ၁ | ၃ | နည်းဥပဒေ ၁၈၁ နည်းဥပဒေခွဲ(န) |
| (ဂ) | ၂ | ၄ | နည်းဥပဒေ ၁၈၄ နည်းဥပဒေခွဲ(ဂ) |

ထို့အတွက် အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့သဘောထား ပြောပါ။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး ၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ အခုတင်သွင်းထားတဲ့ ပြင်ဆင် အတည်ပြုချက်တွေကို ဝန်ကြီးဌာနအနေနဲ့ သဘောတူလက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၃)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၃)ချက်ကို အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ဤနည်းဥပဒေ၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၂)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးနေမျိုးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အထက်တွင် တင်ပြခဲ့သည့် ညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူသည့်အချက်(၂)ချက်ရှိပါတယ်။ နည်းဥပဒေ ၁၃၁ ကို ကျွန်တော်တို့ညှိနှိုင်းအစည်းအဝေးက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိခြင်းနှင့် နည်းဥပဒေ ၂၁၄ နည်းဥပဒေခွဲ(ဂ) အမျိုးသားလွှတ်တော်ရဲ့အသစ်ဖြည့်စွက်ချက်ကို ညှိနှိုင်းအစည်းအဝေးရဲ့ဆုံးဖြတ်ချက်အရ သဘောမတူပါဘူး။ ထို့အတွက် အမျိုးသားလွှတ်တော်နှင့် သဘောထားကွဲလွဲတဲ့(၂)ချက်ရှိပါတယ်။

**[**အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူသည့်အချက်(၂)ချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။**]**

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **နည်းဥပဒေနှင့် နည်းဥပဒေခွဲ** |
|---|---|---|---|
| (က) | ၁ | ၂ | နည်းဥပဒေ ၁၃၁{မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိခြင်း} |
| (ခ) | ၂ | ၅ | နည်းဥပဒေ ၂၁၄ နည်းဥပဒေခွဲ(ဂ) {အသစ်ဖြည့်စွက်ချက်ကို ပယ်ဖျက်ခြင်း} |

အထက်ဖော်ပြပါ သဘောမတူဘဲ သဘောထားကွဲလွဲသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူသည့်အချက်(၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့သဘောထား ပြောပါ။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး ၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ကျွန်တော်တို့ ညှိနှိုင်းအစည်းအဝေးက တင်ပြထားချက်အတိုင်း သဘောမတူသည့်အချက် (၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သဘော တူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သစ်တောတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့သစ်တောတွင်း နည်းဥပဒေများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၂)ချက်ကို သဘော မတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**မူကြမ်း**

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်းကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်(၂)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ယခင် အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့ အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ဖြစ်သည့် ၁၇-၈-၂၀၁၈ ရက် (သောကြာနေ့)တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသား လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းနည်းဥပဒေများကို ၁၇-၉-၂၀၁၈ ရက်နေ့၌ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူ ပါကြောင်း အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့လာပါတယ်။

၂။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူသည့်အချက်(၂)ချက်သည် ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြထားပါတယ်။

ထိုသို့ သဘောထားကွဲလွဲသည့်အချက်(၂)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၂)ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့်

၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်ကတင်သွင်းသည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ် သာယာလှပစေရန် စနစ်တကျ အမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မျှတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာသတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက်တစ်ရပ်အဖြစ်သတ်မှတ် ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့(၁၂-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမပြုနိုင်သေးမီစပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ် သာယာလှပစေရန် စနစ်တကျအမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မျှတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာ သတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်း လမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ် ၁၄ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမင်းဦး(ခ)ဦးနေမျိုးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမင်းဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းဦး(ခ) ဦးနေမျိုး ဖြစ်ပါတယ်။ အဆိုရှင်ပြောထားတဲ့အတိုင်း ကျွန်တော်တို့တစ်တွေဟာ အနာဂတ် သား၊ သမီး၊ မြေး၊ မြစ်တွေအတွက် စိမ်းလန်းတဲ့သဘာဝပတ်ဝန်းကျင်နှင့် ကျန်မာရေးနှင့် ညီညွတ်တဲ့ အဝန်းအဝိုင်းထဲမှာ ထားခဲ့မှ ကျွန်တော်တို့လူကြီးတွေဟာ သမိုင်းပေးတာဝန်ကျေပွန်မှာပါ။ လုပ်ငန်းစဉ်အများစုဟာ ပြည်သူတွေပါဝင်မှ အောင်မြင်နိုင်တာပါ။ အမှိုက်ဆိုတာဟာ တစ်ဦးတစ်ယောက်ကနေ စပုံပြီးမှ များလာတာပါ။ အဲဒီတစ်ဦးတစ်ယောက်ကနေ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရင် ဒီလိုအမှိုက် ပြဿနာတက်လာမှာမဟုတ်ပါဘူး။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေး

ပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ရဲ့ ဖောင်တော်ဦးဘုရားရင်ပြင်တော်ပါ။ ကမ္ဘာကရော၊ မြန်မာကပါ အမှိုက်တွေနဲ့၊ ဆိုင်ခန်းတွေနဲ့ ညစ်ပတ်နေတဲ့အတွက် ဝေဖန်ခံရတဲ့နေရာပါ။ ဒါလွန်ခဲ့တဲ့ နှစ်ရက်၊ သုံးရက်ခန့်က သံဃာတော်တွေနဲ့ ပြည်သူတွေစုပေါင်းဝိုင်းဝန်းရှင်းလိုက်တဲ့အတွက်ကြောင့် ဒီလို ကြည်ညိုဖွယ်ရာ ဖောင်တော်ဦးရင်ပြင်တော်ကြီးဖြစ်သွားတာပါ။ ဒီလိုသန့်ရှင်းအောင် ရေရှည်တည်တံ့ဖို့ကတော့ တော်တော်ခက်ခက်ခဲခဲလုပ်ရအုံးမှာပါ။ ကျွန်တော်တို့ပြည်သူ့အစိုးရတက်တက်ချင်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အမှိုက်ကောက်တဲ့ message ဟာ ပြည်သူနှင့်အစိုးရ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မယ်ဆိုတဲ့ message ကိုပေးတာပါ။ အခုအချိန်အထိ လူကြီးလူငယ်တွေနဲ့၊ လူထုလှုပ်ရှားမှုအနေနဲ့ အခုအသိစိတ်ဓာတ်ရှိရှိ ဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။ အဆိုရှင်က အစိုးရဟာ သက်ဆိုင်ရာဌာနအဖွဲ့များကို လမ်းညွှန်သတ်မှတ်ညွှန်ကြားပေးခဲ့ရမှာပါ။ ဥပမာ- အမှိုက်စုပုံကွင်းတွေ၊ အမှိုက်စုပစ်ခြင်းတွေ စီမံပေးရမှာပါ။ ကျွန်တော်တို့မြို့နယ်မှာဆိုရင် အမှိုက်စုပုံဖို့ သစ်တောဌာနရဲ့ သစ်ပင်တွေမပေါက်တဲ့ တောင်စောင်း၊ ကျောက်တောင်မှာ ငါးဧကကို ခွင့်ပြုချက်တောင်းထားတာ သို့မဟုတ် အငှားအနေနဲ့ တောင်းထားတာ အခုထက်ထိ ကြိုးနီစနစ်အရ မရရှိသေးပါဘူး။ နောက်တစ်ခါ အင်းရေပြင်က အမှိုက်တွေကို ရှင်းဖို့ ကျွန်တော်တို့ ကမ်းစပ်မှာမြေ ၁၀ ဧက ဝယ်ထားပြီးတော့ အမှိုက်မီးရှို့စက်ကြီးကို မှာထားတာနှစ်နှစ်ကျော်ကြာတဲ့အထိ မရောက်သေးပါဘူး။ အဲဒီအတွက်ကြောင့် ပြည်သူများကလည်း အသိရှိရှိအမှိုက်စွန့်ပစ်ကြဖို့ လိုအပ်ပါတယ်။ အခုဆိုရင် ကျောင်းတွေမှာ ကလေးတွေ အမှိုက်ရဲ့ဆိုးကျိုးတွေ၊ အမှိုက်စွန့်ပစ်ခြင်းရဲ့ အသိစိတ်ဓာတ်တွေ ကိန်းအောင်းနေကြပါတယ်။ နယ်တွေ၊ တခြားမြို့နယ်တွေကို ကျွန်တော်တို့ခရီးထွက်တဲ့အခါတိုင်း သန့်ရှင်းနေတဲ့မြို့တွေ့ရင် အဲဒီမြို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မျက်နှာကိုတစ်ခါတည်း တန်းမြင်ယောင်ပါတယ်။ ညစ်ပတ်နေတဲ့ အမှိုက်ပုံတွေနဲ့ တွေ့တဲ့မြို့ကိုတွေ့ရင်လည်း အဲဒီလွှတ်တော်ကိုယ်စားလှယ်ရဲ့ ပေါင်းစပ်ညှိနှိုင်းမှုအားနည်းတဲ့ဟာကို တွေ့ရှိရပါတယ်။ ဒီလိုပဲ ကျွန်တော်တို့မြို့အနှံ့သွားတဲ့အခါမှာ အမှိုက်သန့်ရှင်းစနစ် အကောင်းဆုံးနေရာလေးတွေ့ရှိတာကတော့ ရှေ့ဟောင်းအမွေအနှစ်ဒေသ ပုဂံဒေသဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ရဲ့ စည်ပင်ကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေသွားလေ့လာဖို့လည်း စီမံထားပါတယ်။ တစ်ခါမြို့တွေသွားတော့ မြို့လေးကျဉ်းပေမဲ့၊ လမ်းလေးကျဉ်းပေမဲ့၊ အိမ်လေးတွေပြွတ်ကျပ်နေပေမဲ့ သန့်ရှင်းသာယာနေတဲ့ မြို့လေးကတော့ ထားဝယ်မြို့လေးပါ။ သူတို့ရဲ့ ညဈေးတန်းနဲ့ ကလေးကစားကွင်းအပြင် သန့်ရှင်းသပ်ရပ်လျက်ရှိပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ရေပြင်၊ ရွှံ့၊ ကုန်းမြေနှင့် တောင်တန်းတွေရှိသလို အမှိုက်တွေရှင်းလင်းဖို့ကလည်း တော်တော်ခက်ခဲပါတယ်။ ထို့အတူ ပြည်တွင်းပြည်ပဧည့်သည်တွေ အများဆုံးက လာရောက်တဲ့နေရာဒေသဖြစ်တဲ့အတွက် သူတို့စွန့်ပစ်ထားတဲ့အညစ်အကြေးတွေ၊ အမှိုက်တွေအတွက် တာဝန်ယူဖြေရှင်းရမှာ ကျွန်တော်တို့ဒေသခံပေါ် ကျရောက်နေပါတယ်။ ဒါအရင်လတုန်းက ကျင်းပခဲ့တဲ့ အင်းသားအမျိုးသားနေ့မှာ လူထုဖိုရမ်ကနေ သုံးရက်တိုင်တိုင်ကျင်းပပြီး ဆုံးဖြတ်ချက်လေးချက်ချခဲ့ပါတယ်။ အဲဒီမှာအမှိုက်စနစ်ကိုရှင်းဖို့ အချက်(၆)ချက်ဆုံးဖြတ်ခဲ့ကြပါတယ်။ နောက်ပြီး အသန့်ရှင်းဆုံးရွာနဲ့ အမှိုက်ကောက်တဲ့အသင်းအဖွဲ့တစ်ခုစီကိုလည်း ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပါတယ်။ တချို့အဖွဲ့တွေက အမှိုက်ပုံတွေစီမံသိမ်းဆည်းပေးပြီး တချို့တွေက အမှိုက်ကောက်ကြပါတယ်။ ဒါဟာရေရှည်တည်တံ့အောင်လုပ်နိုင်ဖို့အတော်ခက်ခဲပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ Pilot Project ဆိုပြီးတော့ ရပ်ကွက်တစ်ခုကို သန့်ရှင်းတဲ့ရပ်ကွက်အဖြစ် အမှိုက်ပုံတွေစီမံတယ်။ အမှိုက်ကောက်တယ်။ သို့သော်

လည်း အဆိုရှင်တင်ပြခဲ့သလို တစ်ပြေးညီမလုပ်တဲ့အတွက် တစ်ပတ်အတွင်းမှာပဲ တခြားကျန်တဲ့ ရပ်ကွက်တွေရဲ့အမှိုက်တွေဟာ အဲဒီရပ်ကွက်မှာစုပုံသွားရပါတယ်။ ဒါဟာ တစ်ပြေးညီအမှိုက်ရှင်းဖို့ လိုအပ်နေတယ်ဆိုတာ ပြောပြရခြင်းဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့တွေရဲ့ စိတ်ဓာတ်တွေကို ပြင်ဆင်ပြီး အမှိုက်ပစ်တာ၊ ကွမ်းတံတွေးထွေးတာ ရှက်တတ်ကြဖို့ အချိန်တန်ပါပြီလို့ပြောကြားရင်း ဒီအဆိုကို အစိုးရတစ်ခုတည်းမဟုတ်ဘဲ ပြည်သူတွေပါတိုက်တွန်းပေးဖို့အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ဓနုဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုဟာ ယနေ့ကာလလို ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်နေချိန်မှာ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ ဖြူစင်သောစေတနာ၊ ကြည်လင်သောသဘောထားနှင့် ကျန်းမာရေးနှင့်ညီညွတ်သော၊ သန့်ရှင်းသာယာလှပသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းနှင့်ဥပဒေကိုလိုက်နာလေးစားတတ်သော တာဝန်ယူမှု၊ တာဝန်ခံမှုပြည့်ဝသော ဒီမိုကရေစီစနစ်ရဲ့ အခြေခံအလေ့အကျင့်ကောင်းများနှင့် ရှင်သန်နိုးထနေသော မြန်မာနိုင်ငံတော်၊ မြန်မာ့လူ့အဖွဲ့အစည်းဖြစ်စေလိုခြင်းကို ရည်ရွယ်လိုလားမျှော်မှန်းထားတာဟာ ပေါ်လွင်နေပါတယ်။ အဆိုရှင်တင်ပြတဲ့ လုပ်ငန်းတွေဟာ ခေတ်အဆက်ဆက်အစိုးရတွေလက်ထက်မှာလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ တပ်မတော်၊ ပြည်သူ၊ အစိုးရ၊ ဝန်ထမ်းများနှင့် ပူးပေါင်းပြီးတော့ စနေလိုနေ့မျိုးမှာ၊ စာသင်ကျောင်းတွေမှာဆို သောကြာလိုနေ့မျိုးမှာ စုပေါင်းပြီးတော့ အမှိုက်ပစ်ခြင်း၊ အမှိုက်သိမ်းခြင်း စုပေါင်းလုပ်ဆောင်ခဲ့တဲ့ သာဓကတွေရှိပါတယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ ယနေ့ကာလမှာ အသိဉာဏ်အား မနည်းလှပါဘူး။ ဒါပေမဲ့ စားဝတ်နေရေးကို လုံးပမ်းနေတော့ ဒီဘက်မှာ အာရုံကျက်စားမှုတွေ နည်းပါးနေခြင်းကြောင့်ဖြစ်ပါတယ်။

ဒါနဲ့ ပြန်ချုပ်လိုက်ရင် အမှိုက်ကို ဘယ်သူတွေပစ် ပြည်သူတွေပစ်၊ ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက်၊ ပြည်သူတစ်ဦးချင်းစီကိုက ဘယ်သူမပြုမိမိမှုဟု ခံယူကာ အကျင့်လုပ်မှ အသင့်ဖြစ်မယ်ဆိုတာကို အကျင့်လုပ်ပြီးတော့ စုပေါင်းသန့်ရှင်းရေးလုပ်ကြရင် အဆိုရှင်ရဲ့လုပ်ချင်တဲ့ ရည်မှန်းချက်တွေဟာ အောင်မြင်သွားမှာ ဖြစ်ပါတယ်။ ကျောင်းတွေမှာကိုပင် ရှိခဲ့ပါတယ်။ ရှေးခေတ်လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ လောက်တည်းက အမျိုးသားရေးစည်းကမ်းအစ စာသင်ကျောင်းက အဲဒီလိုဆိုရင် ဒီမိုကရေစီအလေ့အကျင့်အစ အမှိုက်ကိုစိတ်ချ စွန့်ပစ်ခြင်းကအစဆိုရင် မမှားပါဘူး။ သန့်ရှင်းလှပသော ဒီမိုကရေစီသစ်ကို ထူထောင်တဲ့နေရာမှာ ပြည်သူအားလုံးဟာ ညီညာရွှင်လန်းဥပါယ်ဒါန်လျက် စွမ်းစွမ်းတမံဝိုင်းဝန်းတည်ဆောက်ဖို့ လိုနေချိန်ရောက်နေပါပြီ။ စာသင်ကျောင်းများပင်လျှင် အိမ်၊ လမ်း၊ ရွာ၊ ကျောင်းသန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်း မိမိကျောင်းလှပရမည်။ သန့်ရှင်းရမည်။ စည်းကမ်းရှိရမည်။ မိမိရိုးလှပရမည်။ သန့်ရှင်းရမည်။ စည်းကမ်းရှိရမည်ဆိုတာ ယခင်ယခင်အစိုးရလက်ထက်တည်းက ဒီဆောင်ပုဒ်တွေနဲ့ တက်ကြွစွာ ပြည်သူတွေဟာ လှုပ်ရှားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သာဓကလေးတစ်ခုပြောရရင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ လောက်က ကျွန်တော်ဟာ ကျောင်းတစ်ကျောင်းမှာတာဝန်ကျတယ်။ အဲဒီအချိန်မှာ ကျောင်းရဲ့ သင်ခန်းစာမှာကိုက

၁၊ ၂ ဆိုရှယ်လစ်၊ ၃၊ ၄ လုပ်အားပေး၊ ၅၊ ၆ ပြည်သစ်ဆောက်၊ ၇၊ ၈ လူ့ဘောင်သစ် လို့ ကြွေးကြော်နေတဲ့၊ သင်နေရတဲ့အချိန်မှာ ကျွန်တော်က ထပ်ဆောင်ပြီးတော့ ၁၊ ၂ ကျောင်းသား အချင်းချင်းရန်မဖြစ်၊ ၃၊ ၄ ငါတို့ကျောင်းမပြေး၊ ၅၊ ၆ အမှိုက်တွေ့ရင်ကောက်၊ ၇၊ ၈ တောင်းထဲတော့ ရောက်အောင်ပြစ်ဆိုပြီးတော့ ဒီမိုကရေစီအလေ့အကျင့်တွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ လောက်က ကလေးတွေကို ကျွန်တော်ပျိုးထောင်ပေးခဲ့ပါတယ်။

အဲဒီတော့ အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်ခြင်း၊ မစွန့်ပစ်တတ်ခြင်းသည် လူအဆင့်အတန်း နှင့် နိုင်ငံရဲ့ပုံရိပ်ကိုပါ ထိခိုက်အထင်သေးနေပါတယ်။ အသေးအဖွဲလုပ်ငန်းလေးတစ်ရပ်ဖြစ်တဲ့ ဥပမာ- ဖိနပ်ချွတ်တာလေးကိုကြည့်ပြီး လူတစ်ယောက်ရဲ့ စိတ်နေသဘောထားကို အကဲခတ်လို့ရပါတယ်။ အိမ်တစ်အိမ်ရဲ့ ဖိနပ်ချွတ်ကအစ ဘုရားဆောင်အဆုံး အကဲခတ်လိုက်ရုံနှင့် ဒီအိမ်မိသားစုရဲ့ လူနေမှု အဆင့်အတန်းနှင့် စိတ်ဓာတ်ကို အကဲခတ်နိုင်ပါတယ်။ ယနေ့ စည်ပင်အနေနဲ့ အမှိုက်သိမ်းခြင်း လုပ်ငန်းဟာ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးရန် အဓိကကျတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ သန့်ရှင်းသပ်ရပ်၊ သန့်ရှင်းရေးတို့ဟာလည်းပဲ စည်ပင်မှာသာ တာဝန်မရှိပြီမို့ ပြည်သူများနှင့်လည်း ပြည်သူများအနေနဲ့လိုက်နာဆောင်ရွက်ဖို့ တာဝန်ယူမှု တာဝန်ခံမှုနှင့်တကွ ယှဉ်တွဲပြီး ပူးပေါင်းပါဝင် လုပ်ဆောင်ရန်လည်း အထူးလိုအပ်လှပါတယ်။ ယနေ့ ပကတိမြေပြင်မှာ အမှိုက်အမျိုးအစားတွေကို ခွဲခြားမယ်ဆိုရင် မီးဖိုချောင်ထွက်အမှိုက်၊ လမ်းသွားလမ်းလာစွန့်ပစ်အမှိုက်၊ စီးပွားရေးလုပ်ငန်းက ထွက်ရှိတဲ့အမှိုက်၊ ဆေးရုံဆေးခန်းမှထွက်ရှိတဲ့အမှိုက်၊ ခြံတွင်းအမှိုက်၊ စက်ရုံအလုပ်ရုံမှထွက်တဲ့အမှိုက်၊ တည်ဆောက်ရေးလုပ်ငန်းမှထွက်ရှိတဲ့အမှိုက်ဟူ၍ ခုနစ်မျိုးရှိပါတယ်။ အဆိုပါခုနစ်မျိုးအနက် စည်ပင် ဥပဒေအရ အဓိကအားဖြင့် မီးဖိုချောင်ထွက်အမှိုက်နှင့် လမ်းသွားလမ်းလာတို့ ပစ်တဲ့အမှိုက်ကိုသာ သိမ်းဆည်းရမည်ဖြစ်သော်လည်း ပြည်သူတို့ရဲ့စည်းကမ်းလိုက်နာမှု အားနည်းမှုကြောင့် ခြံထွက်ပစ္စည်း အမှိုက်သရိုက်များကိုပါ သိမ်းဆည်းနေရပါတယ်။ အဲဒီတော့ စည်ပင်တွေဟာလည်း ယနေ့ ဝန်နဲ့အား မြှားနဲ့လေးဆိုတာလို ထမ်းဆောင်နေရတယ်။ ထမ်းဆောင်နေရတဲ့အပြင် ဝန်ထမ်းတွေကလည်း အင်မတန်ရှားပါးပါတယ်ခင်ဗျား။ အဲဒီတော့ မြို့နယ်ရဲ့ပကတိအနေအထားကိုကြည့်ရင် စည်ပင်မှာ လုပ်အားဝန်ထမ်းနည်းပါးတာရယ် ဝန်နဲ့အား မြှားနဲ့လေး မမျှမတဖြစ်နေတဲ့အတွက်ကြောင့် စက်ယန္တရားတွေ သင့်တင့်လျောက်ပတ်စွာကူညီထောက်ပံ့ပေးဖို့လိုတယ်။ အမှိုက်ကားတွေ ဝင်ထွက် သွားလာရန်ခက်ခဲသည့်နေရာရပ်ကွက်အတွင်း လမ်းသွယ်များအထိ အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်း များ ဆောင်ရွက်နိုင်အောင် သုံးဘီးမော်တော်ဆိုင်ကယ်များ၊ လက်တွန်းသုံးဘီးလှည်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းမှ မြို့နယ်များတွင် ကူညီထောက်ပံ့ပေးနိုင်မယ်ဆိုပါက အဆိုရှင်ဆွေးနွေးတင်ပြထားတဲ့ လုပ်ငန်းတွေဟာ အောင်မြင်မှာလို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။

ယနေ့ခေတ်မှာ ပကတိမြေပြင်မှာ သာဓကတစ်ခုပြရရင် မြစ်ချောင်းအင်းအိုင်မှာနေတဲ့ လူတွေသည် မြစ်ချောင်းအင်းအိုင်ကို အားကိုးနေရတယ်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်ကို အားကိုးပြီးတော့ သွားလာလှုပ်ရှားနေကြရတယ်။ တိရစ္ဆာန်တွေရဲ့သုံးရေ၊ စိုက်ပျိုးရေးအတွက် ရေလုပ်ငန်းတွေ အတွက်၊ စားဝတ်နေရေးအတွက် မြစ်၊ ချောင်းတွေက အကျိုးပြုနေတယ်။ ဒါပေမဲ့ လူတွေက စည်းကမ်း မလိုက်နာဘူး။ အမှိုက်တွေလည်းချတယ်။ အဲဒီတော့ ချောင်းတွေ၊ မြောင်းတွေကောတယ်။ သဘာဝ အပင်များဖြစ်တဲ့ ဝါးရုံ၊ ကိုင်း၊ မြက်၊ ခက်လက်၊ ယှက်တင်း၊ ဗေဒါပင်နှင့် ကိုင်းပင်တွေ၊ ဒိုက်ပင်တွေ

မျောလာတော့ ချောင်းတွေ၊ မြောင်းတွေကော။ ချောင်းတွေ၊ မြောင်းတွေကောတော့ သွားလာရေးတွေ ခက်၊ ဗေဒါပင်တွေကြပ် စိုက်ပျိုးရေးအတွက် ရေမရ။ မွေးမြူရေးလုပ်ငန်း ရေသွယ်စိုက်ပျိုးရေး လုပ်ငန်းတွေလည်း မအောင်မြင်တော့ နိုင်ငံတော်အစိုးရအနေနဲ့ ဘဏ္ဍာငွေတွေကိုအသုံးပြုပြီးတော့ ချောင်းတွေ၊ မြောင်းတွေ၊ နုန်းတွေဆယ်ရတဲ့ လုပ်ငန်းတွေ၊ မြစ်ရေတင်စီမံကိန်းတွေ လုပ်ရတဲ့အတွက် အခြားသောဖွံ့ဖြိုးရေးလုပ်ငန်းတွေ စွမ်းဆောင်ချင်ပေမဲ့ နှောင့်နှေးကြန့်ကြာနေခဲ့ပါတယ်။ ဒါ့ကြောင့် နိဂုံးချုပ်အနေနဲ့ပြောရရင်တော့ မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းတဲ့ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစဉ်များအောင်မြင်ရေးမှာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ စပ်ကြားကာလတွင် နိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ်သာယာလှပစေရန် စနစ်တကျအမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် လုံလောက်မျှတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ် ကျင်းများ တိကျစွာသတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ ဦးစားပေးလမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းဆိုတဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရှင်။ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်မာမာခိုင်အနေဖြင့် မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့ နိုင်ငံနဲ့ လူမျိုးအကျိုး အတွက် စေတနာအပြည့်နဲ့ တင်သွင်းတဲ့အဆိုကို လေးစားစွာနဲ့ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့လူသားတွေနဲ့ လူ့သဘာဝပတ်ဝန်းကျင်ရဲ့ လှပမှု၊ ကျန်းမာဖွံ့ဖြိုး တိုးတက်မှုတွေကို ဖျက်ဆီးစေဖို့ ခြိမ်းခြောက်နေတဲ့အရာတွေထဲမှာ စွန့်ပစ်အမှိုက်ပြဿနာကလည်း တစ်ခုအပါအဝင်ဖြစ်နေပါတယ်။ ဒီစွန့်ပစ်ပစ္စည်းတွေကြောင့် ရေအရင်းအမြစ်၊ သားငါးအရင်းအမြစ် စတာတွေကို ဘေးအန္တရာယ်ဖြစ်နေတာ အားလုံးအသိပါ။ ဒါနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်တွေလည်း အများကြီးရှိတာမို့ ကျွန်မအနေနဲ့ အကျယ်တဝံ့မပြောတော့ပါဘူး။ အမှိုက်စွန့်ပစ်တဲ့မြေနေရာအရေးကြီးပုံ၊ အမှိုက်စွန့်ပစ်ရန်မြေနေရာကို ဘယ်လိုစီမံသင့်သလဲ။ စည်ပင်သာယာရေးအဖွဲ့တွေရဲ့ အခန်းကဏ္ဍတွေကရော ဘယ်လိုရှိသလဲ။ ကျွန်မတို့ လွှတ်တော် ကိုယ်စားလှယ်တွေကရော ဘယ်လိုကူညီဆက်စပ်ဆောင်ရွက်မလဲဆိုတာတွေကိုပဲ ကျွန်မအနေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၆ ခုနှစ်တုန်းက ကျွန်မတို့ရဲ့ မဲဆန္ဒနယ်မှာ အမှိုက်စွန့်ပစ်နေကျနေရာဖြစ်တဲ့ သုသာန်ဝန်းမှာ အမှိုက်တွေရဲ့အနံ့အသက်ကိုမခံနိုင်လို့ ပတ်ဝန်းကျင်အနီးအနားမှာရှိတဲ့လူတွေက ကန့်ကွက်တဲ့အတွက် မြို့နယ်စည်ပင်သာယာအခက်တွေ့ခဲ့ရပါတယ်။ တစ်နေ့ကို အမှိုက်တန်ချိန် ၂၀ နီးပါးထွက်တဲ့ ကျွန်မတို့ရဲ့မြို့မှာ သုံးရက်လောက်အမှိုက်မစွန့်ရတဲ့အတွက် ဈေးထဲမှာလည်း အမှိုက်တွေပုံ၊ ရပ်ရွာထဲမှာ၊ မြောင်းတွေထဲမှာလည်း အမှိုက်တွေပုံ၊ စည်ပင်ကားတွေမှာလည်း အမှိုက် တွေပြည့်၊ ယင်ကောင်တရုန်းရုန်းနဲ့ အနံ့ဆိုးတွေကြောင့် အခက်အခဲတွေ့ခဲ့ရလို့ မြို့နယ်သံဃာ့နာယက ဆရာတော်တွေပါ အစိုးရအဖွဲ့ဌာနဆိုင်ရာတွေ၊ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ

လောလောဆယ်စွန့်ပစ်ခွင့်ရအောင် မေတ္တာရပ်ခံညှိနှိုင်း၊ မြေနေရာအသစ်ရအောင် ဝိုင်းဝန်းကြိုးပမ်းခဲ့ရပါတယ်။ စည်ပင်သာယာက ဘယ်လောက်အမှိုက်သိမ်းသိမ်း စွန့်ပစ်စရာနေရာမရှိရင် အဆင်မပြေပါဘူး။ အဆိုရှင်တင်ပြသလို အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာလုပ်ငန်းစဉ်များ မဆောင်ရွက်နိုင်ခင်စပ်ကြားမှာ နေ့စဉ် ဒီစွန့်ပစ်အမှိုက်ပြဿနာ ရင်ဆိုင်ရမှာဖြစ်လို့ ဒီအရေးကြီးတဲ့မြေကိစ္စကို ဘယ်လိုပုံစံနဲ့လိုအပ်မလဲ။ ဘယ်လိုစီမံဆောင်ရွက်မလဲဆိုတာကို ကျွန်မတို့မြို့နယ် စည်ပင်ရဲ့ ဆောင်ရွက်မှုလေးတွေနဲ့ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့မြို့နယ်ဆိုင်ရာအချက်အလက်ပါ။ ဒါကတော့ မြို့နယ်စည်ပင်ဝန်ထမ်းဖွဲ့စည်းပုံအင်အားဖြစ်ပြီးတော့ မြို့အနေအထားအရ အမှုထမ်းလိုနေပေမဲ့လည်း စည်ပင်ဝင်ငွေရဲ့ ၃၀ ရာခိုင်နှုန်းသာ ခန့်ထားခွင့်ရှိလို့ ခန့်ထားနိုင်ခြင်းမရှိသေးပါဘူး။ ဒါကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရဲ့ အခွန်နှင့် သာမန်ရငွေလျာထားချက်ပါ။ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် မိမိဝင်ငွေနဲ့ မိမိသုံးစွဲနေရတဲ့ စည်ပင်သာယာရေးအဖွဲ့တွေအတွက် မြို့ဝင်ကြေးက ရရှိတဲ့ငွေဟာဆိုလို့ရှိရင် အဲဒီမြို့တစ်မြို့ သာယာလှပသန့်ရှင်းရေးအတွက် များစွာအထောက်အကူပြုနေတာကို တွေ့ရှိနိုင်ပါတယ်။ ဒါကတော့ စည်ပင်သာယာရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ အဓိကဦးစားပေးလုပ်ငန်းတွေပါ။ ဒီ Slide ကိုကြည့်ရင် မြို့သန့်ရှင်းရေး၊ ရေပေးရေးနဲ့ လမ်းမီးပေးရေးစနစ်တွေမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ လိုငွေပြအရှုံးခံလုပ်နေရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါက နိုင်ငံတော်အနေနဲ့ အမှိုက်စွန့်ပစ်ရန်မြေနေရာကို စည်ပင်ဘတ်ဂျက်ငွေထဲက မသုံးစေဘဲနဲ့ သီးသန့်ရရှိအောင်ဆောင်ရွက်ပေးနိုင်ဖို့အတွက် လိုအပ်နေတဲ့အချက်တစ်ချက်လည်းဖြစ်ပါတယ်။

ဒီ Slide မှာ သထုံမှာဆိုလို့ရှိရင် တစ်နေ့ကို အမှိုက်တန်ချိန် ၂၅ ရှိလို့ ဒီအမှိုက်ကိုစွန့်ပစ်ဖို့အတွက် မြေဧက ၁.၅ ဧကနှင့် နှစ် ၂၀ အတွက်ဆိုရင် မြေဧက ၃၀ လိုအပ်မှာဖြစ်ပြီးတော့ အမှိုက်စွန့်ပစ်ဧရိယာရဲ့ ပတ်ဝန်းကျင်မှာ အနံ့အသက်ကိုကာနိုင်ဖို့ အပင်စိုက်ဧက ၂၀ စုစုပေါင်း ဧက ၅၀ လိုပါတယ်။ မြေဧက ၅၀ အတွင်းမှာ ၁၀ နှစ်လျှင်တစ်ကြိမ် စွန့်ပစ်မြေဟောင်းကို Cycle System နဲ့ ပြောင်းလဲရမှာဖြစ်ပြီးတော့ ဒါမှလည်း ဘေးကင်းလုံခြုံတဲ့နေရာရရှိလာမှာဖြစ်ပါတယ်။ ဒါကတော့ အမှိုက်စွန့်ပစ်မြေနေရာရဲ့ အဆိုပြုမြေပုံဖြစ်ပါတယ်။ ဒါကတော့ အခုလောလောဆယ်စွန့်ပစ်နေတဲ့ စက်မှုဝန်ကြီးဌာနရဲ့ စွန့်လွှတ်မြေထဲက ရရှိထားတဲ့ ၃၈ ဧကရဲ့ ၁၀ ဧကနေရာမှာ အမှိုက်ကျင်းတူးဖော်စွန့်ပစ်နေတဲ့နေရာကို မြို့နယ်စည်ပင်နဲ့အတူ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေ ကွင်းဆင်းကြည့်ခဲ့တာဖြစ်ပါတယ်။ အခုချိန်ထိတော့ မြေနေရာအတည်တကျဖြစ်ဖို့နဲ့ ဒေသခံတွေနဲ့ ပြဿနာမဖြစ်အောင် ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်တာမို့ အချိန်ယူပြီးတော့ ဆောင်ရွက်နေရတဲ့လုပ်ငန်းလည်း ဖြစ်ပါတယ်။ မြေနေရာရဖို့ အဓိကလုပ်ဆောင်ပေးရမှာက ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူ့ကိုယ်စားလှယ်တွေကလည်း ပြည်သူတွေနဲ့အတူ၊ အစိုးရအဖွဲ့တွေနဲ့အတူ ချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် ဒီပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အကြံပြုဆွေးနွေးလိုတာက အမှိုက်စွန့်ပစ်ပြဿနာကို စည်ပင်သာယာတစ်ဖွဲ့တည်း၊ အစိုးရတစ်ဖွဲ့တည်းက ဖြေရှင်းရုံနဲ့ စွန့်ပစ်မြေနေရာရရုံနဲ့တော့ အောင်မြင်အောင် မဖြေရှင်းနိုင်ပါဘူး။ အဆိုရှင်တင်ပြသလို လူတစ်ဦးချင်းစီက စွန့်ပစ်လိုက်တဲ့အမှိုက်တစ်စ ပေါင်းလိုက်ရင် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာနိုင်တာမို့ ပြည်သူအားလုံးကလည်း တာဝန်သိစွာနဲ့

စွန့်ပစ်အမှိုက်တွေကို လျှော့ချဖို့ မိမိတို့အမှိုက်တွေကို တစ်ပိုင်တစ်နိုင်ဖြေရှင်းလို့ရတဲ့နည်းလမ်းတွေနဲ့ ဖြေရှင်းဖို့ အများကြီးလိုအပ်ပါတယ်။ မလိုလားအပ်တဲ့ထုတ်ပိုးမှုတွေကို ငြင်းပယ်ခြင်း၊ ဖျက်ဆီးရခက်တဲ့ ပလတ်စတစ်စတဲ့ အသုံးအဆောင်တွေကို လျှော့ချခြင်းဖြင့်လည်း ဖြေရှင်းနိုင်ပါတယ်။ အစိုးရနဲ့ ပြည်သူ လက်တွဲကူညီဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ကျွန်မတို့နိုင်ငံတော်ကြီးကို သန့်ရှင်းလှပမှုတွေ၊ ဆောင်ကြဉ်းပေးကြပါစို့လို့ ပြောကြားရင်းနဲ့ ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပြီးတော့ မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အမှိုက်ပြဿနာကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရင်ဆိုင်နေကြရသလို ကျွန်မတို့မြန်မာနိုင်ငံမှာလည်း စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေပြီဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ လူနေမှုပုံစံများနှင့်အညီ နယ်ပယ်အသီးသီးမှထွက်ရှိလာသောအမှိုက်များကို ပြန်လည်စီမံခန့်ခွဲခြင်းဟာ အရေးကြီးလုပ်ငန်းတစ်ရပ်ဖြစ်တာကြောင့် နိုင်ငံအလိုက် နည်းပညာကွာခြားမှုရှိသော်လည်း ဖြေရှင်းလုပ်ဆောင်နေကြတာပဲဖြစ်ပါတယ်။ အမေရိကန်ဆောင်ပုဒ်တစ်ခုကတော့ အမှိုက်ကနေ အမှိုက်ကိုဖိတ်ခေါ်နေတယ်လို့ဆိုပါတယ်။ ဒါအမှန်ပါပဲ။ လူ့စိတ်က သန့်ရှင်းပြောင်လက်နေတဲ့နေရာမှာ အမှိုက်ချဖို့ တွန့်ဆုတ်တတ်ပေမဲ့ အမှိုက်ပစ်လက်စရှိတဲ့နေရာဆိုရင် ထပ်ပစ်လိုက်ဖို့ ဝန်မလေးပါဘူး။ ဒါ့ကြောင့် Public Area တွင် သန့်ရှင်းလှပနေဖို့ အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့က စီမံခန့်ခွဲလျက်ရှိပါတယ်။ အမှိုက်သိမ်းစနစ်အနေဖြင့် ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ကို အဓိကကျင့်သုံးလုပ်ဆောင်ပါတယ်။ အကြောင်းအရင်းကတော့ လူအများစုဟာ မိမိတို့အိမ်အနီးမှာ အမှိုက်ပုံး၊ အမှိုက်ကန်ထားတာကို မနှစ်သက်ကြသလို အမှိုက်ခွန်ပေးဆောင်နေကြရသဖြင့် လာမသိမ်းပေးရင် မကြိုက်ကြတဲ့သဘောရှိတာကြောင့်လို့သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ ဆောင်ရွက်နေတဲ့ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းနှင့်ပတ်သက်တဲ့အခြေအနေကို တင်ပြနိုင်ဖို့လို့ Power Point အသုံးပြုခွင့်ပေးပါရှင်။ စဉ့်ကိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဟာ စည်ပင်နယ်နိမိတ်သတ်မှတ်ထားသောနယ်မြေများဖြစ်သည့် မြို့ပေါ်ငါးရပ်ကွက်၊ ပလိပ်၊ အုန်းပင်ခြံ၊ တောမကျေးရွာအုပ်စုများတွင် လူဦးရေ ၂၂၃၅၄ ဦး၊ အိမ်ခြေ ၄၅၃၀ အိမ်အတွက် အမှိုက်သိမ်းယာဉ်သုံးစီး၊ လုပ်သားကိုးဦးခန့်နဲ့ နေ့စဉ်ပျမ်းမျှအမှိုက်တန်ချိန် ကိုးတန်ခန့်ကို သိမ်းဆည်းပေးနေရပါတယ်။ ခေတ်မီအမှိုက်သိမ်းယာဉ်တစ်စီးမှမရှိဘဲ ရှိတဲ့ယာဉ်တွေနဲ့ပဲ ဖြစ်သလိုလုပ်ဆောင်နေကြရပါတယ်။ ရန်ပုံငွေနည်းပါးတဲ့မြို့နယ်ငယ်ဖြစ်တဲ့အတွက် လိုအပ်နေသော ခေတ်မီ

အမှိုက်သိမ်းယာဉ်များ၊ အမှိုက်ကျင်းမြေနေရာနှင့် အမှိုက်ကျင်းများရှင်းလင်းရန်မြေထိုးမြေကော်စက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့နိုင်မှသာ အဆင်ပြေနိုင်ပါတယ်။ မြို့နေလူဦးရေအပြင် တက္ကသိုလ်နှစ်ခုရှိတာကြောင့် ပိုပြီးတော့ဝန်နဲ့အားမမျှသလိုဖြစ်နေပါတယ်။ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများကို ထိရောက်စွာမဆောင်ရွက်နိုင်ခြင်းရဲ့အကျိုးဆက်အဖြစ် မြို့ဧရိယာအတွင်း အာဆီယံ Highway လမ်းဘေးမှာ စည်းကမ်းမဲ့အမှိုက်ပစ်ခြင်း၊ မီးရှို့ခြင်းများကြောင့် ယာဉ်အန္တရာယ်ဖြစ်နိုင်သလို မြို့ကျက်သရေကိုလည်းထိခိုက်စေပါတယ်။ မြို့ပေါ်ငါးရပ်ကွက်ရဲ့အမှိုက်စုပုံကွင်း၊ အမှိုက်ကျင်းများမှာလည်း မြို့နဲ့နီးနေပြီးတော့ အနံ့အသက်ဆိုးများအပြင် ဌာနမှမီးရှို့ခြင်း၊ အမှိုက်ကောက်သူများမှ မီးရှို့ခြင်းကြောင့် ပတ်ဝန်းကျင်ရှိ ရပ်ကွက်/ကျေးရွာများမှာ မီးခိုးငွေ့ဒဏ်ကိုနေ့ညမရွေးခံနေကြရပါတယ်။ ဒါ့ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးစည်ပင်သာယာရေးအဖွဲ့ကို အမှိုက်ခွဲခြားသန့်စင်စက်ထောက်ပံ့ကူညီသကဲ့သို့ တခြားတိုင်းဒေသကြီးအစိုးရအဖွဲ့များကလည်း မြို့နယ်များကို ဦးစားပေးအလိုက် ထောက်ပံ့ကူညီပေးမယ်ဆိုရင် အမှိုက်စုပုံကွင်း၊ အမှိုက်ကျင်းနေရာလိုအပ်ချက်များအတွက် တစ်ထောင့်တစ်နေရာက ဖြေရှင်းပြီးသားဖြစ်နိုင်လို့ အတုယူဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျေးလက်ဒေသများတွင် အမှိုက်ပြဿနာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူသင့်ကြောင်းကို ကျွန်မမဲဆန္ဒနယ်မှာ ဆောင်ရွက်နေမှုများနှင့် ထောက်ခံဆွေးနွေးသွားပါမယ်။ အမှိုက်စုပုံကွင်း၊ အမှိုက်ကျင်းများ ထိရောက်စွာသတ်မှတ်ပေးနိုင်ဖို့ မြို့ကြီးများမှာ ခက်ခဲနိုင်သော်လည်း နယ်မြို့များနှင့်ကျေးရွာများမှာတော့ အကောင်အထည်ဖော်လို့ရနိုင်ပါသေးတယ်။ ကျွန်မမဲဆန္ဒနယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ မြစိမ်းရောင်စီမံကိန်းအတိုးရငွေနဲ့ လူထုထည့်ဝင်ငွေပူးပေါင်းပြီးတော့ ထောင့်ကြီးကွေ့ကျေးရွာရဲ့ အမှိုက်ကင်းစင်ရေးဆောင်ရွက်နေမှုကို မျှဝေချင်ပါတယ်။ ပထမဆုံးသန့်ရှင်းရေးအဖွဲ့ကို Volunteer ကိုးဦးနဲ့ ဖွဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ အိမ်တိုင်းမှာဆွေးမြည့်လွယ်အမှိုက်တွေပစ်ဖို့လို့ လေးပေပတ်လည်မြေကျင်းတူးခြင်း၊ ပလတ်စတစ်အမှိုက်များခွဲခြားပစ်ဖို့ ပညာပေးခြင်း၊ ကျေးရွာပတ်လမ်းတွေမှာ အမှိုက်ပုံး၊ အမှိုက်ကန်များထားပေးခြင်း၊ ရွာနဲ့လေးဖာလုံအကွာမှာ အမှိုက်ကျင်းပြုလုပ်ခြင်းများဆောင်ရွက်ပါတယ်။ တတိယအဆင့်အနေနဲ့ အမှိုက်ကင်းစင်ကော်မတီဟာ စနေနေ့တိုင်း ထော်လာဂျီနဲ့ အမှိုက်များကိုလိုက်လံသိမ်းဆည်းပြီးတော့ ရွာပြင်အမှိုက်ကျင်းမှာ မီးရှို့ပါတယ်။ အဲဒီအတွက် တစ်အိမ်ကို တစ်လ ၂၀၀ ကျပ်ကောက်ခံကြောင်း သိရှိရပါတယ်။ လစဉ် ၂၅ ရက်နေ့မှာ လူထုအသံနားထောင်ပြီးတော့ ၂၆ ရက်နေ့မှာ စုပေါင်းသန့်ရှင်းရေးလုပ်ကြကြောင်းလည်း သိရှိရပါတယ်။ စီမံကိန်းကုန်ကျငွေဟာ သိန်း ၃၀ ခန့်သာရှိပါတယ်။ စီမံကိန်းကာလသုံးလသာရှိသေးပေမဲ့ ရွာလေးမှာ သန့်ရှင်းလှပနေပြီဖြစ်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ယူပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ မြစိမ်းရောင်အတိုးရငွေအသုံးပြုခွင့်ရပြီဖြစ်သော ကျေးရွာများမှာ စတင်ကာ အမှိုက်ကင်းစင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပေးပါက နိုင်ငံတော်ဘဏ္ဍာ ထပ်မံကုန်ကျခြင်းမရှိဘဲနဲ့ သန့်ရှင်းသာယာလှပသော ကျေးရွာများဖြစ်ပေါ်လာမှာမလွဲပါဘူးရှင့်။

နိဂုံးချုပ်အနေနဲ့အကြံပြုရရင် ပထမအချက်အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသာယာလှပသည့် လူမှုပတ်ဝန်းကျင်ကောင်းများပေါ်ထွန်းလာဖို့အတွက် မိမိကိုယ်တိုင်ကစပြင်ကြပါ။ အမှိုက်ကိုစနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းကို အလေးထားလုပ်ဆောင်ပါ။ သူများမြင်သာအောင်

လုပ်ပြရင် ပညာပေးရာရောက်ပါတယ်။ တချို့ကတော့ ဝန်ကြီးချုပ်တွေ၊ မြို့တော်ဝန်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တပ်မတော်သားတွေ အမှိုက်ကောက်ပြတာ၊ သန့်ရှင်းရေးလုပ်တာကို For Show လုပ်တယ်လို့ မြင်ကြပါတယ်။ မန္တလေးမြို့တော်ဝန်ရဲ့ စီမံခန့်ခွဲမှုကောင်း/မကောင်းကို မန္တလေးမြို့ကြီး ခေတ်မီတိုးတက်ပြောင်းလဲလာမှုကိုကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။ မြို့တော်ဝန်အမှိုက်ကောက်ပြတာကိုတော့ သက်မဲ့သာမက သက်ရှိတွေရဲ့ စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုအတွက် ပညာပေးတယ်လို့ ယူဆမိပါတယ်။ ဒါဟာ Pamphlet တွေဝေတာထက် ထိရောက်တဲ့ပညာပေးမှုလို့ လက်ခံပါတယ်။

ဒုတိယအချက်အနေနဲ့ ရန်ပုံငွေနည်းပါးပြီး ဝန်နဲ့အားမမျှတဲ့မြို့ငယ်လေးတွေကို တိုင်းဒေသကြီး အစိုးရက ကူညီထောက်ပံ့သင့်ပါတယ်။ တတိယအချက်အနေဖြင့် ကျေးလက်ဒေသများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နိုင်ရေးနှင့် မြစိမ်းရောင်စီမံကိန်း အတိုးငွေအသုံးပြုခွင့်ရတဲ့ ကျေးရွာများမှ စတင်အကောင်အထည်ဖော်နိုင်ရေး တိကျသောညွှန်ကြား ချက်များ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု မလုပ်နိုင်ခင်အချိန်မှာ နိုင်ငံတစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများမှ အမှိုက်စုပုံကွင်း၊ အမှိုက်စွန့်ပစ်ကျင်းများကို တိကျသတ်မှတ်ဖော်ဆောင်ရေးအတွက် နိုင်ငံတော်အစိုးရအားတိုက်တွန်းတဲ့အဆို ဖြစ်ပါတယ်။ ၎င်းအဆိုမှာဆိုရင် ရည်ရွယ်ချက်လေးချက် အပေါ်မှာ အခြေခံထားကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်ရဲ့ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ များစွာအထောက်အကူပေးနိုင်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် အဆိုရှင်ရဲ့ တင်ပြချက်ပေါ်မှာ အချက်နှစ်ချက်ပေါ်မူတည်ပြီးတော့ ကျွန်တော်ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။

ပထမအချက်အနေနဲ့ စနစ်တကျအမှိုက်စုသိမ်းခြင်းနဲ့ စွန့်ပစ်ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးလက်ဒေသနဲ့ မြို့ရွာအချို့တို့မှာ စွန့်ပစ်အမှိုက်များမြင်မကောင်းအောင်ရှိနေခြင်း၊ စုပုံနေခြင်း၊ ပြန့်ကျဲနေခြင်းရဲ့အဓိကအကြောင်းအရင်းက အချက်သုံးချက်ဖြစ်ပါတယ်။ အဲဒီသုံးချက်ကတော့ ပထမတစ်ချက်က အမှိုက်စွန့်ပစ်မယ့်နေရာတိတိကျကျသတ်မှတ်ထားခြင်းမရှိဘူး။ ဒီနေရာမှာ ဆိုရင် အမှိုက်စုပုံကွင်း၊ အမှိုက်စုကန်တွေ၊ အမှိုက်ပုံးတွေ၊ အမှိုက်စုပုံတဲ့ကွင်းတွေရှိဖို့လိုပါတယ်။ ဒီနေရာမှာ လုံလုံလောက်လောက်အမှိုက်ပုံးတွေမရှိတဲ့အခါမှာ အမှိုက်တွေကို စနစ်တကျစွန့်ပစ်နိုင်ဖို့ အတွက် အလွန်ပဲခက်ခဲနေတာတွေ့ရပါတယ်။ ဥပမာ- ကျွန်တော်တို့ သံတောင်ကြီးမြို့နယ်မှာ အမှိုက်

စုပုံကွင်းမရှိတဲ့အတွက်ကြောင့် အမှိုက်ကိုစွန့်ပစ်ဖို့အတွက် အလွန်ခက်ခဲပါတယ်။ ဘာကြောင့်လဲ။ ကျွန်တော်တို့ဒေသက တောင်ပေါ်ဒေသဖြစ်တယ်။ အမှိုက်တွေကို စွန့်ပစ်လို့ရှိရင် ချောက်ထဲကို ရောက်မယ်။ မြောင်းထဲရောက်မယ်။ ချောင်းထဲကိုပြန်ရောက်သွားမယ်။ ထိုနည်းအတိုင်း ကျွန်တော်တို့ မြို့ရဲ့ပတ်ပတ်လည်မှာ ကြိုးဝိုင်းတွေနဲ့ပတ်လည်ထားတယ်။ ဒါကြောင့် မြေကွက်လပ်ရရှိဖို့ကလည်း တော်တော်လေးခက်ခဲနေတာကို တွေ့ရပါတယ်။ တခြားဒေသတွေမှာလည်း ဒီလိုမျိုးအခြေအနေ ရှိကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် သတ်သတ်မှတ်မှတ်အမှိုက်ပစ်မယ့်နေရာထားရှိဖို့ အထူး လိုအပ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ပြည်သူများပါဝင်ပူးပေါင်းဆောင်ရွက်မှု အားနည်းပါတယ်။ အမှိုက်များကို စနစ်တကျပစ်ဖို့အတွက်က ပြည်သူတွေရဲ့ပါဝင်မှုက အားနည်းတယ်။ ဘာကြောင့်လဲ။ အသိပညာဗဟုသုတခေါင်းပါးတဲ့အတွက်ကြောင့်ဖြစ်တယ်။ နောက် တာဝန်သိမှု၊ တာဝန်ယူမှုကလည်း အားနည်းလျက်ရှိတာကို တွေ့ရပါတယ်။ နောက် စည်းကမ်းလိုက်နာမှုဆိုတာ အားနည်းတာကိုလည်း တွေ့ရပါတယ်။ ပရဟိတစိတ်ဓာတ်က နည်းပါးတယ်။ နောက် ဆက်လက်ပြီးတော့ တွေးခေါ်မြော်မြင်မှု ကလည်းအားနည်းနေတယ်။ ဒါကြောင့် ပြည်သူတွေရဲ့စိတ်ဓာတ်များကို ပြန်ပြုပြင်ဖို့ရန် အများကြီး လိုအပ်လျက်ရှိနေပါတယ်။

တတိယအချက်အနေနဲ့ သက်ဆိုင်ရာဝန်ထမ်းများနဲ့အဖွဲ့အစည်းများရဲ့ အားနည်းချက်ပဲ ဖြစ်ပါ တယ်။ ဒီနေရာမှာ ဝန်ထမ်းတွေနဲ့သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ တာဝန်ယူမှု၊ တာဝန်ဝတ္တရားကျေပွန် မှုအားနည်းနေတာလည်း တွေ့ရပါတယ်။ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဆိုတာကလည်း အလွန်ပဲ နည်းပါးလျက်ရှိနေတာတွေ့ရတယ်။ ဒါ့ကြောင့် ပြည်သူများအပေါ်မှာလည်း စိတ်စေတနာထက်သန်စွာ အားနည်းတယ်ဆိုတဲ့အချက်တွေကို မြင်တွေ့ရပါတယ်။ အဲဒါတွေကို ပြန်လည်ပြုပြင်နိုင်ဖို့ အဓိက ကျတဲ့အချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာစီမံကိန်း ဖော်ဆောင် တဲ့နေရာမှာ အဓိကလိုအပ်တဲ့အချက်တွေကတော့ အမှိုက်စွန့်ပစ်ဖို့နေရာတိတိကျကျ သတ်မှတ်နိုင်မှ သာလျှင် ဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော် ဆွေးနွေးလိုတာ ကတော့ စွန့်ပစ်ပစ္စည်းပြန်လည်ထိန်းချုပ်ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ စွန့်ပစ် ပစ္စည်းများကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် တင်ပြဆွေးနွေးထားတဲ့အချက်ထဲမှာ ပါပါတယ်။ ထိုနည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနရဲ့ စွန့်ပစ်ပစ္စည်းစီမံချက်များအနက် ဒီအမှိုက် များကို ပြန်လည်အသုံးချနိုင်ခြင်းဆိုတဲ့အချက်တွေလည်း ပါနေတာကိုတွေ့ရပါတယ်။ ပထမတစ်ချက် အနေနဲ့ Reduce(စွန့်ပစ်အမှိုက်များလျှော့ချခြင်း)၊ နောက်တစ်ခါ Reuse(စွန့်ပစ်အမှိုက်များ ပြန်လည်အသုံးချခြင်း)၊ နောက်တတိယအချက်ကတော့ Recycle(စွန့်ပစ်ပစ္စည်းပြန်လည်ပြုပြင် အသုံးချခြင်းဟူသော စီမံချက်များပါဝင်တာကို တွေ့ရပါတယ်။ ဒီနေရာမှာဆိုရင် အဆိုရှင်အနေနဲ့ တင်ပြချက်တွေကို ပြန်လည်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့တွေလည်း ပြန်လည်ပြီးတော့။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းတဲ့ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုနိုင်သေးမီစပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီသန့်ရှင်းသာယာလှပစေရန် စနစ်တကျအမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာလုပ်ငန်းများအတွက် လုံလောက်မျှတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများတိကျစွာဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မြို့များသာမက ရွာများပါမကျန်အောင် အဓိကစွန့်ပစ်နေသော အမှိုက်များအနက် ပလတ်စတစ်အန္တရာယ်ကို အဓိကထားပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပလတ်စတစ်အန္တရာယ်က ယနေ့ကမ္ဘာပေါ်မှာ ခြိမ်းခြောက်မှုမြင့်မားလာနေပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ တစ်ခါသုံးပလက်စတစ်အိတ်ပေါင်း 3 Trillions ကျော်ကို အသုံးပြုနေကြတာကို မိနစ်တိုင်း၊ မိနစ်တိုင်း ပလတ်စတစ်အိတ်ပေါင်း နှစ်သန်းကျော်ကိုအသုံးပြုနေကြတယ်လို့ လေ့လာသိရှိရပါတယ်။ ပလတ်စတစ်ကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုမှာ ကမ္ဘာမြေထု၊ ရေထုအထိပါ ထိခိုက်မှုများပြားပါတယ်။ တန်ချိန်သန်းနှင့်ချီသော ပလတ်စတစ်အိတ်အညစ်အကြေးများသည် မြစ်ချောင်းအင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများသို့ နှစ်စဉ်စီးဝင်နေသဖြင့် ရေသတ္တဝါများကိုလည်း ပလတ်စတစ်အန္တရာယ်သည် အကြီးအကျယ်ခြိမ်းခြောက်နေပါတယ်။ ပလတ်စတစ်ကြောင့် ကျွန်တော်တို့ လူသားများသာမက သဘာဝပတ်ဝန်းကျင်နှင့် အခြားသတ္တဝါများကိုပါ ဆိုးကျိုးများပေးနေပါတယ်။ ပလတ်စတစ်အန္တရာယ်ခြိမ်းခြောက်ရခံမှုကင်းဝေးစေရန် ကမ္ဘာ့နိုင်ငံအချို့မှာ အစီအစဉ်များဆောင်ရွက်ထားကြပါတယ်။ ဗြိတိန်နိုင်ငံအနေနဲ့ ပလတ်စတစ်အိတ်သုံးစွဲမှုအပေါ်တွင် အခွန် ငါးပဲနီ စတင်ကောက်ယူပြီး ကော်ဆိပ်ထုတ်လုပ်မှုလုပ်ငန်းကို ရပ်တန့်ထားပါတယ်။ အင်္ဂလန်နိုင်ငံအနေဖြင့် Buckingham Palace ပရိဝုဏ်အတွင်းမှာ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုပိတ်ပင်ခြင်း၊ စားသောက်ဆိုင်များနှင့် ဘီယာဆိုင်များ ပလတ်စတစ်ပိုက်ကလေးများကို အစားထိုးသုံးစွဲရန်တိုက်တွန်းထားပါတယ်။ စကော့တလန်နိုင်ငံတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖျော်ရည်သောက်သည့် ပလတ်စတစ်ပိုက်လေးများ သုံးစွဲမှုကိုတားမြစ်ခြင်း၊ အလှကုန်၊ ဆပ်ပြာ၊ သွားတိုက်ဆေးအသုံးပြုသည့် နိုက်ကရိုဟက်သုံးစွဲမှု ပိတ်ပင်ခြင်းများနှင့် အဆင့်မြင့်ကုန်တိုက်များတွင် ပလတ်စတစ်အိတ်များအသုံးမပြုတော့ခြင်း စသည်တို့ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံတွင်လည်း စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုလျှော့ချခြင်း၊ ပြန်လည်အသုံးချနိုင်သည့်ပစ္စည်းများကို ဖန်တီးထုတ်လုပ်ခြင်း၊ အမှိုက်ပြင်မြေဖို့ခြင်းတို့ကိုမပြုလုပ်ရန် တွန်းအားပေးဆောင်ရွက်ခြင်း၊ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စက်မှုလုပ်ငန်းများကို တည်ဆောက်ခြင်းနှင့် ဒေသတွင်းစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုနည်းပညာအတွက် စင်ကာပူ

နိုင်ငံကို ဗဟိုထား၍လုပ်ဆောင်ခြင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ မဟာရာ့တရာ ပြည်နယ်တွင် ပလတ်စတစ်သုံးစွဲမှုကို ပိတ်ပင်ခဲ့ပါတယ်။ အစ္စရေးနိုင်ငံတွင်လည်း အဆင့်မြင့်ကုန်တိုက်ကြီးများတွင် ဈေးဝယ်သူများကို ပလတ်စတစ်တစ်လုံးလျှင် အနည်းဆုံး ၀.၀၃ ဒေါ်လာဖြင့် ငွေရှင်းပြေစာတွင် အိတ်ဖိုးထည့်သွင်းမှုကို ဥပဒေချမှတ်ပြီးဆောင်ရွက်ရာမှာ တစ်နှစ်အတွင်း ပလတ်စတစ်သုံးစွဲမှု ၈၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့ပြီး အိတ်ရောင်းချမှုမှရရှိသည့်ငွေကြေးကို လေထုညစ်ညမ်းမှု လျှော့ချသည့်အစီအစဉ်တွင် အသုံးပြုပါတယ်။ ဒီ ပလတ်စတစ်အသုံးပြုမှု ပပျောက်ရေးဆောင်ရွက်တဲ့နိုင်ငံ ၁၅ နိုင်ငံရှိတယ်လို့လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း အစိုးရစားသုံးသူ ပြည်သူများ၊ ကုန်တိုက်၊ စတိုးဆိုင်ပိုင်ရှင်များစသည့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး မိမိတို့မိသားစု ပတ်ဝန်းကျင်နိုင်ငံအတွင်းမှသည် တစ်ကမ္ဘာလုံးအကျိုးအတွက် ပလတ်စတစ်အန္တရာယ်ခြိမ်းခြောက်မှုကင်းဝေးစေရန် မိမိတို့ကိုယ်စီအသိစိတ်ဓာတ်ဖြင့် အလေးထားဆောင်ရွက်နိုင်ပါရန် တိုက်တွန်းလိုက်ပါတယ်။

လက်ရှိတွင် ရန်ကုန်ရှိအမှိုက်များကို ဂျပန်အစိုးရနဲ့ပူးပေါင်းကာ ကာဗွန်လျှော့ချရေးအစီအစဉ်အတွက် အမှိုက်မှစွမ်းအင်ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို လှော်ကားတွင် ၂၀၁၇ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်လည်ပတ်ခဲ့ရာ တစ်ရက်လျှင် အမှိုက်တန်ချိန် ၆၀ ကို စက်ရုံအတွင်းမီးရှို့၍ လျှပ်စစ်ဓာတ်အား ၇၀၀ ကီလိုဝပ်ထုတ်လုပ်နိုင်ကြောင်း၊ ၃၀၀ ကီလိုဝပ်ကို စက်ရုံအတွက် ပြန်သုံးပြီး ကျန်ကီလိုဝပ် ၄၀၀ ကို ဖြန့်ဖြူးရောင်းချရန်ဆောင်ရွက်နေကြောင်း သိရှိရတဲ့အတွက် ဝမ်းမြောက်လှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အထက်ပါစက်ရုံများ များစွာတည်ဆောက်နိုင်ရန်လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားတစ်ပြေးညီသာယာလှပစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုသာမက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဦးစားပေးလုပ်ငန်းလမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်လမ်းညွှန်ပေးမှ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါသဖြင့် ဦးစိုင်းဝေါ်းဆိုင်ဟိန်း၏အဆိုကို ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင်။ မောက်မယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်းဆိုင်ဟိန်းရဲ့အဆိုကို အကြံပြုချက်၊ ရည်ရွယ်ချက်နဲ့ တွေ့ရှိချက်များကို ခွဲပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ နိုင်ငံတစ်ဝန်းလုံးမှာ စွန့်ပစ်အမှိုက်စီမံမှုဟာ အလွန်အရေးကြီးပြီးတော့ ရှေ့တန်းရောက်လာတာကိုတွေ့ရပါတယ်။ စွန့်ပစ်အမှိုက်စီမံကိန်း၊ အမျိုးသားစီမံကိန်းတစ်ရပ်မအောင်မီခင် ဒီကြားကာလကိုလည်း မဖြစ်မနေအာရုံစိုက်ဖို့ လိုလာပါတယ်။ ဒါကြောင့်မို့လို့ အကြောင်းပြချက်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ဒီကြားကာလမှာ လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်လုပ်ငန်းစီမံခန့်ခွဲမှုဟာ တိုးတက်အောင်မြင်ပြီး ရေရှည်မျှော်မှန်းချက်ဖြစ်တဲ့ သန့်ရှင်းတဲ့၊ စိမ်းလန်းတဲ့၊ ကျန်းမာရေးအခြေအနေကောင်းတဲ့၊

ပြည့်စုံတဲ့ မြို့ပြ၊ ကျေးလက်များကို အနာဂတ်၊ လူငယ်၊ လူရွယ်မျိုးဆက်သစ်များကို အမွေကောင်း ပေးနိုင်ခဲ့မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတစ်ဝန်းမှာတွေ့ရတဲ့ အဖြစ်အပျက်နဲ့ရင်ဆိုင်နေရတာ တွေကို တင်ပြချင်ပါတယ်။ ဒေသဆိုင်ရာမှာ မှန်ကန်တဲ့အချက်အလက်မရှိခြင်း၊ စံနှုန်းတိုင်းတာမှု လိုအပ်ချက်နဲ့အတူ ခေတ်စနစ်နဲ့အညီ စည်းမျဉ်း၊ စည်းကမ်းများ ပြင်ဆင်ဖြည့်စွက်ရန်လိုနေခြင်း၊ ယခင်မြို့ပြစီမံကိန်းရေးဆွဲစဉ်ကတည်းက အမှိုက်စွန့်ပစ်ဖို့နေရာ အတိအကျသတ်မှတ်ထားခြင်း မရှိပါဘူး။ လက်ရှိအမှိုက်စွန့်ပစ်ဖို့ အခက်အခဲရှိနေတာကို တွေ့ရပါတယ်။ နောက်တစ်ခုကတော့ ကျေးလက်ဒေသကို အာရုံမစိုက်တာကို သတိထားမိပါတယ်ရှင်။ အဲဒါဘာလဲဆိုရင် ကျေးလက် စွန့်ပစ်အမှိုက်စီမံကိန်းဟာ လုံးဝပါနေတာကို မတွေ့ရပါဘူး။ ကျေးလက်လူထုတွေရဲ့အသက်ဖြစ်တဲ့ ရေရရှိမှုဟာ ရေထွက်ပေါက်မှာမှီခိုရပါတယ်။ ဒီစနစ်တွေ၊ အမှိုက်စွန့်ပစ်စနစ်စီမံမှုမရှိတဲ့အတွက် ရေထွက်ပေါက်တွေပိတ်ပြီးတော့ ရေလိုအပ်ချက်နဲ့အတူ ၎င်းနဲ့ဆက်နွယ်တဲ့အကျိုးဆက် ဘေးဆိုး ထွက်တွေအများကြီးရင်ဆိုင်ပြီး ပဋိပက္ခတွေ ဖြစ်လာရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်သူများကို ပညာပေးရေးအစီအစဉ်များ အားနည်းနေမှုကြောင့် စည်းကမ်းတကျအမှိုက်စွန့်ပစ်မှုကို ပူးပေါင်းဆောင်ရွက်မှုနဲ့ စည်းကမ်းလိုက်နာမှုအားနည်းတာကို တွေ့ရပါတယ်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုနေ တာကိုတွေ့ရပါတယ်။ အမှိုက်စွန့်ပစ်မှုစီမံဆောင်ရွက်ရာမှာ ဘဏ္ဍာငွေမလုံလောက်တာကိုလည်း တွေ့ရပါတယ်။ စည်ပင်သာယာဥပဒေနဲ့နည်းဥပဒေမှာ ထိရောက်တဲ့ပြစ်ဒဏ်တွေ၊ ငွေဒဏ်တွေချမှတ် ထားဖို့ ပြင်ဆင်ဖို့လိုသလို ဆုပေးတဲ့စနစ်ကိုလည်း ထည့်သွင်းတာလိုပါတယ်ဆိုတာကိုလည်း တွေ့ရှိရ ပါတယ်။ နောက် အမှိုက်စွန့်ပစ်နေရာရှားပါးတာကိုလည်းတွေ့ရသလို Land Fill စီမံကိန်း စနစ်တကျမရှိခြင်း၊ မပြုလုပ်ထားခြင်းကိုလည်း တွေ့ရပါတယ်။ သန့်ရှင်းရေးအလုပ်သမား ရှားပါးခြင်း တို့ပါပါတယ်။ အမှိုက်သိမ်းတဲ့စနစ် ထိရောက်မှု ပြည့်ဝမှုမရှိပါဘူး။ အခြေခံလိုအပ်ချက်ပြည့်ဝနည်းပါး မှုနဲ့ လူထုသတိပြုမှုအဆင့်နည်းပါးခြင်းတို့ကြောင့် ခွင့်ပြုချက်မရှိတဲ့၊ မတည်ဆောက်ထားသေးတဲ့ နေရာမှာ စွန့်ပစ်ခြင်းဆက်လက်ရှိနေဆဲ ဖြစ်ပါတယ်။ စွန့်ပစ်အမှိုက်များကို ဟင်းလင်းပြင်မှာ မည်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုမရှိဘဲနဲ့ မကြာခဏစွန့်ပစ်ခြင်းကြောင့် ဝန်ထမ်းများက ပိုပြီးတော့အလုပ် ပိုလာရပါတယ်။ တရားဝင်စွန့်ပစ်ထားပေမဲ့ သိမ်းဆည်းစနစ် အကောင်အထည်ဖော်တာ မတွေ့ရပါ ဘူး။ အမှိုက်မီးရှို့စက်မရှိပါဘူး။ မြေထိုးစက်နဲ့လုပ်နေပေမဲ့ ယာဉ်အရေအတွက်လုံလောက်မှု မရှိပါဘူး။ အမှိုက်များကနေထွက်လာတဲ့ ရေဆိုးစနစ်စီမံကိန်းမရှိပါဘူး။ လက်ရှိအမှိုက်ပစ်နေရာကနေ လေထု ညစ်ညမ်းမှုနဲ့ပတ်သက်တဲ့ အချက်အလက်တိုင်းတာစုဆောင်းထားခြင်းလည်း မတွေ့ပါဘူး။ အမှိုက်ကျင်းနေရာများမှာ အလုပ်လုပ်နေတဲ့လူရဲ့ အန္တရာယ်တွေလည်း တွေ့နေရပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အကြံပြုချက်ကို တင်ပြချင်ပါတယ်။ ပြည်သူများအသိပညာပေးခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်း၊ အမူအကျင့်၊ အလေ့အထရှိဖို့ ဆောင်ရွက်ဖို့လိုပါတယ်။ လုံလောက်တဲ့ရန်ပုံငွေ အစီအမံလိုပါတယ်။ အမှိုက်သိမ်းခြင်းအတွက် အဂတိကင်းတဲ့၊ သင့်တင့်လျောက်ပတ်တဲ့ ဝန်ဆောင်ခ များရရှိဖို့ ဖန်တီးစေချင်ပါတယ်။ နည်းပါးရှားပါးတဲ့ သန့်ရှင်းရေးလုပ်သား Manual Worker၊ Skilled Labour ရရှိရေးအတွက် အစီအမံပြုလုပ်စေလိုပါတယ်။ နိုင်ငံတကာ အကူအညီအထောက်အပံ့ရရှိဖို့ ချိတ်ဆက်စေချင်ပါတယ်။ ခေတ်မီနည်းပညာများ အသုံးပြုစေချင်ပါတယ်။ နောက်တစ်ခုကတော့

ဒေသဆိုင်ရာနဲ့ အံ၀င်ခွင်ကျတဲ့ စွန့်ပစ်အမှိုက်စနစ် ခန့်ခွဲမှုအစီအစဉ်များကို စည်ပင်သာယာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ရေးဆွဲရာမှာ မဖြစ်မနေထည့်သွင်းစေပြီးတော့ စိန်ခေါ်မှုများ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အဆင့်မြင့်ရေးဆွဲပေးစေချင်ပါတယ်။ ရည်မှန်းချက်များနဲ့ လုပ်ငန်းအစီအစဉ်များကို ဆီလျော်စွာ ပြဋ္ဌာန်းသတ်မှတ်ပြီးတော့ ခိုင်လုံတဲ့မူဝါဒ၊ ကတိကဝတ်နဲ့ ပြည်သူလူထု၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့အတူ စိတ်ပါ၀င်စားသူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်မှန်းရမှာဖြစ်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ် အပါအဝင် မြန်မာနိုင်ငံ တစ်နံတစ်လျားရှိမြို့နယ်၊ ကျေးရွာများရဲ့ ကားလမ်းဘေး၊ ရထားလမ်းဘေး၊ ချောင်းဘေး၊ မြစ်ဘေး၊ ကန်ဘေး၊ လယ်ကွင်းဘေးတွေမှာ စည်းကမ်းမဲ့စွာစွန့်ပစ်ထားတဲ့ ခလေ့စရိုက်များကို ပြုပြင်စေလိုခြင်းနှင့် ကျေးရွာ၊ ရပ်ကွက်သန့်ရှင်းသာယာစေလိုခြင်းရည်ရွယ်ချက်များနဲ့ တင်သွင်းတဲ့အဆိုဖြစ်တာမို့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒီလို ကိုယ့်အိမ်၊ ကိုယ့်ဝိုင်း၊ ကိုယ့်ကျောင်းက ထွက်ရှိလာတဲ့ စွန့်ပစ်အမှိုက်များကို စနစ်တကျမစွန့်ပစ်ရခြင်းရဲ့အကြောင်းရင်းများထဲမှာ အမှိုက်နဲ့ စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ လေထု၊ ရေထု၊ မြေထုများ အဆိပ်အတောက်ဖြစ်စေခြင်းတို့အတွက် ဗဟုသုတနဲ့ လေ့လာမှုအားနည်းနေခြင်း၊ စနစ်တကျစွန့်ပစ်တတ်ရန် အလေ့အကျင့်၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ စွန့်ပစ်အမှိုက်မှ အကျိုးပြုထုတ်ကုန်များ ပြန်လည်ထုတ်လုပ်ရန် အားထုတ်မှုမရှိခြင်းနဲ့ ရပ်ကွက်၊ ကျေးရွာများကို ဦးဆောင်နေသူများကလည်း ပညာပေးရန်အားနည်းခြင်း စတဲ့အကြောင်းများကြောင့် အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်လာတာ ဖြစ်ပါတယ်။ ဥပမာ- ကျွန်မမဲဆန္ဒနယ်ဆိုရင် တောင်ကျချောင်းများ များစွာရှိပြီး ရွာများရဲ့အမှိုက်စွန့်ပစ်စနစ်ဟာလည်း ဒီချောင်းနံဘေးမှာသာ စုပုံထားပြီး ညစ်ပတ်ပြီး အနံ့ဆိုးများထွက်နေတဲ့အမှိုက်ပုံကို တောင်ကျချောင်းရေများပြည့်လာတာနဲ့ ရေနဲ့မျှောပါသွားစေတဲ့စနစ်ဖြစ်ပါတယ်။ ဒီလိုကျင့်သုံးလာတာဟာ နှစ်ပေါင်း ၅၀ ကျော်ဆိုတော့ ပြုပြင်ဖို့ရာအခက်အခဲများ ရှိနေဆဲဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက်မှာတော့ ပရဟိတလူငယ်၊ လူရွယ်များ ချောင်းဘေးအမှိုက်ကောက်ခြင်းနဲ့ စည်ပင်မှ အမှိုက်ကန်၊ အမှိုက်ပုံးများထားပေးခြင်းအပြင် ဒဏ်ရိုက်ခြင်းမျိုးကိုပါ တစ်ပြိုင်တည်း ကျင့်သုံးပြောင်းလဲနေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဝေးပြေးကားစီးခရီးသည်များ၊ မီးရထားစီးခရီးသည်များ အမှိုက်စွန့်ပစ်တာဟာလည်း အင်မတန်မှ ရုပ်ဆိုးလှပါတယ်။ ထမင်းဘူး၊ ဖော့ဘူးခွံများ၊ ကြွပ်ကြွပ်အိတ်များကို ရထားလမ်းဘေး၊ ကားလမ်းဘေးမှာပစ်မချစေဘဲ တွဲစောင့်မီးရထားဝန်ထမ်းများမှ လိုက်လံသိမ်းယူတဲ့အလေ့အထကို ပြုလုပ်သင့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ တာဝန်တစ်ရပ်အဖြစ် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စတင်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း သိရပါတယ်။

ဦးစီးဌာနရဲ့ လုပ်ငန်းလမ်းညွှန်နိဒါန်းမှာ လူဦးရေတိုးတက်များပြားလာခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် နေထိုင်မှု စားသောက်မှုပုံစံပြောင်းလဲလာခြင်းတို့နှင့်အတူ စွန့်ပစ်အမှိုက်များထွက်ရှိမှုဟာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာပြီး သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းပျက်စီးလျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ကျန်းမာသန့်ရှင်းရေးမဟာဗျူဟာရည်မှန်းချက်နဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်(SDG)များနှင့်အညီ ကျေးလက်ဒေသများမှာ ကျေးရွာအခြေပြု အမှိုက်စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်လို့ ဖော်ပြထားပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်စတင်ပြီး မြို့နယ်တစ်မြို့နယ်မှာ ကျေးရွာတစ်ရွာကနေ ငါးရွာအထိ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဦးစားပေးအနေနဲ့ လူထုဗဟိုပြု(CDD) ကျေးရွာများ၊ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ၊ ကျေးရွာအသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေမြှင့်တင်ရေးစီမံကိန်းဝင်ကျေးရွာများ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဝင်ကျေးရွာများ၊ အိမ်သွယ်ရေတိုင်စနစ်ရှိတဲ့ကျေးရွာများ၊ စီမံကိန်းဆောင်ရွက်ရန် ဆန္ဒရှိတဲ့ကျေးရွာများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ သဘာဝခရီးသွားလုပ်ငန်းရှိတဲ့ကျေးရွာများကို ဦးစားပေးပါတယ်။ ဒီစီမံချက်မှာ ကျေးရွာရဲ့ Data အချက်အလက်များကောက်ယူခြင်း၊ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ ကော်မတီရဲ့လုပ်ငန်းများ သတ်မှတ်ခြင်း၊ ရန်ပုံငွေရရှိရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ အမှိုက်ပုံးထားရန်နေရာသတ်မှတ်ခြင်းနှင့် နောက်ဆုံး အမှိုက်စွန့်ပစ် မြေဖုံးအမှိုက်ကျင်းနေရာသတ်မှတ်ခြင်း စတဲ့လုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ဒီကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်မှာ တက်ကြွစွာ၊ ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ အထူးလိုအပ်လှပါတယ်။ ဒီလိုဆောင်ရွက်ကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့လူမျိုးရဲ့ စိတ်ဓာတ်၊ စည်းကမ်းမြင့်မားလာခြင်းနဲ့အတူ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာပြီး ကျန်းမာရေး၊ လူမှုရေး၊ အကျိုးစီးပွားများတိုးတက်လာမှာဖြစ်တဲ့အတွက် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့အဆိုနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အခုအဆိုဟာ ကျန်းမာရေးနှင့်ညီညွတ်တဲ့၊ သန့်ရှင်းသပ်ရပ်သာယာလှပတဲ့ လူမှုပတ်ဝန်းကျင်ကောင်းများကို ဖြစ်ပေါ်စေရေးစတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ တင်သွင်းတဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ်မြန်မာနိုင်ငံတော်အတွက် ရေရှည်စိမ်းလန်းသန့်ရှင်းပြီးတော့ ကျန်းမာရေးနှင့်ကိုက်ညီတဲ့ပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်ရန်ရည်မှန်းပြီး ရေးဆွဲထားတဲ့ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနဲ့ လုပ်ငန်းစဉ်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်ဆိုရင် အခုအဆိုရှင်တင်ပြတဲ့ လုပ်ငန်းစဉ်များကို မဖြစ်မနေ

ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ အမှိုက် သို့မဟုတ် စွန့်ပစ်ပစ္စည်းများဟာ အချိန်နှင့်အမျှ ထွက်ရှိနေပါတယ်။ တိုးပွားနေတဲ့ လူဦးရေ၊ ယနေ့ခေတ်လူထုရဲ့စားသောက်နေထိုင်မှုစနစ်ပုံစံများအရ လူတို့ကို ဘေးဥပါဒ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းများဟာလည်း စုပုံလာနေပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့တွက်ချက်မှုအရ တစ်နေ့ကို လူတစ်ဦးက အမှိုက် ၀.၇၄ ကီလိုဂရမ် စွန့်ပစ်ကြောင်းသိရှိရပါတယ်။ ဒါကြောင့် အမှိုက်တွေကို နည်းစဉ်ကတည်းကပင် မရှင်းလင်းလို့ရှိရင် အမှိုက်ပုံကြီးများဖြစ်လာပြီး မြို့များ၊ ရွာများစတဲ့ လူတို့နေထိုင်ရာကို အန္တရာယ်များ၊ ပြဿနာများ ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ စည်းကမ်းစနစ်ကျနတဲ့ အမှိုက်စွန့်ပစ်ဖို့ဟာ အရေးတကြီးဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စရပ်ပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်အကောင်အထည်ဖော်ရန်အတွက် ပြုစုထားတဲ့ ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဖြစ်ပါတယ်။ စာတမ်းဖြစ်ပါတယ်။ ဒီကျေးရွာများမှာ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ကျေးရွာများမှာ စွန့်ပစ်အမှိုက်များကို စုဆောင်းနည်း၊ သယ်ယူနည်းနဲ့ စီမံခန့်ခွဲနည်းတို့ကို ဖော်ပြထားပါတယ်။ ဒီစီမံခန့်ခွဲနည်းလေးမျိုးထဲက အမှိုက်များကို ပြန်လည်သန့်စင်သုံးစွဲခြင်း၊ ဇီဝနည်းလမ်းဖြင့် သဘာဝမြေဩဇာပြုလုပ်ခြင်း၊ အမှိုက်မီးရှို့စက်ဖြင့် ဆောင်ရွက်ခြင်းနှင့် စွန့်ပစ်အမှိုက်များကို အလွှာလိုက်မြေဖုံးအမှိုက်ကျင်းပြုလုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအမှိုက်ကို မီးရှို့ဖျက်ဆီးခြင်းကို အနည်းငယ်တင်ပြဆွေးနွေးလိုပါတယ်။ ဒီနည်းဟာဆိုရင် ကျွန်တော်တို့ ကျေးလက်များနှင့် မြို့ရွာများမှာ ကျင့်သုံးသင့်ပါတယ်။ ကျေးလက်များမှာ အမှိုက်ကို စည်းကမ်းမဲ့စွာ စွန့်ပစ်ထားကြတာပဲ ဖြစ်ပါတယ်။ ဒီလိုစည်းကမ်းမဲ့စွန့်ပစ်ထားတဲ့အမှိုက်တွေကိုပဲ စည်းစနစ်မရှိ မီးရှို့ဖျက်ဆီးထားတာပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီလိုမဖျက်ဆီးဘဲနဲ့ ယခုလိုမီးရှို့စက်များ တည်ဆောက်ပြီးတော့ စနစ်တကျအမှိုက်များကို မီးရှို့ဖျက်ဆီးသင့်ပါတယ်။ အမှိုက်များကို မီးရှို့ဖျက်ဆီးခြင်းဟာ ယနေ့လို အမှိုက်စွန့်ပစ်ရန် နေရာရှားပါးနေတဲ့နေရာမျိုးတွေအတွက် သင့်တော်တဲ့ ကုန်ကျစရိတ်နည်းပါးတဲ့ နည်းတစ်နည်းပဲ ဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းထုထည် ၉၀ ရာခိုင်နှုန်းကျော်ကို လောင်မြိုက်ရှင်းလင်းစေပါတယ်။ စွမ်းအင်ထုတ်လုပ်နိုင်ပါတယ်။ မီးမလောင်ဘဲနဲ့ကျန်ခဲ့တဲ့ သတ္တုအမျိုးအစားတွေကိုလည်း ပြန်လည်အသုံးပြုနိုင်ခြင်းစတဲ့ အကျိုးများကို ရရှိနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်စွန့်ပစ်အမှိုက်ပစ္စည်းအများစုဟာလည်း ပလတ်စတစ်နှင့်ပြုလုပ်ထားတာဖြစ်ပါတယ်။ ပလတ်စတစ်စွန့်ပစ်အမှိုက်များကြောင့် ရေမြောင်း၊ ချောင်းများ ပိတ်ဆို့ရတာ၊ စိုက်ပျိုးမြေတွေပျက်စီးရတာ၊ မြစ်ချောင်း၊ ပင်လယ်တို့ရဲ့ဇီဝပတ်ဝန်းကျင် ပျက်စီးရတာကို သိရှိထားကြပြီးပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမှိုက်များကို ယခုပုံမှာ ပြထားသလို အမျိုးအစားခွဲခြားစွန့်ပစ်တတ်တဲ့ စတဲ့လိုအပ်တဲ့အသိပညာပေးမှုများကို ပြည်သူလူထုကြားမှာ ကျယ်ပြန့်စွာလုပ်သင့်ပါတယ်။ ကျောင်းများမှာ ကျောင်းသားလူငယ်များကိုလည်းပဲ Health Fit Family Centre မျိုး ဖြစ်အောင်အထိ သူတို့ကို သင်ကြားဖို့လိုအပ်ပါတယ်။ လေ့ကျင့်ဖို့လည်း လိုအပ်နေပါတယ်။ အမှိုက်ထွက်ရှိမှုကို လျော့ကျစေတဲ့(Reduce)၊ ပြန်လည်အသုံးပြုခြင်းဆိုတဲ့ (Re-use)နဲ့ ပြန်လည်ပြုပြင်ခြင်းဆိုတဲ့(Recycle)ဆိုတဲ့နည်းစနစ်များကိုလည်း ကျင့်သုံးကြရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ညောင်လေးပင်မြို့ရဲ့အမှိုက်ပုံပဲ ဖြစ်ပါတယ်။ မြေဧက ၁.၅ ဧကအပေါ်မှာ တည်ရှိပြီးတော့ အမှိုက်စုပုံလာတာဟာလည်း ၁၈ နှစ်ခန့်ရှိပါပြီ။

အမှိုက်ပုံပေါ်မှာမဆန့်တော့လို့ ကားလမ်းပေါ်အထိ လျှံကျနေပြီလည်းဖြစ်ပါတယ်။ မြို့နယ်စည်ပင်ကော်မတီကလည်းပဲ အမှိုက်စုပုံရန် မြေနေရာရှာနေသော်လည်းအဆင်မပြေဖြစ်နေပါတယ်။ အမှိုက်ပုံရန်သင့်တော်တဲ့မြေနေရာကို အမှိုက်ပုံမှာမလို့ မရောင်းချင်ကြပါဘူး။ မြေသိမ်းစွန့်ပစ်မြေကို အသုံးပြုရာမှာလည်း ခက်ခဲနေကြပါတယ်။ စားကျက်မြေတွေကို တရားဝင်အသုံးပြု၍လည်းမရခြင်းစတဲ့ အခက်အခဲများကြောင့်ပဲ ဖြစ်ပါတယ်။ ဒီလိုအခက်အခဲမျိုးကို မြို့တော်တော်များများမှာပဲ တွေ့ကြုံနေရတယ်လို့လည်း သိရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် ဥ်စိုင်းဝေါင်းဆိုင်ဟိန်းရဲ့ အမှိုက်စွန့်ပစ်ခြင်းများ၊ အမှိုက်ပုံများအတွက် နေရာများ သတ်မှတ်ပေးဖို့ဆိုတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လေးစားစွာထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက်ရည်ရွယ်တဲ့ ယခုအဆိုကို လေ့လာဖတ်ရှုခဲ့ပြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာများအားလုံးအစဉ်သန့်ရှင်းသပ်ရပ်လှပပြီး အမှိုက်ကင်းစင်သည့် သဘာဝပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသည့်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ရောက်ရှိရန် မိဘပြည်သူများအားလုံးနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တို့ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုများ ရရှိနိုင်မှာဖြစ်ပါတယ်။ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်(၂၀၁၇-၂၀၃၀)ကို အတည်ပြုရေးဆွဲပြီးကြောင်းကိုလည်း အဆိုတင်ပြစဉ်က သိရှိခဲ့ရပြီး စတင်ဆောင်ရွက်နေပြီလို့လည်း နားလည်မိပါတယ်။ မြို့ပြဧရိယာအတွင်းမှာရှိတဲ့ ရပ်ကွက်များအတွင်းမှာ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ဖြင့် အပတ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ တချို့ရပ်ကွက်များအတွင်းမှာ လမ်းများ၊ လမ်းကြားများမှာ ရေမြောင်းများ၊ ရေချောင်းများမှာ စွန့်ပစ်နေကြတာတွေလည်း ရှိနေပါတယ်။ ဒီလိုဖြစ်နေတဲ့အခြေအနေကို စည်ပင်သာယာရေးကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ထိထိရောက်ရောက်၊ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန် အထူးဦးစားပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့မြို့ပတ်ဝန်းကျင်မှာလည်း မြို့ရဲ့အပြင်ဘက်မှာ နမ့်စန်မြို့ဘက်ကိုသွားတဲ့ကားလမ်းဘေးမှာလည်း သွားရောက်စွန့်ပစ်နေတာကို တွေ့ရပါတယ်။ မိုင်းပွန်မှ လွိုင်လင်မြို့သို့ သွားတဲ့ကားလမ်းဘေးမှာလည်း လာရောက်စွန့်ပစ်ထားတဲ့အမှိုက်များကို တွေ့ရပါတယ်။ ပင်လုံမြို့မှ လဲချားမြို့ဘက်သို့ သွားတဲ့ကားလမ်းဘေးမှာလည်း သွားရောက်စွန့်ပစ်ထားတဲ့အမှိုက်များကို

တွေ့ရှိရပြီး သက်ဆိုင်ရာဌာနမှ ရှင်းလင်းရန်လိုအပ်ပါကြောင်းနှင့် အမှိုက်စုပုံခွင့်နှင့် အမှိုက်စွန့်ပစ်ခြင်းများ နေရာသတ်မှတ်ပေးနိုင်ပါရန် လိုအပ်ကြောင်းလည်း ဆွေးနွေးရင်း တင်ပြအပ်ပါတယ်။ ယခုလိုရပ်ကွက်အတွင်းမှာ စွန့်ပစ်တဲ့အမှိုက်များကို စနစ်တကျသိမ်းဆည်းနိုင်ရန်အတွက် အမှိုက်သယ်ယာဉ်များ ကောင်းမွန်ရန် လိုအပ်ပါတယ်။ လုံလုံလောက်လောက်ရှိဖို့လည်း လိုပါတယ်။ သယ်ယူတဲ့ယန္တရားများ အထူးကောင်းမွန်ရန်နှင့် ဒီလုပ်ငန်းမှာပါဝင်ဆောင်ရွက်ကြတဲ့ လုပ်သားအင်အားများလည်း ပြည့်ပြည့်စုံစုံရှိရန်လိုအပ်ပါကြောင်းလည်း အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသများဖြစ်တဲ့ကျေးရွာများမှာလည်း အမှိုက်ကင်းစင်ရေး စံပြကျေးရွာများဖြစ်စေရန် ရည်ရွယ်လျက် ကျေးရွာသန့်ရှင်းရေးအတွက် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ကနဦးမိတ်ဆက် ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စတင်ဆောင်ရွက်နေပြီလို့ လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ကျေးရွာများအားလုံး၊ ကျေးရွာအုပ်စုများအားလုံးမှာလည်း တစ်ပြေးညီဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ စွန့်ပစ်အမှိုက်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိရာမှာ ဥရောပတိုက်မှာရှိတဲ့ နိုင်ငံများမှာတော့ ပလတ်စတစ်အိတ်အမှိုက်များတိုက်ဖျက်ရေးကို တက်တက်ကြွကြွလှုပ်ရှားနေတာ တွေ့ရပါတယ်။ ၁၉၉၄ ခုနှစ်မှာ ဒိန်းမတ်နိုင်ငံမှာ ပထမဆုံးပလတ်စတစ်အိတ် အမှိုက်များပေါ်မှာ အခွန်ကောက်ခံခဲ့ကြောင်းလည်း သိရပါတယ်။ ဒိန်းမတ်နိုင်ငံမှာ အခွန်ကောက်ခံခဲ့မှုကြောင့် တစ်နှစ်လျှင် ပလတ်စတစ်အိတ်သုံးစွဲမှုမှာ သန်း ၈၀၀ မှ သန်း ၄၀၀ သို့ ကျဆင်းသွားကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စွန့်ပစ်အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများအားလုံးကို စနစ်တကျထိန်းသိမ်းခြင်းမပြုမှုများကြောင့် လူမှုဘဝပတ်ဝန်းကျင်အရပ်ရပ်ပျက်ယွင်းကာ ပြည်သူပြည်သားများရဲ့ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် စနစ်တကျအမှိုက်သိမ်းဆည်းခြင်း၊ အမှိုက်စွန့်ပစ်ခြင်းများ တိကျစွာသတ်မှတ်ရေး၊ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ်သာယာမှု အကောင်အထည်ဖော်ဆောင်ရွက်ရန် အလျင်အမြန်ဆောင်ရွက်သင့်ပါကြောင်းနှင့် ဦးစိုင်းဝေါ်ဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ ကျွန်တော်ရဲ့ဆွေးနွေးတင်ပြချက်ကို ဒီမှာပဲ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့်ကျေးရွာများအားလုံး တစ်ပြေးညီသန့်ရှင်းသပ်ရပ်သာယာလှပစေရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသပ်ရပ်လှပသည့် လူမှုပတ်ဝန်းကျင်ကောင်းများပေါ်ထွန်းလာစေရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ ကျေးလက်နှင့်

မြို့ပြအဆင့်အတန်းကွာဟချက်နည်းပါးစေရန်၊ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲရေး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအပေါ် ကူညီထောက်ပံ့ပေးနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်လေးရပ်နှင့် တင်သွင်းတဲ့အဆိုကောင်းတစ်ခုဖြစ်တဲ့အတွက်ကြောင့် မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားနှင့်အမှိုက်ဟာ ကင်းကွာ၍မရပါဘူး။ အမှိုက်ဆိုတာကလည်း အသုံးပြုပြီးသည်နှင့် စွန့်ပစ်ပစ္စည်းအဖြစ် ရောက်ရှိသွားခြင်းဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းရောက်ရှိသွားတာနှင့် စနစ်တကျထိန်းသိမ်းတတ်ဖို့လိုအပ်ပါတယ်။ စနစ်တကျမသိမ်းဆည်းပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုသာမက ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ အမှိုက်ကစပြောသာဒ်မီးလောင်ကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်ပေါ်စေပါတယ်။ စွန့်ပစ်ပစ္စည်းအမှိုက်များဟာ နေရာမျိုးစုံက ပေါ်ထွက်လာပါတယ်။ လူနေအိမ်ခြေများက စွန့်ထုတ်လိုက်တဲ့အမှိုက်၊ စက်ရုံ၊ အလုပ်ရုံများက စွန့်ထုတ်လိုက်တဲ့အမှိုက်၊ ပွဲလန်းသဘင်အခမ်းအနားများမှ စွန့်ထုတ်လိုက်တဲ့အမှိုက်၊ ဌာနဆိုင်ရာများက စွန့်ထုတ်လိုက်တဲ့အမှိုက်၊ ဈေးများက စွန့်ထုတ်လိုက်တဲ့အမှိုက်နှင့် စာသင်ကျောင်းများ၊ ရပ်ရွာများက စွန့်ထုတ်လိုက်တဲ့အမှိုက်များက အမှိုက်မျိုးစုံပဲ ဖြစ်ပါတယ်။ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှုဟာ ယခုအခါမှာ ကမ္ဘာကြီးကိုခြိမ်းခြောက်နေတဲ့ အကြီးမားဆုံးအရာတစ်ခုဖြစ်ပါတယ်။ ယခုနှုန်းအတိုင်းသွားမယ်ဆိုရင်တော့ ကမ္ဘာပေါ်မှာမြို့များရဲ့ စွန့်ပစ်ပစ္စည်းတိုးလာနှုန်းဟာ ၂၀၂၅ ခုနှစ်မှာ တစ်နှစ်ကို ၂.၂ ဘီလီယံတန်နှုန်း ဖြစ်လာနိုင်ပါတယ်။ လတ်တလောမှာလည်း ရေထဲမှာရှိတဲ့ ဝေလငါးတစ်ကောင်ဟာ ပလပ်စတစ်စွန့်ပစ်ပစ္စည်းစားသုံးပြီးတော့ သေဆုံးသွားတာတွေလည်း ဖြစ်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုပဲ ဖြစ်ပါတယ်။ အဓိကကတော့ အမှိုက်သိမ်းတဲ့စနစ်ကောင်းမွန်ဖို့လိုအပ်ပါတယ်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ရေမြောင်းများပိတ်ဆို့ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် အမှိုက်များပိတ်ဆို့နေမှုများကြောင့် ရေကြီးရေလျှံမှုများကိုလည်း ဖြစ်ပေါ်စေပါတယ်။ မြို့ကြီးများမှ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ပိုမိုများပြားလာပါတယ်။ လူနေအသုံးအဆောင်ပစ္စည်းများလည်း ပိုမိုသုံးစွဲလာတာနှင့်အတူ အမှိုက်စွန့်ပစ်မှုများကလည်း တစ်နေ့တခြား ပိုမိုများပြားလာတယ်။ ရန်ကုန်မြို့တွင်းအမှိုက်သိမ်းဆည်းမှုမှာ နှစ်စဉ်တန်ချိန်ပေါင်းများစွာရှိနေပါတယ်။ အဲဒီထဲမှာလည်း ပလပ်စတစ်မျိုးစုံပမာဏဟာ အတိုင်းအတာတစ်ခုအထိ ပါဝင်နေပါတယ်။ အမှိုက်ခွဲခြားပစ်ရန်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အမှိုက်စနစ်တကျမစွန့်ပစ်တတ်ခြင်းတို့ဟာလည်း သဘာဝအလှတရားကိုထိခိုက်စေသလို ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေပါတယ်။ အမှိုက်ပြဿနာကတော့ ချမ်းသာတဲ့ နိုင်ငံများရော၊ ဖွံ့ဖြိုးမှုနည်းပါးသေးတဲ့ တိုင်းပြည်တွေပါ ကြုံတွေ့နေရပါတယ်။ ချမ်းသာတဲ့နိုင်ငံကြီးတွေကအမှိုက်စွန့်ပစ်မှုပိုများပါတယ်။ ဒါပေမဲ့ သူတို့က စီမံခန့်ခွဲမှု၊ နည်းပညာ၊ ရန်ပုံငွေ၊ လူအင်အား၊ အခြေခံအဆောက်အအုံဥပဒေမူဝါဒဆိုင်ရာတွေ အားကောင်းကြတော့ အမှိုက်ပြဿနာသိပ်မခံစားရဘဲ ဖွံ့ဖြိုးမှုနည်းပါးတဲ့နိုင်ငံတွေက အမှိုက်ပြဿနာ ကြုံရတာများပါတယ်။ အမှိုက်နှင့်ပတ်သက်ပြီးတိုင်းပြည်တိုင်းလိုလို ကျင့်သုံးတဲ့အလေ့အထတစ်ခုကတော့ မီးရှို့ဖျက်ဆီးကြတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက တစ်နှစ်ကိုအမှိုက်တန်ချိန်ပေါင်း ၄၅ သန်းကျော်ထွက်ပါတယ်။ မှတ်တမ်းများအရ ဂျပန်တစ်ယောက်က တစ်နှစ်ကိုအမှိုက် ၃၂၀ ကီလိုပင် ဖြစ်ပါတယ်။ အများဆုံးဟာ ပြင်သစ်က ၁၈၀ ကီလို၊ ဂျာမနီက ၁၄၀ ကီလို၊ အမေရိကန်က ၁၀၀ ကီလို ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ အမှိုက်မီးရှို့ စက်ရုံပေါင်း

၁၂၃၄ ရုံ၊ အမေရိကန်မှာ ၃၅၁ ရုံနှင့် ပြင်သစ်မှာ ၁၈၈ ရုံရှိကြောင်း တွေ့ရှိရပါတယ်။ စင်ကာပူနိုင်ငံမှာတော့ နိုင်ငံသေးငယ်လင့်ကစား လူဦးရေတိုးပွားလာတာနှင့်အညီ အမှိုက်စွန့်ပစ်မှုက အလွန်များပြားပါတယ်။ စင်ကာပူမှာအမှိုက်ရှင်းလင်းရန်အတွက် စီမံချက်ချရေး၊ စီမံခန့်ခွဲရေး၊ အမှိုက်များသုတ်သင်ရှင်းလင်းရေး၊ လိုအပ်သည့်စက်ကိရိယာများ ထောက်ပံ့ရေး၊ အမှိုက်များရှင်းလင်းရေးအတွက် Singapore National Environment Agency(NEA)က လုံးဝဥဿုံတာဝန်ယူထားပါတယ်။ အမှိုက်ရှင်းလင်းရေးအတွက် လိုအပ်တဲ့ လိုင်စင်များထုတ်ပေးရေး၊ အမှိုက်များစုဆောင်းရေးနှင့် တရားမဝင်အမှိုက်စွန့်ပစ်မှုတို့ကို အရေးယူရေးတို့ကို ဆောင်ရွက်နေပါတယ်။ စင်ကာပူအစိုးရအနေနဲ့ အမှိုက်များကိုပြန်လည်အသုံးချရေးအတွက် ဥပဒေနှင့်ပြဋ္ဌာန်းထားတာကိုလည်း သိရှိရပါတယ်။ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာဆိုလည်း အမှိုက်များကို စက်ရုံမှာပြန်လည်ခွဲခြားပြီးတော့ မီးရှို့ကာအပူစွမ်းအင်ထုတ်လုပ်ပြီး မြို့ရဲ့မြေအောက်မှာ အအေးဒဏ်ကိုခံနိုင်ဖို့ အပူလိုင်းပြန်လည်ထုတ်ပေးနေတာကိုလည်းတွေ့ရပါတယ်။ လူဦးရေ ၉.၅ သန်းသာရှိတဲ့ ဆွီဒင်နိုင်ငံဟာ အမှိုက်လိုအပ်မှုပြဿနာနှင့်ကြုံခဲ့ရပါတယ်။ ဥရောပတစ်ဝန်း နော်ဝေတို့လိုအိမ်နီးချင်းနိုင်ငံတို့က တစ်နှစ်ကိုအမှိုက်တန်ချိန် ရှစ်သိန်းလောက်ဝယ်ယူတင်သွင်းနေရပါတယ်။ အမှိုက်ကနေ လျှပ်စစ်ထုတ်ပြီးအနွေးဓာတ်ပေးနေရပါတယ်။ ဆွီဒင်နိုင်ငံက ၁၉၄၀ ခုနှစ်ကစပြီးကို အမှိုက်ကို Recycle လုပ်ငန်းအသုံးချနိုင်ဖို့ ကြိုးပမ်းခဲ့ရပါတယ်။ အခုအချိန်မှာ အမှိုက်အားလုံးလိုလိုအသုံးပြုပြီး ၄ ရာခိုင်နှုန်းလောက်သာ မြေဖို့တဲ့လုပ်ငန်းမှာသုံးနေကြပါတယ်။ စွန့်ပစ်ပစ္စည်းလျှော့ချနိုင်ရေးအတွက် ကိရိယာလို့ခေါ်တဲ့ Reuse, Reduce Recycle တကယ်လုပ်နေပြီးဆိုတာလည်း သုံးသပ်ဖို့လိုပါတယ်။ ကျေးရွာအဆင့်ကိုထား မြို့ပေါ်တွေမှာ ကတယ်လုပ်နိုင်နေပြီးလား။ မြို့နယ်တိုင်းမှာအမှိုက်သိမ်းကား အလုံအလောက်ရှိနေပြီလား။ အမှိုက်သိမ်းကားရောနေရာတိုင်းမှာ သိမ်းပေးနိုင်ရဲ့လား။ အမှိုက်စွန့်ပစ်တဲ့နေရာရော သတ်သတ်မှတ်မှတ်ရှိပြီး စနစ်တကျရှိပြီလား။ နေရာတိုင်းမှာ အမှိုက်ပုံးတွေအလုံအလောက်ရှိနေပြီလား။ သန့်ရှင်းရေးဝန်ထမ်းရောလုံလောက်ရဲ့လား။ တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်နိုင်ရဲ့လားဆိုတာတွေဟာ မေးခွန်းမေးစရာတွေဖြစ်နေပါတယ်။ လူသားတွေအားလုံးဟာ အလွယ်ကူဆုံးလိုက်နာနိုင်တဲ့ နည်းလမ်းကတော့ အမှိုက်တွေကို အမှိုက်ပုံးထဲအရောက် စွန့်ပစ်ကြဖို့ပါပဲ။ အမှိုက်ပုံးကနေ ဘယ်ကိုစွန့်ပစ်မလဲ။ ကျောင်းထဲမှာအမှိုက်ပုံတွေရှိနေကြတယ်။ ကျောင်းသားတိုင်းအမှိုက်ပုံထဲ ထည့်ကြပေမဲ့ အမှိုက်ပုံးထဲကအမှိုက်ကို ကျောင်းခြံကိုသင့်သလို ပစ်နေကြတယ်။ အမှိုက်ကင်းစင်သောကျောင်းလို့ ဆိုင်းဘုတ်တပ်ထားသော်လည်း ပုံးထဲကအမှိုက်ကို ကြုံသလိုပစ်နေကြတာကို အမှိုက်စွန့်ပစ်ခြင်းစနစ်တကျမရှိလိုပါပဲ။ ကျောင်းထဲမှာအမှိုက်စွန့်ပစ်ခြင်း တိကျစွာသတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသများမှာ အမှိုက်ကင်းစင်သောရွာ၊ စံပြရွာဟုဆိုင်းဘုတ်တပ်ထားသော်လည်း တကယ်သန့်ရှင်းရေးရွာဖြစ်ဖို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဆက်စပ်ပြီးတော့ ကျေးရွာအုပ်စုတစ်ခုမှာ တစ်ရွာစံပြသတ်မှတ်ပြီးတော့ အမှိုက်စွန့်ပစ်ခြင်းများကို စနစ်တကျ နမူနာပြပြီးတော့ ပညာပေးဆောင်ရွက်သင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ ဂျပန်၊ စင်ကာပူတို့လောက် အမှိုက်မများသေးပါဘူး။ ဂျပန်လိုအမှိုက်မီးရှို့စက်ရုံတွေလည်း အများကြီးမလိုအပ်ပါဘူး။ အမှိုက်ကိုစနစ်တကျစွန့်ပစ်ဖို့နဲ့ အမှိုက်စွန့်ပစ်မည့် အမှိုက်စုပုံကွင်းများ၊ အမှိုက်စွန့်ပစ်ခြင်းများကို သက်ဆိုင်ရာ အဖွဲ့

အစည်းများက တိကျစွာသတ်မှတ်ပေးပြီး လူတိုင်းပါဝင်နိုင်ဖို့ တာဝန်ရှိသူတိုင်း ဦးစားပေးလမ်းညွှန်လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရေးကို အကြံပြုဆွေးနွေးရင်း မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရှမ်းပြည်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတင်သွင်းသွားတဲ့ နိုင်ငံတော်မှ အမှိုက်စွန့်ပစ်ခြင်းနဲ့ စနစ်တကျထိန်းသိမ်းခြင်းအဆိုနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကမ္ဘာပေါ်မှာရှိတဲ့ လူသန်းပေါင်း ၇၀၀၀ ကျော်ဟာ မိမိသုံးစွဲထားတဲ့အမှိုက်များကို နေ့တိုင်းစွန့်ပစ်နေကြတာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ အမှိုက်ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ့်စနစ်နဲ့ ရှင်းလင်းနေကြရပါတယ်။ မြန်မာနိုင်ငံမှာ ကျွန်မတို့ငယ်စဉ်တုန်းကတော့ အထက်တန်းကျောင်းသားဘဝမှာ အစားအသောက်ကို ဖက်နဲ့ထုပ်တယ်။ ပစ္စည်းများကို စက္ကူနဲ့ပဲထုပ်ပိုးတဲ့အတွက်ကြောင့်ပဲ အဲဒီအချိန်မှာတော့ ပြဿနာမရှိခဲ့ပါဘူး။ ယခုခေတ်မှာ လူဦးရေက နှစ်ဆခန့်တိုးပွားလာပြီးတော့ အသုံးအဆောင်ပစ္စည်းများမှာလည်း သုံးစွဲတဲ့ပစ္စည်းများလည်း ပိုမိုများပြားလာပြီး ပလတ်စတစ်ပစ္စည်းများပါဝင်လာကြပါတယ်။ စွန့်ပစ်အမှိုက်မှာလည်း ပလတ်စတစ်အမှိုက်များ ပိုမိုပါဝင်နေပြီးတော့ လူသားနဲ့သဘာဝပတ်ဝန်းကျင်ကိုဒုက္ခပေးလာတဲ့အတွက် မပျက်မစီးဘဲလည်း ကြာရှည်ရှိနေတဲ့အတွက် ကျွန်မအနေနဲ့ ပလတ်စတစ်အမှိုက်များနဲ့ပတ်သက်၍ အဓိကထားပြီး ဖောင်းပေးဆွေးနွေးလိုပါတယ်။ ပလတ်စတစ်ဟာ နှစ်ပေါင်း ၅၀၀ ကနေ ၁၀၀၀ အထိ မပျက်စီးဘဲ တည်ရှိနေနိုင်ပါတယ်။ ယခုအခါ ပလတ်စတစ်ကို လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းထုတ်ပိုးရာမှာလည်းကောင်း၊ စက်မှုလုပ်ငန်းများမှာလည်းကောင်း၊ နယ်ပယ်အနှံ့အပြားမှာ မဖြစ်မနေအများအပြားသုံးစွဲလာကြပါတယ်။ မြို့ရော၊ တောရောမှာပါ။ ပလတ်စတစ်တွေရောက်ရှိနေပါတယ်။ ပလတ်စတစ်ဟာ အလွန်အသုံးဝင်ပြီး ဈေးပေါတဲ့အတွက်ကြောင့်မို့လို့ အလွယ်တကူသုံးစွဲကြပါတယ်။ သို့သော် ပလတ်စတစ်ဟာ လူနဲ့သဘာဝပတ်ဝန်းကျင်များကို ထိခိုက်ပုံများကို ကျွန်မဆွေးနွေးလိုပါတယ်။

ပလတ်စတစ်ကို အစားအစာနဲ့ရောပြီး သုံးစွဲမယ်ဆိုလို့ရှိရင် ကင်ဆာရောဂါ အမျိုး ၅၀ ကျော်အထိ ဖြစ်ပွားနိုင်ပါတယ်။ အပူနဲ့တွေ့မယ်ဆိုရင် ပလတ်စတစ်ကပြောင်းလဲသွားပြီး အစားအသောက်မှာပျော်ဝင်ပြီးအဆိပ်အတောက်ဖြစ်သွားပါတယ်။ မြေကြီးထဲမှာဆိုလို့ရှိရင် နှစ်ပေါင်းများစွာ မပျက်မစီးဘဲရှိနေတဲ့အတွက်ကြောင့်မို့လို့ မြေဆီလွှာပျက်စီးပြီး မျိုးစေ့၊ သစ်စေ့များ အညှောက်မထွက်နိုင်ဘဲနဲ့ ပျက်စီးတဲ့အတွက်ကြောင့်မို့လို့ စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်စေပါတယ်။ ကျွန်မတို့နိုင်ငံအတွက် ဒီကိစ္စကအရေးကြီးပါတယ်။ ပလတ်စတစ်ပါတဲ့အမှိုက်များဟာ ရေမြောင်းများမှာပိတ်ဆို့ပြီး ရေစီးရေလာထိခိုက်စေပြီး ရေကြီးရေလျှံခြင်းများလည်းဖြစ်စေပါတယ်။ ပလတ်စတစ်အမှိုက်ကြောင့်မို့လို့ မြို့ရဲ့အင်္ဂါရပ်ကိုပျက်စီးပြီး ပလတ်စတစ်တွေဟိုလွင့်ဒီလွင့်နဲ့ ပတ်ဝန်းကျင်ကိုညစ်ညမ်းစေခြင်းအားဖြင့် နိုင်ငံရဲ့ပုံရိပ်ကိုလည်း ထိခိုက်စေနိုင်ပါတယ်။ ပင်လယ်သမုဒ္ဒရာထဲမှာလည်း ပလတ်စတစ်အမှိုက်များဟာ စွန့်ပစ်ရောက်ရှိနေခြင်းကြောင့် ရေနေသတ္တဝါများထိခိုက်ပျက်စီးပြီး နှစ်စဉ်ပင်လယ်ပျော်ငှက်

တစ်သန်းနဲ့ ရေနေသတ္တဝါများ သိန်းချီပျက်စီးပြီး မရေမတွက်နိုင်သောငါးများ သေဆုံးကြရပါတယ်။ ထိုသို့ ပလတ်စတစ်ကြောင့် ရေနေသတ္တဝါများသေဆုံးရခြင်းဟာ လူတို့ဖမ်းဆီးပြီး သေဆုံးရခြင်းထက် ပိုမိုများပြားတယ်လို့ဆိုပါတယ်။ ပလတ်စတစ်ဟာ အချိန်ကြာလို့ရှိရင် Micro အမှုန်လေးများအဖြစ် ပြိုကွဲပြီးတော့ ရေထုနဲ့မြေဆီလွှာထဲရောက်ပြီးတော့ ဓာတုပစ္စည်းအဆိပ်များ စိမ့်ဝင်စေပါတယ်။ ယခု လက်ရှိဒုက္ခပေးနေတဲ့အမှိုက်များကို စနစ်တကျသိမ်းဆည်းခြင်းမရှိဘဲ ရေထု၊ မြေထုထဲမှာ ဆက်လက် စွန့်ပစ်နေမယ်ဆိုရင် ၂၀၅၀ ခုနှစ်ရောက်ရင် ပင်လယ်ပြင်ထဲမှာ ရေနေသတ္တဝါများထက် ပလတ်စတစ် အလေးချိန်ကပိုပြီးများမယ်လို့ ဆိုပါတယ်။ ထိုကြောင့်မို့လို့ ပလတ်စတစ်အမှိုက်များ၊ ပါဝင်ပစ္စည်းများ ကို ယခုမှစပြီး စီမံကိန်းနဲ့ချပြီး အမှိုက်များကို စွမ်းအင်ထုတ်လုပ်ခြင်းများစတဲ့ လုပ်ငန်းများကို စနစ်တကျချမှတ်ပြီးတော့ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ ပလတ်စတစ်သုံးစွဲမှုများကို ထိန်းချုပ်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်သင့်ပါတယ်။ သို့မဟုတ်လို့ရှိရင် ပလတ်စတစ်အမှိုက် များကို ဒီလိုပစ်ထားမယ်ဆိုလို့ရှိရင် နောင်တစ်ချိန်မှာ အဲဒီအမှိုက်များလည်း ပြန်လည်ရှင်းလင်းရခြင်း စရိတ်က ပိုမိုကြီးမားနိုင်ပါတယ်။ ပလတ်စတစ်များကို သုံးစွဲခြင်းနဲ့ပတ်သက်လို့ 5 R ဆိုပြီးတော့ရှိပါ တယ်။ ပလတ်စတစ်သုံးစွဲခြင်းကို ငြင်းဆိုခြင်းဖြစ်ပါတယ်။ ပလတ်စတစ်တစ်ခါသုံးအိတ်ကို မသုံးဘဲနဲ့ အစားအသောက်များကို ဝယ်မယ်ဆိုတည်းက ချိုင့်ထဲထည့်မယ်၊ အိတ်ယူသွားမယ်၊ ခြင်းယူသွားမယ် စသဖြင့် ပစ္စည်းထုတ်ဖို့ယူသွားပြီးတော့ ထည့်သင့်ပါတယ်။ ပစ္စည်းထုတ်ပိုးရာမှာလည်း ပလတ်စတစ်ကို အသုံးဘဲနဲ့ စက္ကူများ၊ သဘာဝဖက်ရွက်များ၊ အဝတ်အိတ်များကို သုံးစွဲသင့်ပါတယ်။ Reused ပြန်လည် အသုံးပြု၍ရသော ပလတ်စတစ်များကိုသန့်စင်၍ ပြန်လည်သုံးခြင်း၊ Reduce ပလတ်စတစ်ပစ္စည်း သုံးစွဲခြင်းကိုလျှော့ချခြင်း၊ ကုန်တိုက်ကြီးများတွင် ပလတ်စတစ်အိတ်များသုံးစွဲမှုကို တားဆီးခြင်း၊ ပလတ်စတစ်ထုတ်လုပ်မှုများကို လျှော့ချခြင်း၊ ပလတ်စတစ်၏ အခွန်ကောက်ခြင်းများဖြင့် ပလတ်စတစ်၏ တန်ဖိုးကိုမြှင့်တင်ခြင်းအားဖြင့် သုံးစွဲမှုကိုလျှော့ချစေချင်ပါတယ်။ Recycle ပလတ်စတစ်ပစ္စည်း အဟောင်းများကို လူသုံးကုန်ပစ္စည်းများအဖြစ် ပြန်လည်သုံးစွဲနိုင်ရန်ထုတ်လုပ်ခြင်း၊ အမှိုက်များကို လည်း စွမ်းအင်အဖြစ်ထုတ်လုပ်ဖို့ ရှေ့ကကိုယ်စားလှယ်ကြီးများပြောပြသလို ကျွန်မလည်း အဲဒီလို အကြံပြုလိုပါတယ်။ စွမ်းအင်အဖြစ် ထုတ်လုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် ယခုကုန်ကျမယ့် စရိတ်ဟာ နောင်အရှည်အတွက်ကောင်းပါတယ်။ နောက်ပြီးတော့ အမှိုက်ကနေမြေသြဇာအဖြစ် ထုတ်လုပ်ရပါတယ်။ ကျွန်မတို့နိုင်ငံအတွက် လိုအပ်ပါတယ်။ ကုန်ကျစရိတ်မရှိပေမယ့် နောင်တစ်ချိန် အတွက် အဆင်ပြေမယ်လို့ ကျွန်မထင်ပါတယ်။ မြေကြီးများကို အမှိုက်ပုံဖို့အသုံးပြုမယ်ဆိုပါက လက်ရှိအခြေအနေမှာ မှန်ကန်ပေမဲ့ ဒီလူဦးရေနဲ့ ထွက်လာတဲ့အမှိုက်ဟာ ရေရှည်ဘယ်လောက်အထိ ဒီလိုလုပ်နိုင်မယ်ဆိုတာ စဉ်းစားစရာရှိပါတယ်။ နောက် ပလတ်စတစ်ပစ္စည်းများကို ပြန်လည်ထုတ်ယူဖို့ အတွက် သုံးစွဲတဲ့နေရာကို ပို့ဖို့လိုပါတယ်။ ပလတ်စတစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ထိန်းသိမ်းမှု မရှိဘဲနဲ့ ပလတ်စတစ်ကပေးတဲ့ဒုက္ခကို လူတွေက တစ်နေ့တစ်ချိန်မှာ ခံစားရပါလိမ့်မယ်။ နောင်လာ နောက်သားမျိုးဆက်များအတွက် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကောင်းများကို ချန်ထား ခဲ့သင့်ပါတယ်။ ပလတ်စတစ်အမှိုက်များကိုအမွေပေးပြီး မချန်ထားသင့်ပါဘူး။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါစွန့်ပစ်တဲ့ ပလတ်စတစ်အမှိုက်များ ဖြစ်ပါတယ်။ ဒါက တိရစ္ဆာန်လေးက အစာမှတ်ပြီးတော့ စားနေတာဖြစ်ပါတယ်။ ဒီသတ္တဝါလေးထိခိုက်နေတဲ့ပုံဖြစ်ပါတယ်။ ဒီလိုမျိုးထိခိုက် နေတဲ့အတွက်ကြောင့်မို့လို့ ဒီစွန့်ပစ်မှုကို သတိထားသင့်ပါတယ်။ ဝေလငါးဗိုက်ထဲက ထွက်လာတဲ့

ပလတ်စတစ်ခွက်၊ ပလတ်စတစ်ပစ္စည်းတွေဟာ ပေါင်ပေါင်း ၁၃ ပေါင်လောက်ရှိပါတယ်။ စည်းကမ်းသည် လူ၏တန်ဖိုးလို့ ဆိုတဲ့အတွက်ကြောင့်မို့လို့ အမှိုက်ပစ္စည်းစွန့်ပစ်ခြင်းကို စနစ်တကျနဲ့စွန့်ပစ်စေဖို့ ပြည်သူများကို နည်းလမ်းပေါင်းစုံ သတိပေးသင့်ပါတယ်။ တာဝန်ရှိလူကြီးများကလည်း စနစ်တကျ စီမံခန့်ခွဲပြီးတော့ အမှိုက်သိမ်းစနစ် ဖွံ့ဖြိုးဖို့လိုအပ်ပါတယ်။ အမှိုက်ပစ်စည်းကမ်းကအစ စာသင်ကျောင်းကဆိုပြီးတော့ ဆောင်ပုဒ်နဲ့ ဆရာဆရာမများကလည်း ကျောင်းသားကလေးများကို ယခုကစပြီး အမှိုက်ပစ်တဲ့ အကျိုးအပစ်များကို ပြောပြီး။

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပြီး မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို လေးစားစွာ ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာကြီးဟာ စက်မှုတော်လှန်ရေးအဆင့်ဆင့်၊ နည်းပညာတိုးတက်မှု အောင်မြင်မှုနှင့် တိုးတက်လာတာပါ။ ကျွန်တော်တို့ရဲ့ နိုင်ငံဟာလည်း ကွဲကူးရေပါဆိုသလို စက်မှုထွက်ကုန်ပစ္စည်းမျိုးစုံ သုံးစွဲခွင့်ရခဲ့ပါတယ်။ အဲဒီမှာ စက်မှုထုတ်ကုန်တွေရဲ့ အကျိုးကျေးဇူးကို ခံစားရသလို စွန့်ပစ်စက်မှုထုတ်ကုန်အညစ်အကြေးရဲ့ ဆိုးကျိုးကိုလည်းပဲ ခံစားလာရပါတယ်။ ဒီအညစ်အကြေး အမှိုက်သိမ်းဆည်းဖျက်ဆီးဖို့ နည်းလမ်း၊ နည်းပညာတွေလည်း လိုအပ်လာပါတယ်။ ဒီလုပ်ငန်းစဉ်အတွက် အမှိုက်စုပုံရာကွင်း၊ အမှိုက်ကျင်းတွေဟာလည်း တစ်ထောင့်တစ်နေရာက အထောက်အကူဖြစ်မှာဖြစ်တဲ့အတွက် အဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောရောမြို့ပါသုံးစွဲနေကြတဲ့ ပလတ်စတစ်ဟာ အကြီးမားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုဖြစ်နေပြီး ဒီသုံးစွဲတဲ့နှုန်းအတိုင်း ဆက်လက်သုံးစွဲသွားမယ် ဆိုလို့ရှိရင် သက္ကရာဇ် ၂၀၅၀ မှာ ငါးသယံဇာတထက် ပလတ်စတစ်က ပိုမိုများပြားနေတဲ့ ပင်လယ်သမုဒ္ဒရာဖြစ်နေတော့မှာလို့ သိရပါတယ်။ ပြီးတော့ စွန့်ပစ်ပစ္စည်းတွေရဲ့ ၅၀ ရာခိုင်နှုန်းလောက်ဟာ ပလတ်စတစ်နဲ့ပြုလုပ်ထားတာဖြစ်တဲ့အတွက် မြေကြီးထဲရောက်ရင် မြေသယံဇာတပျက်စီးပြီး ရေထဲရောက်ရင်လည်း ရေအရင်းအမြစ် အရည်အသွေးကျဆင်းသွားမှာ ဖြစ်ပါတယ်။ အဲဒီကနေ သက်ရှိသတ္တဝါတွေကိုလည်းပဲ ဆိုးကျိုးသက်ရောက်လာမှာ ဖြစ်ပါတယ်။ ဒီအတွက် စွန့်ပစ်အမှိုက်တွေကို စည်းစနစ်တကျ ထိန်းသိမ်းပစ်ကြဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသလို အညစ်အကြေးအမှိုက်တွေကနေ ဝမ်းရောဂါကဲ့သို့သော ဆက်တိုက်ဆိုးကျိုးတွေ ပေးနိုင်ပါသေးတယ်။ အဲဒီအတွက် အမှိုက်ရှင်းခြင်းကို မြို့ရောတောနယ်တွေပါမကျန် အမှိုက်ကျင်းများ၊ အမှိုက်ပစ်ရာနေရာကွင်းများ သတ်မှတ်ပစ်ဖို့ရန်အတွက် တိုက်တွန်းလိုပါတယ်။ အဲဒီလို အမှိုက်ကျင်းတွေရှိခြင်းအားဖြင့် အမှိုက်က ရွှေဖြစ်တယ်ဆိုသလို သဘာဝမြေဆွေးမြေဩဇာရရှိနိုင်တဲ့ အကျိုးရလဒ်တွေကိုလည်းပဲ ရရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ဒီအမှိုက်ကွင်း၊ အမှိုက်ကျင်းတွေမှာ အနံ့အသက်မထွက်ရန် လုပ်ဖို့လိုပါတယ်။ ပိုးသတ်ဖို့ကလည်း လိုပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် ကျွန်တော်တို့ဟာ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးရာမှ ပိုပြီးလေးသွားသလိုဖြစ်မှာဆိုးရပါတယ်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါက ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံချက်ချ

ထားတာတွေ ဖြစ်ပါတယ်။ Power Point ကိုပြောင်းပေးပါ။ ဒါတွေဟာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနကနေပြီးတော့ စီမံချက်ချထားတာတွေ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ မုံရွာမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းလုပ်ရင်းနဲ့ VDP လုပ်ငန်းစီမံကိန်းတွေချမှတ်ရင်းနဲ့ အမှိုက်သိမ်းကော်မတီတွေ ဖွဲ့စည်းပေးခဲ့ တာတွေ ဖြစ်ပါတယ်။ ဒါတွေကတော့ ဒီအနောက်ပျံကျကျေးရွာမှာဆိုရင် တစ်ပတ်ကိုနှစ်ကြိမ် သူတို့ အမှိုက်သိမ်းလုပ်ငန်းစဉ်တွေ လုပ်ဆောင်ကြတာဖြစ်ပါတယ်။ ဒီဟာကတော့ ဒီအမှိုက်ကျင်းနေရာ တွေမှာ စည်းစနစ်တကျမဖြစ်တဲ့အတွက်ကြောင့် ခုနကပြောသလို ဆေးထိုးလိုက်တဲ့အတွက် ပိုလေး သလိုဖြစ်သွားတာ အမှိုက်ကျင်းနေရာတွေမှာ စည်းစနစ်ကျမဖြစ်တဲ့အတွက် အနံ့အသက်တွေ ရှိလာပါတယ်။ နောက်ထပ်တစ်ခါ ဒီနေရာလေးက အလုံနှင့်ကုမုတောင်ကြားက အမှိုက်ကွင်းနေရာ ဖြစ်ပါတယ်။ အဲဒီနားလေးပတ်ဝန်းကျင်မှာဆိုလို့ရှိရင် ဆရာတော်တွေဆိုလို့ရှိရင် ကျွန်တော်တို့ ဆွမ်းဘုဉ်းပေးတာတောင်မှ ခြင်ထောင်ချပြီးတော့ ဆွမ်းဘုဉ်းပေးရတဲ့အခြေအနေရှိပါတယ်။ ဒီအမှိုက်ကျင်းနေရာတွေဖြစ်ဖို့ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ စီမံကိန်းထဲမှာ ပါဝင်ပြီးဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အမှိုက်ကစပြဿဒ်မီးလောင်ဆိုသလို ပြဿနာတွေ တစ်ပုံကြီး ဖြစ်စေနိုင်တာတွေရှောင်ရှားရန် အမှိုက်ကရွှေဖြစ်သကဲ့သို့ဆိုသလို အမှိုက်ကျင်းနေရာတွေ အမှိုက်က ရွှေဖြစ်သလိုဖြစ်ရန်အတွက် အမှိုက်ကျင်းနေရာတွေမှာ သက်သောင့်သက်သာဖြစ်ဖို့ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်းပဲ လုပ်ဆောင်နေပြီဖြစ်တဲ့အတွက်ကြောင့် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းရဲ့အဆိုကို လေးစားစွာ ထောက်ခံဆွေးနွေးအကြံပြု အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးရွှင်လန်းချမ်းမြေ့ပါစေ ကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မချမ်းဘော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်းလုံး ရပ်ကွက်/ကျေးရွာ မကျန် မြို့ပြမကျန် အားလုံးစနစ်တကျ အမှိုက်သိမ်းဆည်းခြင်းဆိုင်ရာအဆိုကို ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့နေရာမှာ သန့်ရှင်းသာယာလှပ ဖို့သာလျှင် အလွန်အရေးကြီးလှပါတယ်။ ယခုအခါ တစ်နိုင်ငံလုံးမှာ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာလုပ်ငန်းစဉ်ရေးဆွဲထားကြောင်း တွေ့ရှိရပါတယ်။ သို့သော် အကောင်အထည် မဖော်နိုင်သေးကြောင်း သိရှိရပါတယ်။ ယနေ့ ဒီမိုကရေစီလမ်းကြောင်းအရ တိုးတက်လာသော ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသီးသီး၌ စိန်ခေါ်မှုအမျိုးမျိုးရှိကြောင်း ကိုလည်း တွေ့ရှိရပါတယ်။ အမှိုက်ပြဿနာနဲ့ပတ်သက်၍ စိန်ခေါ်မှုများကို ဖြေရှင်းကြတာ အမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာစီမံကိန်း(၂၀၂၇-၂၀၃၀) စီမံကိန်းရေးဆွဲထားကြောင်း သိရှိ ရတယ်။ သို့သော် ဒီစီမံကိန်းကို အကောင်အထည်မဖော်နိုင်သေးကြောင်း သိရှိရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုစီမံကိန်းများရေးဆွဲပေမဲ့ တချို့ ဒီနေ့အခြေအနေမှာ တချို့မြို့နှင့် ကျေးရွာများမှာ အမှိုက်များကို ကြုံရာပစ်ခြင်း၊ မြစ်ချောင်းများ၊ မြောင်းများတွင် စွန့်ပစ်ခြင်း စနစ်ကိုသာ ကျင့်သုံးကြောင်းတွေ့ရှိရပါတယ်။ အချို့မြို့နယ်များမှာ အမှိုက်ကားများ၊ အမှိုက်ကျုံးတဲ့ ကားများလည်းမရှိသေးကြောင်း အမှိုက်များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျုံးရန်ဖြစ်ကြောင်း သိရှိရပါတယ်။ ထို့ကြောင့် အခွန်ငွေနည်းပါးသော အမှိုက်ကျုံးကားများမရှိသေးတဲ့ မြို့နယ်များကို လည်း နိုင်ငံတော်မှပံ့ပိုးပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ဥပမာ-ကျွန်တော်တို့ မချမ်းဘောမြို့နယ် မှာ စည်ပင်ဦးစီးကို မေးကြည့်တဲ့အခါမှာ အမှိုက်ကားမရှိဘူးလားဆိုရင် ကျွန်တော်တို့က အခွန်ငွေ နည်းပါတယ်။ ကားမဝယ်နိုင်သေးဘူးတဲ့။ အမှိုက်စုဖို့နေရာကော သတ်မှတ်သလားဆိုရင် သတ်မှတ် တယ်တဲ့။ ဘယ်လောက်ဝေးသလည်းဆိုရင် ၄ မိုင်လောက်ဝေးတယ်။ ဘယ်သူမှအဲဒီနေရာမပို့ဘူး။ ကိုယ့်နည်းကိုယ့်ဟန်နှင့် ကြုံရာပစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှိုက်ပုံးများ၊ အမှိုက်စုပုံကွင်းများ၊ အမှိုက်ကျင်းများကို မြို့ပြကျေးရွာများ မကျန် စနစ်တကျဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေး ကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများသို့ အထက်မှလမ်းညွှန်ပေးသင့်ကြောင်း အကြံပြု လိုပါတယ်။ အမိန့်ညွှန်ကြားချက်များ လိုက်နာမှုမရှိပါက ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့် ဒီလုပ်ငန်းကို အကောင်အထည်ဖော်ဖြစ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ဆုပေး၊ ဒဏ်ပေးစနစ်ဆိုတဲ့နေရာမှာ ဥပမာ-ကျွန်တော်တို့ အရင်တုန်းက ကျောင်းတွေကိုစစ်တဲ့အခါမှာ အသန့်ရှင်းဆုံး၊ အသာယာဆုံး ကျောင်းကို စုပေးခဲ့တယ်။ အဲဒါနဲ့ မကြိုးစားတဲ့ကျောင်းတွေကိုလည်း နမူနာယူမှ တဖြည်းဖြည်း တိုးတက်လာတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီနေရာမှာ ကျွန်တော် ဆွေးနွေးချင်တာက ယခု အသန့်ရှင်းဆုံးကျေးရွာ၊ အသန့်ရှင်းဆုံးမြို့နယ်ဆိုမှ ဒီဟာတွေကို ဆုပေးပြီးတော့မှ ဂုဏ်ပြုသင့်ကြောင်း ဒီလိုလုပ်မှ သာလျှင် ဒီလုပ်ငန်းဟာအောင်မြင်လာမယ်လို့ ကျွန်တော် ယူဆမိပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာက မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်င်းဆိုင်ဟိန်း တင်သွင်းတဲ့ တစ်နိုင်ငံလုံး ရပ်ကွက်/ကျေးရွာမကျန် စနစ်တကျ အမှိုက်သိမ်းဆည်းစွန့်ပစ်ခြင်း ဆိုင်ရာအဆိုကို သေသေချာချာစဉ်းစားပြီးမှ အတည်ပြုသင့်ကြောင်း အကြံပြုရင်း နိဂုံးချုပ်ပါတယ်။

## ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါ်င်းဆိုင်ဟိန်း

အဆိုပြုတင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကနဦးအနေနဲ့ ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်အားထက်သန်စွာ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ အမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် စီမံချက်ချမှတ်ပြီးတော့ အမှိုက်ကျင်းများ၊ အမှိုက်စုပုံကွင်းများ၌ စနစ်တကျစွန့်ပစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အမှိုက်စွန့်ပစ်ကျင်းများ၊ အမှိုက်စုပုံကွင်းများအတွက် မြေပိုင်ဆိုင်မှုမရှိသေးတဲ့မြို့များနဲ့ တိုးတက်လာမယ့်လူဦးရေအပေါ်မူတည်ပြီး ထွက်ရှိလာမယ့်အမှိုက်များအတွက် စွန့်ပစ်မြေနေရာများ ကြိုတင်လျာထားပြီးတော့ လုံလောက်တဲ့ အမှိုက်စုပုံကွင်းများ၊ အမှိုက်စွန့်ပစ်ကျင်းများ ထားရှိမယ့်မြေနေရာရရှိရေးအတွက် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ အဖွဲ့ရန်ပုံငွေဖြင့် ကြိုတင်ဝယ်ယူခြင်း၊ ရန်ပုံငွေလျာထားခြင်းစတဲ့နည်းလမ်းများနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စွန့်ပစ်အမှိုက်များ စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက်လည်း အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ချေးငွေနဲ့ မော်လမြိုင်မြို့မှာ ခေတ်မီအမှိုက်သိမ်းဆည်းခြင်းစနစ်နဲ့ အမှိုက်ကျင်းတွင် အမှိုက်ဖျက်ဆီးစက်ရုံတည်ဆောက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၆၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၁၄ တို့တွင်လည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီးမှ Power Point မှာ တင်ပြထားပါအတိုင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာနဲ့ ဒုတိယသမ္မတ(၁) နာယကအဖြစ်ဦးဆောင်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါဗဟိုကော်မတီအောက်မှာ ဖွဲ့စည်းထားတဲ့လုပ်ငန်းကော်မတီခြောက်ခုအနက် တစ်ခုဖြစ်တဲ့ စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီမှာ တိုင်းဒေသကြီး/ပြည်နယ်များ၏ စည်ပင်သာယာရေးတာဝန်ခံများကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပြီးတော့မှ လမ်းညွှန်ချက်များချမှတ်ရန် အပါအဝင်လုပ်ငန်းတာဝန်(၁၁)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းကော်မတီရဲ့အစည်းအဝေးကိုလည်း ဗဟိုကော်မတီအစည်းအဝေးကျင်းပတဲ့ကာလနှင့်အညီ လေးလတစ်ကြိမ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၁-၈-၂၀၁၇ ရက်နေ့မှာကျင်းပတဲ့ အဆိုပါလုပ်ငန်းကော်မတီရဲ့ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ပြည်နယ်အဆင့် မြို့တော်/မြို့ကြီးများနှင့် စက်မှုဇုန်များဆိုင်ရာ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်(Solid Waste Management Action Plan)များ ရေးဆွဲဆောင်ရွက်ရန် စက်မှုစီမံကိန်းများ၊ မြို့ပြနဲ့ ရပ်ရွာများရဲ့ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီမှ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

**မူကြမ်း**

လက်ရှိအချိန်မှာလည်း အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မအစီအစဉ်(၂၀၁၈-၂၀၃၀) နောက်ဆုံးမူကြမ်းအဆင့် ရေးဆွဲဆောင်ရွက်ထားရှိပြီး ပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်သွင်းတဲ့အဆိုဟာ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မအစီအစဉ်ကို ပြဋ္ဌာန်းအကောင်အထည်မဖော်နိုင်သေးခင်မှာ ကြားကာလအတွက် အရေးကြီးတဲ့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ထို့အတွက်လည်း ၂၈-၉-၂၀၁၈ ရက်နေ့မှာ ပြုလုပ်တဲ့ (၆)ကြိမ်မြောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့မှ တင်ပြခဲ့ရာမှာ ဗဟိုကော်မတီမှ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပလတ်စတစ်အပါအဝင်အမှိုက်များ စနစ်တကျသိမ်းဆည်းစုစည်း စွန့်ပစ်ခြင်းဆိုင်ရာလမ်းညွှန်ချက်တစ်ရပ် ချမှတ်ဆောင်ရွက်ရန်ဆိုပြီးတော့မှ ဗဟိုကော်မတီ၏ရှေ့လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဆုံးဖြတ်ချက်နှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တင်ပြပါအဆိုကို မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ပေးပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ကမ္ဘာပေါ်မှာ ထုထည်ပမာဏအားဖြင့် ဆုတ်ယုတ်လျော့နည်းခြင်းမရှိဘဲ တစ်နေ့တခြားပွားများလာတဲ့လူဦးရေနှင့်အတူ ဒီစွန့်ပစ်ပစ္စည်းအမှိုက်များဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ များပြားလာပါတယ်။ ပညာရှင်တွေရဲ့ခန့်မှန်းချက်အရ ၂၀၁၆ ခုနှစ် တစ်ကမ္ဘာလုံးထွက်ရှိတဲ့ စွန့်ပစ်ပစ္စည်းအမှိုက်များဟာ မက်ထရစ်တန်ပေါင်း ၃.၈ ဘီလီယံကနေ ယနေ့ ၂၀၁၇ ခုနှစ် စစ်တမ်းအရဆိုရင်တော့ မက်ထရစ်တန်ပေါင်း ၈.၃ ဘီလီယံအထိ အံ့သြဖွယ်ရာ တိုးတက်များပြားလာတာ သိရပါတယ်။ ဒီစွန့်ပစ်ပစ္စည်းများရဲ့ ကိုးရာခိုင်နှုန်းကို Recycle ပြန်လည်ပြုလုပ်နိုင်ပြီးတော့မှ ၁၂ ရာခိုင်နှုန်းကိုတော့ မီးရှို့ဖျက်ဆီးနိုင်ကြောင်း သိရှိရပါတယ်။ ဒီတော့ တိုးတက်ပြောင်းလဲလာတဲ့ ၂၁ ရာစုခေတ်ကြီးမှာ ကျွန်တော်တို့ လူတိုင်းလူတိုင်း အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်ဖို့လိုသလို စွန့်ပစ်ပစ္စည်းအမှိုက်တွေကိုလည်း စနစ်တကျပြန်လည်ဖျက်သိမ်းပစ်ရမှာဖြစ်ပါတယ်။ စုပေါင်းပြီးမှ မီးရှို့တဲ့စနစ်၊ ရေထဲပစ်ချတဲ့စနစ်ကနေ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒီအမှိုက်ကိစ္စနဲ့ပတ်သက်တဲ့အဆိုတစ်ရပ်ကို လွန်ခဲ့တဲ့ ပဉ္စမပုံမှန်အစည်းအဝေး ပြည်သူ့လွှတ်တော်မှာ ကျွန်တော် တင်သွင်းရန်ကြိုးစားခဲ့ပေမဲ့ မေးခွန်းအဆင့်ထိနဲ့သာ ရရှိခဲ့လို့ ယခုလိုအဆိုတစ်ရပ်အဖြစ် ပြန်လည်တင်သွင်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနှင့်ပတ်သက်တဲ့ အနှစ်ချုပ် Power Point လေးကို အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါအနာဂတ်ကာလမှာ ကျွန်တော်တို့မျှော်မှန်းရမယ့် အမှိုက်စွန့်ပစ်ကျင်းစနစ်မျိုးဖြစ်ပါတယ်။ ဒီအဆင့်အထိရောက်အောင် ကျွန်တော်တို့က ယခုကတည်းကနေ ကျွန်တော်တို့ ကြိုတင်ပြင်ဆင်မှုတွေ မဆောင်ရွက်နိုင်ခဲ့ရင် ဒါ အနှစ် ၃၀ မကလို့ ဟိုဘက်လည်း ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ဒါစနစ်တကျခွဲခြားပြီးမှ အမှိုက်တွေကို ဖယ်ရှားထားတဲ့ အမှိုက်တွေ၊

ခွဲခြားထားတဲ့အမှိုက်တွေကို စနစ်တကျစွန့်ပစ်အလွှာလိုက် မြေသိပ်ပြီးတော့မှ အနှစ် ၄၀၊ ၅၀ သုံးစွဲနိုင်တဲ့အမှိုက်ကျင်းစနစ်မျိုးတွေ ဖော်ဆောင်သွားရမှာ ကျွန်တော်တို့ မျှော်မှန်းရမယ့်ကိစ္စဖြစ်ပါတယ်။ အခုလက်ရှိ အမှိုက်ပုံးလေးတွေ တွင်တွင်ကျယ်ကျယ်သုံးစွဲလာတာ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရမှာဖြစ်ပါတယ်။ စာသင်ကျောင်းတွေ၊ အများလူထု ဈေးတွေ၊ ကျောင်းတွေ၊ ရုံးတွေမှာ အမှိုက်ပုံးတွေများများ တွေ့ရတာဖြစ်ပါတယ်။ အလယ်က ပုံးပေါက်ပါတဲ့အမှိုက်ကတော့ ခွဲခြားပစ်တဲ့စနစ် အစို၊ အခြောက် Fundamental စသဖြင့် အဲဒီစနစ်အဆင့်မျိုးရောက်နေအောင် ကျွန်တော်တို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါ ယခုလက်ရှိဆိုရင်တော့ သဘာဝပတ်ဝန်းကျင်သာမက ရပ်ကွက် အိမ်အခြေတွေမှာဖြစ်သလို စွန့်ပစ်ထားတဲ့အမှိုက်တွေဟာ အခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆွေးနွေးသွားသလို လွှတ်တော်အတွင်းရော၊ လွှတ်တော်ပြင်ပရော၊ ပုဂ္ဂိုလ်များရော ဘယ်သူမှငြင်းပယ်လို့မရတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတဲ့အမှိုက်နေရာကို ကျွန်တော်ပြသလိုပါတယ်။ ရှမ်းပြည် ကလောအတက်မှာ View Point သဘာဝရှုခင်းနေရာမှာ နိုင်ငံခြားသားတွေလည်းရောက်တယ်။ ခရီးသွားတွေလည်း ရောက်တယ်။ ဒီနေရာမှာ လျှိုခင်းနက်တဲ့နေရာကို အမှိုက်တွေစုပုံပစ်ထားတယ်။ အမှိုက်ပုံကြီးက အနံ့တွေထွက်လို့ အခုတော့ သိမ်းဆည်းပြီးတော့မှ တစ်နိုင်တစ်ပိုင် သူတတ်နိုင်တဲ့ တားမြစ်ချက်လေးနဲ့ မေတ္တာရပ်ခံထားတဲ့ ဆိုင်းဘုတ်လေးတွေဖြစ်ပါတယ်။ ဒါက လက်ရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်ဆိုတဲ့ ရပ်/ကျေးတွေကို ဒါ ကျွန်တော်တို့မြို့နယ်မှာ ဆောင်ရွက်ခဲ့တာ ဘာထူးသလဲ။ လောလောဆယ် အမှိုက်ပဲကောက်တယ်။ ဘယ်လိုစနစ်နဲ့ကောက်သလဲ။ တစ်လကို အနည်းဆုံးတစ်ရွာ၊ အများဆုံးငါးရွာနဲ့ကောက်တယ်။ တစ်လမှာ တစ်ရက်တည်းကောက်တယ်။ ကောက်လာတဲ့အမှိုက်တွေ ဘယ်မှာသွားပစ်မလဲ။ ထုံးစံအတိုင်း ရွာအပြင်မှာပဲ ပုံပါတယ်။ ဒီတော့ ဒီအမှိုက်တွေဟာ ဘယ်မှမရောက်သွားပါဘူး။ ဒါ ဒီစနစ်ကိုလည်း ကျွန်တော် တင်ပြလိုပါတယ်။ ဒီတော့ ကျွန်တော်တို့ အဓိကလိုအပ်နေတာ အမှိုက်စုပုံကွင်း၊ အမှိုက်စွန့်ပစ်ကျင်းတွေဖြစ်တယ်ဆိုတာ ဒါ ငြင်းပယ်လို့မရပါဘူး။ ဆွဲထားတဲ့ မဟာဗျူဟာစီမံကိန်းထဲမှာလည်း ပါတယ်ဆိုတာလည်း သိရပါတယ်။

ယခု ကျွန်တော် တိုက်တွန်းထားတဲ့ တိုက်တွန်းချက်ဟာ အောက်ခြေအဆင့်ယန္တရားဖြစ်တဲ့ ပြည်သူလူထုနဲ့ထိတွေ့နေတဲ့ အဖွဲ့အစည်းတွေကို တိုက်တွန်းပေးဖို့ တိုက်တွန်းချက်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဦးစားပေးလမ်းညွှန်ချက် တိုက်တွန်းပေးဖို့ဖြစ်ပါတယ်။ ဒါက ဘတ်ဂျက်တင်တောင်းတာလည်း မဟုတ်ဘူး။ ဘတ်ဂျက်ကုန်ရန်ကိစ္စလည်း မဟုတ်ပါဘူး။ ဒါဟာ ကျွန်တော်တို့ ဆောင်ရွက်ဖို့ လိုအပ်နေတယ် ဒါကိုတော့လုပ်လိုက်ပါ။ ခုနတုန်းက အမှိုက်တွေတော့ကောက်နေတယ်။ ဘယ်မှာပစ်မတုန်း။ ဒီတော့ စီမံကိန်းမဟာဗျူဟာအောင်မြင်အောင် ဖော်ဆောင်နိုင်သည်ဖြစ်စေ၊ မဖော်ဆောင်နိုင်သေးမီ စပ်ကြားကာလမှာ အရေးအကြီးဆုံးမရှိမဖြစ်သည် ဒီဟာတွေဖြစ်ပါတယ်။ ခုနတုန်းက ဝန်ကြီးရှင်းပြသွားတာ အမှိုက်ပုံ၊ အမှိုက်ကျင်း မြေနေရာမရှိတဲ့မြို့နယ်တွေအတွက် ဝယ်ပေးဖို့ ဘတ်ဂျက်ရန်ပုံငွေတွေ စီစဉ်ထားတယ်ဆိုတာ ဝမ်းသာပါတယ်။ ဥပမာ - ကျွန်တော်တို့မြို့နယ်တွေကတော့ အမှိုက်ကျင်းရရှိဖို့ တင်တောင်းထားတာ သုံး၊ လေးနှစ်ရှိပြီ။ စည်ပင်နဲ့လည်းဆိုင်တယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှာလည်းဆိုင်တယ်။ မြို့တိုင်း၊ ရွာတိုင်း။ ခုနတုန်းက ညောင်ရွှေကိုယ်စားလှယ်ရှင်းလင်းသွားတယ်။ အင်းထဲမှာ အမှိုက်ကျင်းမြေနေရာတောင်းတယ် ခွင့်မပြုဘူး။ ယနေ့အချိန်ထိ

မရဘူး။ ဒီလို အလားတူ ရပ်ကွက်/မြို့ရွာတွေ အများကြီးရှိပါတယ်။ မြေရှိရက်သားနဲ့ ဘာဖြစ်လို့မကျ နိုင်တာလဲ။ ခုနတုန်းကပြောနေတဲ့ ကျွန်းမြေစနစ်တွေဘာတွေက ဒါကြောင့် ကြန့်ကြာတာလား၊ ဘယ်လိုပဲကြန့်ကြာကြန့်ကြာ၊ နိုင်ငံတော်က ဘဏ္ဍာငွေနဲ့ပဲရှာပေးရှာပေး၊ မိမိအစီအစဉ်နဲ့ပဲ ရှာပေးရှာပေး အဓိကနံပါတ်(၁) လိုအပ်ချက်သည်အမှိုက်ပုံ၊ အမှိုက်ကျင်းဖြစ်တယ်ဆိုတာကို တင်ပြလို ပါတယ်။ ဒါကြောင့် အမှိုက်တွေကို ကျွန်တော်တို့အားလုံးကိုယ်စီကိုယ်စီ ပါဝင်ဆောင်ရွက်ကြမှပဲ ကျွန်တော်တို့ အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာတော့ ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီးမှ သုံးကြိမ်သုံးခါသာ အမှိုက်ကို သိမ်းဆည်းခဲ့တာတွေ၊ ရှင်းလင်းခဲ့တာတွေရှိပါတယ်။

လေးစားအပ်ပါတဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုအပေါ်မှာ စိတ်အားထက်သန်စွာ လိုက်ပါပြီးတော့မှ ဆွေးနွေးပံ့ပိုးပေး ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တိုင်းကတော့ အစိုးရကို တိုက်တွန်းနှိုးဆော်ထားတဲ့အဆိုများကို အတည်ပြုပေးစေချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါမှလည်း လွှတ်တော်မှာ အဆိုတင်သွင်းရကျိုးနပ်ပြီးတော့မှ ကျွန်တော်တို့ အချိန်ကုန် ဆွေးနွေးရမှုတွေလည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ ကျွန်တော်တင်တောင်းတဲ့အဆိုသည်၊ ကျွန်တော် တိုက်တွန်းချက်အဆိုသည်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နောက်ဆုံးတစ်ခုပါပဲ။ အတည်ပြုရန်ဟုတ်/မဟုတ် သဘောထား ပြောပါ။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်၏အဆိုကို အတည်ပြုပေး ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးပြီး သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်သင့် ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကတော့ အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဆိုရှင် သဘောကွဲလွဲတဲ့အတွက် ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်ပေါ်မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်စောင့်ကြည့်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲ ၁၇၂ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၇၉ မဲနှင့် ကြားနေဆန္ဒမဲ ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းတဲ့ အဆိုကို မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ စတင်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၃း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ (၄.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Linn | U Kyaw Aung Lwin




U Sai Kyaw Moe | U Kyaw Linn




U Kyaw Linn | U Kyaw Htay




U Kyaw Linn | Daw Thandar




U Kyaw Linn | U Pe Than




U Kyaw Shwe | U Kyaw Linn

pyithu.hluttaw.mm



U Kyaw Linn



Daw Ni Ni May Myint

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်